# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၁၂၃)


**တပ်မက်မှုကို စွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**

# ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် ပြည်သူများ၏ လိုအပ်ချက်နှင့် ပြည်သူတို့၏အသံကိုပါ နားထောင်၍ ပူးပေါင်းဆောင်ရွက်ကြရမည်



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကော်မတီအတွင်းရေးမှူး၊ ကော်မတီအကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆





**ပြည်ထောင်စုအစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးမြှင့်တင်လျက်ရှိ**

ပြည်သူ့လွှတ်တော် စာ » ၆





**ဘူးသီးတောင်နှင့် မောင်တောဒေသ တို့တွင် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

အမျိုးသားလွှတ်တော် စာ » ၇


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# တိုင်းပြည်၏ ပကတိ အခြေအနေနှင့် ရွေးချယ်ရမည့်နည်းလမ်း

နိုင်ငံပိုင်သတင်းစာတို့မရှိသင့်ဟု ပြောဆိုမှုများကြားနေရသည်မှာ အချိန်အတော်ကြာနေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံပိုင်သတင်းစာတို့ရှိသင့်၊ မရှိသင့်ကို ဆွေးနွေးသုံးသပ်ရန်လိုအပ်လာပါသည်။ မြန်မာနိုင်ငံသည် မှားယွင်းသောစနစ်၊ လွဲမှားသော အုပ်ချုပ်မှုတို့ကို နှစ်ပေါင်းများစွာကြုံတွေ့ရင်ဆိုင်ခဲ့ရပါသည်။ ဤသမိုင်းအမွေဆိုးကြောင့် တိုင်းပြည်နှင့်လူမျိုး ရင်ဆိုင်ရလျက်ရှိသော ပြဿနာတို့သည် အနန္တဟု ပြောရမည် ဖြစ်ပါသည်။ အနန္တဟူသော အတိုင်းအတာကို စုဝေး ဖြစ်ပေါ်စေသည့် ပြဿနာတစ်ခုချင်းတစ်ခုချင်း၌လည်း ချင့်ချိန်သုံးသပ်ရမည့် မျက်နှာစာတို့က များစွာရှိနေပါသည်။ ချင့်ချိန်သုံးသပ်သော မျက်နှာစာ (တစ်နည်း) ကြည့်ရှုသော ရှုထောင့်မတူညီခြင်းကြောင့် ကွဲပြားသော သဘောထားအမြင်တို့ ဖြစ်လာနိုင်ပါသည်။ အမျိုးမျိုးအဖုံဖုံသော မတူကွဲပြားသည့် သဘောထားအမြင်တို့ရှိနေသည့် ပစ္စုပ္ပန်ကာလ၌ တိုင်းပြည်ရေးကို တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားတို့အတွက် ဖြစ်သင့် ဖြစ်ထိုက်သော သဘောထားအမြင်တို့ကို ရှင်းလင်းတင်ပြရန် လိုအပ်ပါသည်။ ပြည်တွင်း ပြည်ပ ပယောဂပေါင်းစုံ ဝင်ပူးလျက်ရှိသော ရခိုင်ပြည်နယ်အရေး၌ ဤလိုအပ်ချက်ကို ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပါသည်။ ဤကဲ့သို့သော အနေအထား၌ နိုင်ငံပိုင်သတင်းစာတို့ရှိနေခြင်းသည် တိုင်းပြည်၏ လိုအပ်ချက်ကို ထင်ဟပ်ဖော်ဆောင်လိုက်ခြင်းသာ ဖြစ်ပါသည်။

ပြည်တွင်းပုံနှိပ် မီဒီယာလောကရှင်သန်ဖွံ့ဖြိုးရန် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ပြုသင့်ကြောင်း ဆွေးနွေးမှုတို့ကိုလည်း ကြားသိရပါသည်။ ဤဆွေးနွေးမှုနှင့် ဆက်စပ်၍လက်ရှိ၌ ပြည်တွင်းပုံနှိပ်မီဒီယာလောက ရှင်သန်ဖွံ့ဖြိုးမှုအားနည်းနေခြင်းသည် ကုန်သွယ်လုပ်ငန်းခွန်ကြောင့်ဟုတ်၊ မဟုတ် သုံးသပ်ရန် လိုအပ်သည်ဟု ယူဆပါသည်။ ဤကိစ္စနှင့် ဆက်စပ်၍ တစ်ဖက်၌ ကုန်သွယ်လုပ်ငန်းခွန်တို့ အဆုံးရှုံးခံလိုက်သည့်အတွက် တခြားတစ်ဖက်၌ ပြည်တွင်းပုံနှိပ်မီဒီယာလောက သိသိသာသာအားကောင်းလာခြင်းရှိ၊ မရှိကို သုံးသပ်ရမည်ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်တွင်းပုံနှိပ် မီဒီယာလောကမှ ရရှိသောကုန်သွယ်လုပ်ငန်းခွန်ပမာဏသည် ငွေကျပ်သန်း ၆၀၀ ကျော်ရှိသည်ဟု သိရှိရပါသည်။ တိုင်းပြည်လိုအပ်ချက်ကိစ္စအရပ်ရပ်ကို လိုငွေပြလျက်ရှိသော ဘတ်ဂျက်ဖြင့် ထိန်းသိမ်းဆောင်ရွက်နေရသော ပစ္စုပ္ပန်ကာလ၌ အခွန်အကောက်တို့ ထပ်မံအဆုံးရှုံးခံခြင်းသည် မှန်ကန်သော နည်းလမ်း ဟုတ်၊ မဟုတ်ကိုလည်း သုံးသပ်ရမည် ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်း နည်းလမ်းမဟုတ်သော တခြားသော နည်းလမ်းတို့ဖြင့် ပြည်တွင်းပုံနှိပ်မီဒီယာလောက ရှင်သန်ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မည့် အခြေအနေတို့ကိုလည်း သုံးသပ်ရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တင်ပြရပါက ပြည်တွင်းပုံနှိပ်မီဒီယာ လောက၏ လက်ရှိဖြန့်ချိရေးစနစ်ကို တခြားပိုမိုကောင်းမွန်သောစနစ်တစ်ရပ်ဖြင့် အစားထိုးခြင်းက ပြည်တွင်းပုံနှိပ်မီဒီယာလောကရှင်သန်ရေးအတွက် အထောက်အပံ့ပြု၊ မပြု ဆိုသည်ကိုလည်း ထည့်သွင်းသုံးသပ်သင့်ပါသည်။ ပြည်တွင်းပုံနှိပ်မီဒီယာလောက ရှင်သန်ဖွံ့ဖြိုးရေးအတွက် ခေတ်မီစက်ပစ္စည်း ကိရိယာတို့အသုံးပြုနိုင်ရေးကို နိုင်ငံတော်အစိုးရက တစ်နည်းတစ်ဖုံ ပံ့ပိုးပေးခြင်း၊ လူထုအကျိုးပြုဂျာနယ်၊ မဂ္ဂဇင်းစာအုပ်တို့ကို ကျောင်းစာကြည့်တိုက်များ အပါအဝင် နိုင်ငံအတွင်းရှိ စာကြည့်တိုက်တိုင်း၌ ဝယ်ယူထားရှိခြင်း အစရှိသော နည်းလမ်းတို့သည်လည်း ထည့်သွင်းသုံးသပ်သင့်သော နည်းလမ်းများဖြစ်သည်ဟု ယူဆပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံပိုင်သတင်းစာ ကိစ္စရပ်ကို ကြည့်သည်ဖြစ်စေ၊ ပြည်တွင်းပုံနှိပ်မီဒီယာလောက ရှင်သန်ဖွံ့ဖြိုးရေးကို ကြည့်သည်ဖြစ်စေ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသော နည်းလမ်းတို့ကိုသာ ရွေးချယ်ရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကျေးရွာလေးရွာ ရေပေးဝေရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ချောင်းဆုံ ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာလေးရွာ ရေပေးဝေရေး စီမံကိန်းအတွက် ရေရရှိနိုင်မည့် နည်းလမ်းများ ဖော်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဦးစီးမှူး ဦးရဲဝင်းက ရေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ကျေးရွာရေကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး လုပ်ငန်းလွှဲပြောင်း လက်ခံမှတ်တမ်းကို ကျေးရွာ ကော်မတီဝင်များထံ ပေးအပ်သည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကျေးရွာလေးရွာ ရေပေးဝေရေးစီမံကိန်းလုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဗထူး**

# စေတီတော်နှစ်ဆူတွင် ထိုင်းနိုင်ငံမှ သံဃာတော်များက ကြေးမောင်းကြီး တစ်လုံးစီ လာရောက်လှူဒါန်း

**သထုံ ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်မြသပိတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးတို့၌ ကြေးမောင်းကြီး တစ်လုံးစီကို ထိုင်းနိုင်ငံ ကျဝတက်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်သံဃာတော်များက ဇန်နဝါရီ ၂၉ ရက်က လာရောက်လှူဒါန်းထားရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် လအနည်းငယ်ခန့်က မြန်မာနိုင်ငံရှိ စေတီတော်များအား လာရောက်ဖူးမြော်ခဲ့ပြီး သထုံမြို့ရှိ ရွှေစာရံစေတီတော်နှင့် မြသပိတ်စေတီတော်တို့အား ကြည်ညိုသဖြင့် ဆရာတော်များနှင့် တိုင်ပင်ကာ လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ ကျဝတက်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ကိုယ်စား လာရောက်လှူဒါန်းသူ မြဝတီမြို့နယ် ရွှေကုက္ကို မလွှမ်းပိုတောင်ပေါ်ရှိ မြရေတံခွန်တောရကျောင်းမှ ဆရာတော် ဦးသုဘောဂက မိန့်ကြားသည်။

“ဒီကြေးမောင်းတွေကို ထိုင်းမှာ သွန်းလုပ်ပြီး ခက်ခက်ခဲခဲ သယ်ဆောင်လာတာပါ၊ ကြေးမောင်း နှစ်ခုလုံးမှာ အာဆီယံအမှတ်အသားတွေ ရေးထားတယ်၊ သဘောကတော့ အာဆီယံနိုင်ငံတွေ တစ်စုတစ်စည်းတည်းရှိတဲ့အဓိပ္ပာယ်ပေါ့၊ ဒီကြေးမောင်းကို တီးလိုက်ရင် အာဆီယံဒေသတစ်ခုလုံး အေးချမ်းသာယာမှုရမယ်လို့ ယုံကြည်ပါတယ်”ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

အဆိုပါ ကြေးမောင်းကြီးနှစ်လုံး အနက် ရွှေစာရံစေတီတော်တွင် လှူဒါန်းသော ကြေးမောင်းကြီးမှာ ၁၅ ပေ ပတ်လည်အချင်းရှိပြီး မြသပိတ်စေတီတော်တွင်ထားရှိမည့် ကြေးမောင်းမှာ ၁၀ ပေ ပတ်လည် အချင်းရှိကာ ကြေးမောင်းနှစ်လုံးမှာ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၄၀ ကျော်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



ထင်သာမြင်သာ ပြုပြင်စရာ

## မော်တော်ယာဉ်များ လမ်းမပေါ်၌ ပိတ်ဆို့ရပ်ထားခြင်းမှ ရှင်းလင်းပေးစေလို



ပဲခူးမြို့နယ် ဘုရားကြီးမြို့အမှတ် ၂ ရပ်ကွက် မင်းလမ်းတွင် ညမိုးချုပ်မှ မိုးလင်းအထိ မော်တော်ယာဉ်များ လမ်းပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ် သုံးထပ်ရပ်ခြင်း၊ ကားမောင်း၍မရသည်ထိ လမ်းပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ခြင်း၊ လမ်းဆုံမီးပွိုင့်မှ အ.ထ.က စာသင်ကျောင်းရှေ့ ထိ လမ်းပိတ်ခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုနှင့် လမ်းသူ လမ်းသားများ ညဘက်ဆူညံသံများကြောင့် အိပ်မရဖြစ်ပြီး ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာက ရှင်းပေးစေလိုကြောင်း မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အဆိုပါမော်တော်ယာဉ်များ လမ်းပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ် သုံးထပ်ရပ်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေပါသဖြင့် လမ်းပိတ်ဆို့မှုများ၊ အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုခိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၁-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၉ |
| တရုတ် | တစ်ယွမ် | ၂၀၉ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏(၁/ ၂၀၁၈) ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ရေနှင့် ဆက်နွယ်သည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ်များကိုထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့တွင် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးများ၏ ညှိနှိုင်း ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အများစုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် လုပ်ငန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**တတ်စွမ်းသမျှ ကြိုးပမ်း**

ယခင် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းများကို မိမိတို့လုပ်ငန်းလျာထားချက်များ၊ စီမံကိန်းများနှင့် ညှိနှိုင်း၍ တတ်စွမ်းသမျှ ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**သမိုင်းမှတ်တမ်းတစ်ခု**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ညီလာခံတွင် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပြီး အခမ်းအနားရလဒ်အဖြစ် ရန်ကုန် ကြေညာစာတမ်း (Yangon Declaration) ကို ထုတ်ပြန် ကြေညာနိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ကိုမြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းမှာ မိမိတို့အားလုံးအတွက် ဂုဏ်ယူဖွယ် သမိုင်းမှတ်တမ်း တစ်ခုအဖြစ် ကျန်ရှိနေမည် ဖြစ်ပါကြောင်း။

**ထည့်သွင်းစဉ်းစား**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် မိမိတို့နိုင်ငံ၏ ရေကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရာတွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတွင် ထုတ်ပြန်ခဲ့သည့် ရန်ကုန်ကြေညာစာတမ်းပါအချက်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာရေ သယံဇာတ ဆယ်စုနှစ် (၂၀၁၈-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**နေပြည်တော်၌ ကျင်းပ**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် နှစ်စဉ်မတ်လ ၂၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့ (World Water Day) အထိမ်းအမှတ်အခမ်းအနားများ ကြီးမှူးကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ ၂၀၁၈ (World Water Day 2018) အထိမ်းအမှတ် Seminar ဟောပြောဆွေးနွေးပွဲနှင့် ပြပွဲအခမ်းအနားများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည် ဖြစ်ပါကြောင်း။

ကော်မတီအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့နိုင်ငံအတွက် ထိရောက် အကျိုးရှိစေမည့်



ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင် ဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဆွေးနွေးစဉ်။

လုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

ဝန်ကြီးဌာန အဖွဲ့အစည်းများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းများအပါအဝင် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်း ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပိုမိုထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ဝိုင်းဝန်း ဆွေးနွေးကြစေလိုပါကြောင်း။

**တက်ညီလက်ညီ**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ပြည်သူများအတွက် အကျိုးရှိစေမည့် လုပ်ငန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး လုပ်ငန်းများအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူများအတွက် ထိရောက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ခင်နီနီသိန်းက အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ယင်းနောက် ရေအရင်းအမြစ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးကျော်ဝင်းနှင့် ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးကြသည်။

**တိုးမြှင့်ဆောင်ရွက်**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုအစည်းအဝေး၏ ဆွေးနွေးအကြံပြုချက်များသည် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေပြီး ရေနှင့်ဆက်နွယ်သည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည့်အပြင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အထူးအလေးထား**

ရေသည် သက်ရှိသက်မဲ့ လောကအတွက် မရှိမဖြစ်လိုအပ်သည့် သယံဇာတဖြစ်ပြီး လူ့ပယောဂကြောင့် သက်ရှိသက်မဲ့လောက ဘေးအန္တရာယ်များ မကျရောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ စွန့်ပစ်ရေဆိုင်ရာ ကိစ္စရပ်များကိုလည်း တစိုက်မတ်မတ် အထူးအလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာကောင်းနှင့် ပြင်းပြသောဆန္ဒဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်နှင့် ပြည်သူတို့၏ အသံများကိုပါ ဂရုတစိုက်နားထောင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရုပ်ပြေးရေယာဉ်များပေါ်မှ ခရီးသွားပြည်သူများအား မူခင်းအသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

နေ့စဉ်ခရီးသွားပြည်သူ မြောက်မြားစွာ ကူးလူးသွားလာလျက်ရှိသော ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်စွန်းအိုးတန်းနှင့် မော်ကျွန်း ပြေးဆွဲပေးလျက်ရှိသော ပုသိမ်သူ-၁ ရုပ်ပြေးရေယာဉ်များပေါ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ဦးဆောင်ကာ မူခင်းကျဆင်းရေး အသိပညာပေးမှုကို ဇန်နဝါရီ ၂၉ ရက်က ဆောင် ရွက်ခဲ့သည်။



"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအသိပညာပေးမှုနဲ့ မူခင်းကျဆင်းရေးလုပ်ငန်းတွေကို အခုလို ခရီးသွားပြည်သူတွေကြား အသိပညာပေး ဟောပြောပွဲတွေလုပ်နေတာ ပြည်သူတွေအတွက်ပါ၊ တချို့ မြို့နယ်၊ တချို့ ရပ်ကွက်တွေမှာဆို စီမံချက်ချပြီးတော့ ပြည်သူတွေကြား သက်ငယ်မုဒိမ်းကျဆင်းရေးနဲ့ မူးယစ်ဆေးဝါး အသိပညာလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်နေတာပါ၊ အခုလို လုပ်ဆောင်ပေးမှုကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းကမဟုတ်ဘဲ ပြည်သူ တွေကလည်း သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးတို့နဲ့ ပတ်သက်၍ ဆိုးကျိုးအပြစ်တွေကို သိရှိပြီး ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ဖို့လိုပါတယ်"ဟု ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဦးက ပြောကြားသည်။

အဆိုပါ အသိပညာပေးပွဲသို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဆိပ်ကမ်းမြို့မရဲစခန်းမှူး ရဲအုပ် ဟန်ထွန်းအောင်၊ ဒုရဲအုပ် ဇော်မင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အသိပညာနှင့် မူခင်းကျဆင်းရေးအသိပညာပေးဟောပြောမှုကို ရန်ကုန်မြို့မှ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မြင်းကကုန်း၊ ကျိုက်ခမီ၊ မော်ကျွန်းမြို့နယ်များသို့ သွားရောက်မည့် ရုပ်ပြေးရေယာဉ်ပေါ်၌ မွန်းလွဲ ၃ နာရီမှ ၄ နာရီအထိ ကျင်းပခဲ့ရာ ပြည်သူအင်အား ၃၀၀ ကျော်ကို အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းခေတ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူအား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ဂျပန် အနုပညာရှင်အဖွဲ့တို့ ပူးပေါင်းဖျော်ဖြေ တင်ဆက်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor& Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင် ၁၁ ဦး ပါဝင်သော အနုပညာရှင်အဖွဲ့ဝင်တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် "Myanmar National Symphony Orchestra Concerts 2018" ဖျော်ဖြေပွဲများကို Gitameit Chorus , Univoice Music Team Choir, Japan Culture House Chorus အဖွဲ့တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော် MICC-II ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း- ၀၉-၅၀၀၆၅-၅၂၊ ၀၁-၅၃၄၀၁၂၊ ၀၁-၅၂၇၁၂၂၊ ဖက်စ်-၁၄၉ နှင့် ဂျပန်သံရုံး ဖုန်း- ၀၁-၅၄၉၆၄၄-၄၈ ၊ info.cul@ yn.mofa.go.jo တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**သတိပေး နှိုးဆော်ချက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော အငှားယာဉ် (TAXI) များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ ကြော်ငြာများတပ်ဆင်ခြင်း၊ လိုက်ကာများကာရံခြင်းဖြင့် အကာအကွယ်ယူ၍ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှုကာ ဒုစရိုက်မှုကျူးလွန်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် စတေကာများ၊ လေစုပ်ခွက်များ လိုက်ကာများ၊ ကြော်ငြာများ တပ်ဆင်ခြင်း၊ ကပ်ထားခြင်းများအား အမြန်ဖယ်ရှားပစ်ရန်နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ၊ ကြော်ငြာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် အငှားယာဉ် (TAXI) များအား လုပ်ငန်းလိုင်စင်ဖျက်သိမ်းသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

*❊ ကျောဖုံးမှ*

တရားစီရင်ရေးတွင် မဟာဗျူဟာစီမံကိန်းများ ချမှတ်ခြင်းသည် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဖြစ် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းသို့ အကောင်အထည်ဖော်ရာတွင် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများ၏ ကြိုးပမ်းမှုများသာမက တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာများ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုများလည်း အလွန်အရေးကြီးကြောင်း၊ မိမိတို့နှင့်အတူ အားလုံးအတူတကွ ပါဝင်ဆောင်ရွက်ကြရန်နှင့် သို့မှသာ တရားမျှတမှုကို လိုလားသူအားလုံးအတွက် တိုးတက်ကောင်းမွန်သည့်၊ အရည်အချင်းပြည့်မီသည့် တရားမျှတမှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**ဖြေကြား**

ထို့နောက် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ မိတ်ဆက်တင်ပြခြင်း၊ ဒုတိယပိုင်းအစီအစဉ်တွင် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) နှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားခြင်းတို့ ဆက်လက်ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့် ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အစိုးရဌာနများ၊ တရားမျှတမှုကဏ္ဍနှင့် သက်ဆိုင်သည့်အစိုးရဌာနများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ရယူနိုင်**

အခမ်းအနားသို့ တက်ရောက်သူများကို တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) စာအုပ်ကို ဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါစီမံကိန်းစာအုပ်ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ website: http://www.unionsupremecourt.gov.mm တွင် ရယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---


**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဈေးသူ ဈေးသားများအား အားပေးစကားပြောကြားစဉ်။**

*❊ ကျောဖုံးမှ*

ယနေ့နံနက်စောစောပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ရှေးဦးစွာ ဈေးကြီးအဝင် မုခ်ဦးမျက်နှာစာတွင် တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့်လက်ကားဈေးသစ်ကြီး ဆိုင်းဘုတ်ကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် MAEX ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် ကော်မတီဝင်များ၊ MAEX ဒါရိုက်တာ အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဆိုပါဈေးကြီး၏ ကမ္ဗည်းပြားမော်ကွန်းကို ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တညင်းကုန်းလက်ကားဈေးသစ်ကြီးရှိ ဈေးရုံအမှတ်-၂ တောင်သူလက်လီရောင်းဈေးရုံ၊ ဈေးရုံအမှတ်-၂ သစ်သီးလက်ကားဈေးရုံ၊ ဈေးရုံ အမှတ်-၃ ကုန်မျိုးစုံနှင့် စားသောက်ဆိုင်တို့ရှိ ဈေးရောင်းချနေမှုများကိုကြည့်ရှုကာ ဈေးသူ ဈေးသားများအား အားပေးစကားပြောကြားသည်။

တစ်ဖန် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရုံအမှတ်-၇ အအေးခန်း၊ အလတ်စားပွဲရုံ၊ အဆောက်အအုံစတင်ဆောက်လုပ်မည့်မြေနေရာတွင် စက်ခလုတ်နှိပ်၍ မင်္ဂလာပိုင်တိုင် ရိုက်နှိပ်ပေးသည်။

အဆိုပါဈေးကြီး ဖွင့်လှစ်ခြင်းအခမ်းအနားကို အမှတ်-၂ တောင်သူလက်လီရောင်းဈေးရုံကြီး၌ ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်က "ဒီစီမံကိန်းဟာ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ တင်ဒါခေါ်ယူခဲ့တဲ့ဈေးကြီးဖြစ်ပါတယ်၊ ဒါပေမယ့် ဒီဈေးကြီးကို တည်ဆောက်မယ့်အချိန်ကာလမှာ ကျွန်တော်တို့အစိုးရသစ်တာဝန်ယူတဲ့ ကာလဖြစ်ပါတယ်၊ ဒီ့အတွက် ဒီဈေးကြီးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ နိုင်ငံတကာခရီးစဉ်တွေသွားတိုင်း ဈေးတွေကိုဝင်ရောက်ကြည့်ရှုလေ့ရှိပါတယ်၊ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာနေတဲ့ မြို့တော်သူ မြို့တော်သားတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးလို၍ ဖြစ်ပါတယ်၊ ဒီလိုလေ့လာတဲ့အခါမှာ ဈေးတွေရဲ့ အောင်မြင်မှုကို အပိုင်းနှစ်ပိုင်း တွေ့ရပါတယ်၊ တစ်ပိုင်းကတော့ ဈေးကြီးတစ်ခုကို သန့်ရှင်းလှပအောင် ရောင်းဝယ်သူတွေ လာရောက်နိုင်အောင်၊ ယာဉ်တွေရပ်နားနိုင်အောင် တည်ဆောက်ပေးကြရပါတယ်၊ နောက်တစ်ပိုင်းကတော့ ဈေးကြီးတစ်ဈေးကို အမြဲတမ်းရှင်သန်ဖွံ့ဖြိုးနေအောင် ဆောင်ရွက်တဲ့ operator တွေ လိုပါတယ်၊ ဒီကနေ့ တညင်းကုန်းဈေးကြီးကို operator တစ်ခုကနေ ဆောင်ရွက်တာဖြစ်လို့ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်၊ ရန်ကုန်မြို့ရဲ့ ဈေးပေါင်း ၁၇၀ ကျော်ကိုလည်း operatorတွေနဲ့ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်း သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းဈေးကြီးမှာ အကျယ်အဝန်း ၈၂ ဒသမ ၇၈ ဧကရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ကာ ဆိုင်ခန်းပေါင်း ၅၆၀၀ ပါဝင်သော ဈေးရုံသုံးရုံကို ပထမဆင့် တည်ဆောက်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ လောလောဆယ် အစုရှယ်ယာရှင် ၂၀၀၀ ကျော်၏ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ငွေ ၂၅ ဘီလီယံ သုံးစွဲထားပြီး ၂၀၁၉ ခုနှစ်အကုန် လုပ်ငန်းအားလုံးပြီးစီးချိန် ဆိုင်ခန်းပေါင်း ၉၀၀၀ ကျော်ရှိကာ ရင်းနှီးမြှုပ်နှံကုန်ကျမှု ငွေ ၉၉ ဒသမ ၈ ဘီလီယံရှိမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းများကို အငှားစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် အများပိုင် MAEX ကုမ္ပဏီအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် ဝင်ရောက်ကာ အစုရှယ်ယာများ ရောင်းချသွားနိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိုလည်း ပြုလုပ်ခဲ့သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-မျိုးမင်းသိန်း (မရမ်းကုန်း)**



**တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့်လက်ကားဈေးသစ်ကြီးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

---

# ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများတိုးလာစေမည့် ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့၌ ကမ်းခြေသစ်တစ်ခုဖွင့်လှစ်

**ဘိုကလေး ဇန်နဝါရီ ၃၀**

ပြည်သူများ အပန်းဖြေခရီးသွားလာအနားယူနိုင်ရန် ရည်ရွယ်ပြုလုပ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ ရောကမ်းခြေအမည်ရှိ ကမ်းခြေတစ်ခုကို ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသရဲ့ အဓိက စီးပွားရေးလုပ်ငန်းကဆန်စပါး၊ ရေလုပ်ငန်းနဲ့ ရေထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းကို အားထားလုပ်ကိုင်ရပါတယ်၊ အခုလို ခရီးသွားလုပ်ငန်းတစ်ခု စတင်လာတာကို ကြိုဆိုပါတယ်၊ အောင်မြင်လာရင် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးလာမှာမို့ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူ ရလိမ့်မယ်လို့မြင်ပါတယ်"ဟု ဘိုကလေးမြို့ခံ ဦးမင်းလွင်က ပြောသည်။



အဆိုပါ ရောကမ်းခြေသစ်သည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအနီးရှိ ရောရွာ၌ တည်ရှိပြီး ဘိုကလေးမြို့မှ သွားမည်ဆိုပါက ဘိုကလေးတစ်ဖက်ကမ်း သာပေါင်းရွာမှတစ်ဆင့် ကံ့ကော်တစ်ထောင်ဘုရားသို့သွားသည့် ကားလမ်းအတိုင်း ကဒုံကနိရွာသို့ သုံးနာရီကြာသွားရမည် ဖြစ်သည်။ ထိုမှတစ်ဆင့် ရောကမ်းခြေသို့ ကားလမ်း၊ ရေလမ်းခရီးဖြင့် မိနစ် ၃၀ သွားရမည့် ခရီးစဉ်ဖြစ်သည်။

ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ သွားလိုပါက ဒဂုန်ဧရာ အဝေးပြေးကားဝင်းမှတစ်ဆင့် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံမှ ဘိုကလေးမြို့သို့သွားနိုင်ပြီး ဒလဘက်ခြမ်းကားဝင်းတို့မှတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံမြို့မှတစ်ဆင့် သွားလာနိုင်ကြောင်း သိရသည်။

ရောကမ်းခြေသည် သဘာဝအတိုင်း ဖြစ်ထွန်းနေပြီး သုံးမိုင်ခန့် ရှည်လျားကာ ကမ်းခြေတစ်လျှောက် အပန်းဖြေအနားယူနိုင်သည့်အပြင် ပင်လယ်ထဲသို့ထိုးသည့် တံတားပေါ်သို့လည်း ဖြတ်လျှောက်အပန်းဖြေနိုင်ကြောင်း သိရသည်။

"ဒီဒေသက နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသတစ်ခု ဖြစ်နေတယ်။ ဒီလုပ်ငန်းပေါ်လာတော့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတိုးလာနိုင်ပါတယ်၊ နောက်လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာနိုင်တယ်၊ အဲ့ဒီလိုလမ်းကောင်းလာရင် သဘာဝဘေးကြုံလာခဲ့ရင် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ပိုမိုအဆင်ပြေ အထောက်အကူဖြစ်လာနိုင်တယ်၊ ရေလုပ်ငန်းအားပြုတဲ့ စီးပွားရေးသည် မီးခိုးမထွက်တဲ့ စီးပွားရေးလုပ်ငန်း ခရီးသွားလုပ်ငန်းအဖြစ် ဒေသခံပြည်သူတွေအတွက် ဝင်ငွေတိုးလာနိုင်ပါတယ်"ဟု ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။ **သူဇာနွယ်(ဖျာပုံ)**

# ကျိုင်းတုံမြို့ အဘယရာဇမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကျိုင်းတုံမြို့ပန်ကွဲကျေးရွာအနီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မူလဌာပနာတော်၊ အလယ်ဌာပနာတော်နှင့် အထက်ဌာပနာတော်အတွင်း မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဌာပနာတော်များအား ပင့်ဆောင်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ကြသည်။ ထို့နောက် ဆရာတော်ကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ်မှတ်ဌာပနာတိုက် အသီးသီးတွင် ဌာပနာတော်များအား သွင်းလှူပူဇော်ကြသည်။

**အနေကဇာတင်**

ယင်းနောက် ဆရာတော်၊ သံဃာတော်များက အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**ကျောက်စာတိုင်များစိုက်ထူ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ရှိ တာချီလိတ် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ စေတီတော်ကုန်းတော်ပေါ်တွင် စိုက်ထူပူဇော်မည့် ပိဋကတ်သုံးပုံ ကျောက်စာတိုင်များအား စိုက်ထူပူဇော်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တာချီလိတ် ရွှေတိဂုံစေတီတော်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

**သတင်းစဉ်**

# တပ်မတော်သားများ အရည်အချင်းပြည့်ဝစေရန် သင်တန်းကျောင်းများမှ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံတပ်နယ်ရှိ နယ်မြေခံတပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ယမန်နေ့တွင် အဆိုပါသင်တန်းကျောင်း၌ တွေ့ဆုံ အမှာစကားပြောကြားသည်။**

**အမြဲလေ့ကျင့်ရန်လိုအပ်**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့တပ်မတော်အား ခေတ်မီတပ်မတော် Standard Army တည်ဆောက်ရေးတွင် အတတ်ပညာသည် အရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ ပညာရည်မြင့်မားရေးအတွက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်သား မိသားစုဝင်များ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် ပတ်သက်၍ စစ်မှုထမ်းဆဲ တပ်မတော်သားများနှင့် မိသားစုဝင်များသာမက စစ်မှုထမ်းဟောင်းများနှင့် ဒေသခံပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့တစ်ဦးချင်းကျန်းမာရေးအတွက် ကိုယ်တိုင်ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်ပြီး ကြံ့ခိုင်မှုရှိရန်အတွက် အမြဲလေ့ကျင့်ရန် လိုအပ်ကြောင်း။

**ထိရောက်စွာအသုံးချ**

တပ်မတော်သားများ တစ်ဦးချင်း အရည်အချင်းပြည့်ဝမှု ရှိစေရန်အတွက် သင်တန်းကျောင်းများမှ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နည်းပြများကလည်း သင်ခန်းစာကို ပိုင်နိုင်ကျွမ်းကျင်မှုရှိရမည် ဖြစ်သလို သင်တန်းသားများကလည်း သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းစေရန် သင်ယူသွားရန်လိုကြောင်း၊ သင်တန်းပြီးဆုံး၍ မိမိတို့တပ်သို့ ပြန်ရောက်လျှင် သင်တန်းကျောင်းမှ သင်ယူခဲ့သည့်အတတ်ပညာများကို ထိရောက်စွာ အသုံးချရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းကျောင်းအတွက် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံအားပေးစဉ်။** သတင်းစဉ်



# ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi အား ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် ၂၀၁၂ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် UNICEF တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် Plan of Action သဘောတူစာချုပ် ချုပ်ဆိုပြီးသည့်အချိန်မှ စတင်၍ Action Plan များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုလသမဂ္ဂ၏ ငယ်ရွယ်သူကလေး စစ်သားများ အသုံးပြုသည့် နိုင်ငံစာရင်းမှ ပယ်ဖျက်မှုရရှိရန်အတွက် UNCTFMR (United Nations Country Task Force on Monitoring and Reporting) ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို ပြန်လည်စိစစ်လျက် ၇၇၇ ဦးကို မိဘရပ်ထံသို့ အခမ်းအနားများဖြင့် ပြန်လည်အပ်နှင်းခဲ့သည့် အခြေအနေ၊ တပ်မတော်အတွင်းသို့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်လာသူများကိုလည်း တာဝန်ရှိသူများက စနစ်တကျ စိစစ်လက်ခံ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အရေးပေါ် ငွေကြေးထောက်ပံ့ရေးနှင့် ပုံမှန်ငွေကြေးထောက်ပံ့ရေးဆိုင်ရာ အစီအစဉ်များဆောင်ရွက်နေမှု ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား The World Bank မှ မြန်မာနိုင်ငံဆိုင်ရာ Global Director for Social Protection and Jobs ဖြစ်သူ Mr. Steen Lau Jorgensen က ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အဓိကဦးစားပေးအစီအစဉ်ရှစ်ခု**

တွေ့ဆုံစဉ် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသောကလေး အသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ရေး အစီအစဉ် (MCCT Program) အား တိုးချဲ့နိုင်ရေး ကူညီပေးရေးကိစ္စ၊ ရခိုင်ပြည်နယ်အတွက် UEHRD အား တည်ထောင်၍ မိတ်ဆွေနိုင်ငံများ၊ မိတ်ဆွေအဖွဲ့အစည်းများ၏ အကူအညီဖြင့် လူသားချင်းစာနာမှု အကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတွင် အဓိကဦးစားပေး အစီအစဉ် ရှစ်ခုပါဝင်ပြီး အသက်(၉၀ နှစ်)နှင့်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်နှင့် MCCT အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အရေးပေါ် ငွေကြေးထောက်ပံ့ရေးနှင့် ပုံမှန်ငွေကြေးထောက်ပံ့ရေးဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်နေမှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီက ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး မကွေးတိုင်းဒေသကြီးက မန္တလေးတိုင်းဒေသကြီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၃ နာရီတွင် ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်း(၁) နှင့် (၃) တို့၌ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အခမဲ့လာရောက် ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပြည်ထောင်စုအစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးမြှင့်တင်လျက်ရှိ




**နေပြည်တော်  ဇန်နဝါရီ  ၃၀**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သတ္တမ ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

**“အခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများအား စာမေးပွဲ ကာလတွင် သက်ပြည့်ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့် ၄ လခွင့်ပြုခြင်းအား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြီးဆုံးမှ ခံစားခွင့်ပြု၍မရ”**

**နိုင်ငံ့ဝန်ထမ်း နည်းဥပဒေနှင့်အညီ**

အစည်းအဝေးတွင် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **အခြေခံပညာ ကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများအား စာမေးပွဲကာလတွင် ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့်မပြုဘဲ စာမေးပွဲကာလပြီးဆုံးမှ ခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာန၏ သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများ၊ အောက်ခြေဝန်ထမ်းများအား နွေရာသီအားလပ်ရက်ရှည်ခံစားသည့်အတွက် ယခင်ကအသက် ၆၀ ပြည့်ရက်မှသာ သက်ပြည့်ပင်စင် ခံစားခွင့်ပြုခဲ့သော်လည်း ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၏ သဘောတူညီချက်အရ အခြေခံပညာဦးစီးဌာနမှ သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင်ခွင့် ၄ လအား ပျမ်းမျှလစာပြည့်ဖြင့် ခံစားခွင့်ပြုခဲ့ပါကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းအုပ်ကြီးများနှင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများအား စာမေးပွဲကာလတွင် သက်ပြည့်ပင်စင်အတွက် ကြိုတင်ပြင်ဆင်ခွင့် ၄ လ ခွင့်ပြုခြင်းအား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြီးဆုံးမှခံစားခွင့်ပြု၍မရပါကြောင်း ဖြေကြားသည်။

ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်၏ **ကျိုင်းတုံမြို့နယ် ပန်လင်စံကျော်ရွာရှိ အ.ထ.က ကျောင်းခွဲတွင် လစ်လပ်လျက်ရှိသော ကျောင်းအုပ်ဆရာကြီး၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြကျောင်းဆရာ၊ ဆရာမများ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် အပြောင်းအရွှေ့၊ ရာထူးတိုးကိစ္စများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်ကို ရယူ၍ အတည်ပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ပန်လင်စံကျော်ရွာရှိ ပန်လီအောက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သည် ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်ကျောင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုပညာသင်နှစ်အတွက် ရာထူးတိုး၊ အပြောင်းအရွှေ့များ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် လာမည့်ပညာသင်နှစ် ရာထူးတိုး၊ အပြောင်းအရွှေ့ကိစ္စများ ဆောင်ရွက်ချိန်ရောက်မှသာ လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ ဖြည့်ဆည်းနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**အကြံပြုဆွေးနွေး**

ထို့ပြင် မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်နှင့် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အား အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က အကြံပြုဆွေးနွေးကြသည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်**က Labour Intensive Industry ဆိုသည်မှာ CMP လုပ်ငန်းဖြစ်ပြီး CMP ဆိုသည်မှာ Cutting Manufacturing Packaging ဖြစ်ပါကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံမြေနေရာရရှိရေးကို အစိုးရများအနေဖြင့် တာဝန်ယူမှုမရှိသည့်အပြင် မြေငှားရမ်းခ ဈေးနှုန်းများသည် အလွန်မြင့်နေပါကြောင်း၊ နိုင်ငံတကာ ပေါက်ဈေးထက် အနည်းဆုံးနှစ်ဆကျော်မြင့်နေပါကြောင်း၊ How to Tackle-Industrial Zone အသစ်ကို Developer များရွေးချယ်ပြီး အမြန်ဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

ထို့အတူ လျှပ်စစ်မီးမှန်မှန်မရရှိခြင်းနှင့်မီးအားအပြည့်အဝမရရှိခြင်းများလည်း ရှိပါကြောင်း၊ နိုင်ငံတကာတွင် မရှိသည့် အခက်အခဲသည် မိမိတို့တွင် အကြီးမားဆုံးပြဿနာ ဖြစ်နေပါကြောင်း၊ ဒီဇယ်အင်ဂျင်နှင့် မီးပေးခြင်းထက် ဖြစ်နိုင်ပါက ကျောက်မီးသွေးကို လက်ခံသင့်ပါကြောင်း၊ အမှန်တကယ်သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာကို အသုံးပြု၍ စက်ရုံများနှင့် စက်မှုဇုန်များကို ရည်ရွယ်တည်ဆောက်သင့်ပါကြောင်း။

အလားတူ ကျွမ်းကျင်အလုပ်သမားများကို တစ်နေ့လျှင် အထည် ၁၀ ထက် ပိုမိုချုပ်နိုင်ပါက ပုံမှန်ဈေးနှုန်းထက် ပိုပေးမည်ဆိုသည့် မက်လုံးပေးသော်လည်း မချုပ်နိုင်သည်က များပါကြောင်း၊ ယင်းအလုပ်သမားများသည် ပြည်ပတွင် လုပ်ကိုင်ပါက အထည် ၁၅ ထည်ထက် ပိုချုပ်နိုင်သည်ကို တွေ့ရသဖြင့် အလုပ်ရှင်များအနေဖြင့် စဉ်းစားသုံးသပ်သင့်ပါကြောင်း။

**သင့်တင့်မျှတသည့် လုပ်ခလစာ**

ထို့ပြင် ခိုင်မာပြီး ညင်သာပျော့ပျောင်းသည့် အလုပ်သမားဥပဒေတစ်ရပ် ရှိသင့်ပါကြောင်း၊ အချိန်ပိုဆင်းခြင်းနှင့်ပတ်သက်၍ အလုပ်သမားမှ သဘောတူညီပါက လုပ်ခွင့်ပြုသင့်ပါကြောင်း၊ သို့ရာတွင် အလုပ်သမားနည်းဥပဒေသည် ကန့်သတ်မှုများရှိနေပါကြောင်း၊ လုပ်ခလစာကို ၃၆၀၀ ကျပ်မှ ၄၈၀၀ သို့တိုးရန် စီစဉ်နေပြီး အမှန်တကယ်တိုးပေးပါက CMP လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်မည့်အခြေအနေကို စဉ်းစားရန်လိုအပ်ပါကြောင်း၊ တစ်ဖက်မှလည်း အလုပ်သမားများ၏ နေ့စဉ် စားဝတ်နေရေးစရိတ်များသည် မြင့်တက်နေသဖြင့် လျစ်လျူရှု၍ မရပါကြောင်း၊ ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာဆိုသည့် နှစ်ဖက်သင့်တင့်မျှတသည့် လုပ်ခလစာဖြစ်ရန် လိုအပ်ပါကြောင်း၊ မဖြစ်နိုင်သည်များကို ဇွတ်လုပ်ပါက CMP လုပ်ငန်းများသည် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့သွားနိုင်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

**ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း**က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအရင်းအမြစ်ဖြစ်သော လမ်းကြောင်းတစ်ခုမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment - FDI) ဟု သတ်မှတ်လာကြပါကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အနေဖြင့် ငွေကြေးအမြောက်အမြား ပါဝင်ရင်းနှီးခြင်း၊ နည်းပညာ၊ ပို့ကုန်ဈေးကွက်၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းစွမ်းဆောင်မှု ကျွမ်းကျင်ခြင်းနှင့် စီမံခန့်ခွဲမှုနည်းလမ်းများကို ခေတ်နှင့်အညီ ယူဆောင်လာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ထိုသို့ ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အခွင့်အရေးသာတူညီမျှမှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ ဈေးနှုန်းတည်ငြိမ်မှုနှင့် နိုင်ငံသားများ သာယာဝပြောမှု ဖြစ်တည်နေရန်နှင့် မြေ၊ လုပ်အားအရင်းအနှီး၊ သယံဇာတနှင့် စွမ်းအင် စသည်တို့ကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ FDI စီးဝင်မှုကြောင့် နည်းပညာကို တိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနိုင်ပါကြောင်း။

ကုန်စည်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန် တိုးမြှင့်မှုအခြေအနေများလည်း FDI ဖြစ်ပေါ်မှုကို ပံ့ပိုးစေသည့်အတွက် ကုန်သွယ်ရေးဇုန်များ၊ စီးပွားရေးဇုန်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဇုန်များ ပိုမိုတည်ထောင်ပေးရန် လိုအပ်ပါကြောင်း၊ စက်မှုဇုန်များကို ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန် ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းချိတ်ဆက်မှု အားကောင်း၍ ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများဖြစ်ရန်၊ စက်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျစီမံထိန်းချုပ်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ရမည်ဖြစ်ပြီး FDI ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်စေရန်အတွက် စက်မှုဇုန်ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၃၈ ခု ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၈၀၃၈ နေရာနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၅၁ ခု ခွင့်ပြုခဲ့၍ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၆၃ နေရာကိုလည်းကောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၈ ခု ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၄၆၆၉ နေရာနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၈၀ ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၈၆၃၉ နေရာကိုလည်းကောင်း ဖန်တီးပေးနိုင်ခဲ့၍ စုစုပေါင်းလုပ်ငန်း ၄၄၇ ခု၊ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၁၄၀၉ နေရာ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့သည် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ဖိတ်ခေါ်လျက်ရှိပြီး ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ စီးပွားရေး မူဝါဒ ၁၂ ရပ်အနက် နံပါတ် (၅)တွင် **ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်**ဟု ဖော်ပြပါရှိပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုများ**

အလားတူ ရင်းနှီးမြှုပ်နှံမှု မူဝါဒ(၇)ရပ်အနက် နံပါတ် (၇) တွင် **ဒေသတွင်းနှင့် ကမ္ဘာ့ကုန်စည်စီးဆင်းမှုကွင်းဆက်များနှင့် ချိတ်ဆက်ထားသည့် ကုန်စည်ထုတ်လုပ်မှုမြှင့်တင်နိုင်ပြီး ကုန်စည်၏ ထပ်ဆင့် တန်ဖိုးတိုးမြှင့်နိုင်သော စိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာလွှဲပြောင်းရရှိမှုနှင့် ပြန့်ပွားစေမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ၎င်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ၊ အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်များစွာ ဖန်တီးနိုင်သော၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး ဖွံ့ဖြိုးစေနိုင်သော၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းသော နေရာဒေသများတွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုမြို့တော်များနှင့် အထူးစီးပွားရေးလုပ်ငန်းများ စုဝေးရာနေရာများ (Special Economic Clusters) တွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုများကို** အားပေးကြိုဆိုသည်ဟု ဖော်ပြပါရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ချမှတ်ထားသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဝါဒများ အပေါ်အခြေခံ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ရေးနှင့် လုပ်သားအင်အား အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက် ကျယ်ပြန့်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ တိုင်းဒေသကြီး၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှတစ်ဆင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းသောအဆိုတွင်ပါရှိသည့် အချက်များကို အကောင်အထည်ဖော်ခဲ့ပြီး အကောင်အထည်ဖော်ဆဲဖြစ်သည့်အပြင် ဆက်လက်၍လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြသည်။

**လွှတ်တော်က မှတ်တမ်းတင်**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကိုရယူ၍ **လွှတ်တော်က မှတ်တမ်းတင်ကြောင်း** ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီလ ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မိမိဖြိုး**

**ညအပူချိန်များ ဆက်လက်လျော့နည်းနေ**

**နေပြည်တော်  ဇန်နဝါရီ  ၃၀**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

မိုး/ဇလ

# ဘူးသီးတောင်နှင့် မောင်တောဒေသတို့တွင် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးကျော်ကျော်ဝင်း၏ **မောင်တောမြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့နယ်နိမိတ်အတွင်း မြို့နယ်ရဲစခန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် လုံခြုံရေးအားနည်းသည့်နေရာနှင့် လုံခြုံရေးလုံးဝမရှိသည့် ဒေသခံတိုင်းရင်းသားကျေးရွာများ၌ ပြည်သူ့စစ်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့တွင် ခွင့်ပြုနယ်မြေရဲစခန်း ၁၆ ခုရှိသည့်အနက် လက်ရှိ ၁၂ ခု ဖွင့်လှစ်ပြီး လေးခု ဖွင့်လှစ်ရန် ကျန်ရှိပါကြောင်း၊ နယ်မြေအခြေအနေ လိုအပ်ချက်အရ ကျောက်တန်းရဲစခန်းအား နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၇)အရ ခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ရဲတပ်ဖွဲ့အင်အားများ ထပ်မံတိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ လုံခြုံရေး၊ နယ်မြေတည်ငြိမ်ရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့စစ်ဌာနေအဖွဲ့ ၅၉၆ ဖွဲ့အား ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တွင် ပြည်သူ့စစ်ဌာနေအဖွဲ့ ၃၄ ဖွဲ့အား ဖွဲ့စည်းထားရှိပါကြောင်း။

တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူ့စစ်ဌာနအဖွဲ့များ၊ ဒေသခံများနှင့် ပူးပေါင်းကာ ဘူးသီးတောင်နှင့် မောင်တောဒေသတို့တွင် နယ်မြေလုံခြုံရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် နယ်စပ်ဒေသလုံခြုံရေးအတွက်လည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့များနှင့်အတူ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်းနှင့် လတ်တလောတွင် ပြည်သူ့စစ်ဌာနေအဖွဲ့များ ထပ်မံဖွဲ့စည်းရန် မလိုအပ်သေးကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေအား ရေးဆွဲလျက်ရှိပါကြောင်း၊ မောင်တောမြို့နယ်တွင် မြင်းလွှတ် နယ်မြေရဲစခန်းနှင့် ခမောင်းဆိပ်နယ်မြေရဲစခန်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘူးသီးတောင်၊ မောင်တောဒေသတွင် လက်နက်တပ်ဆင်ထားသည့် ပြည်သူ့စစ်ဌာနေအဖွဲ့ သုံးဖွဲ့ အပါအဝင် ပြည်သူ့စစ်ဌာနေ ၃၄ ဖွဲ့ဖြင့် နယ်မြေဒေသ လုံခြုံရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ကျင်းပစဉ်။ သတင်းစဉ်

> “ဘူးသီးတောင်၊ မောင်တောဒေသတွင် လက်နက်တပ်ဆင်ထားသည့် ပြည်သူ့စစ်ဌာနေအဖွဲ့သုံးဖွဲ့အပါအဝင် ပြည်သူ့စစ်ဌာနေ ၃၄ ဖွဲ့ဖြင့် နယ်မြေဒေသ လုံခြုံရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်လျက်ရှိ”

**လုပ်ငန်းတာဝန်များထမ်းဆောင်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ရှင်းလက်ဝကျေးရွာ ပြည်သူ့ရဲစခန်းတွင် လိုအပ်လျက်ရှိသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ ပလက်ဝမြို့မရဲစခန်း၊ ဆမီးနယ်မြေရဲစခန်း၊ သံတောင်နယ်မြေရဲစခန်း၊ ထရွန်အိုင်ရဲကင်းစခန်း၊ ဗွီဝုန်းရဲစခန်း၊ ရှင်းလက်ဝရဲကင်းစခန်းတို့တည်ရှိပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါကြောင်း၊ ရှင်းလက်ဝရဲကင်းစခန်းအား ပလက်ဝမြို့နယ် ရှင်းလက်ဝ(အောက်)ရွာရှိ မြေ ၃ ဒသမ ၃၅ ဧကပေါ်တွင် ဖွင့်လှစ်ထားပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဦးစားပေးဆောက်လုပ်ရန်စီစဉ်**

ရှင်းလက်ဝရဲကင်းစခန်းတွင် ချင်းပြည်နယ်ရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများမှာ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၅ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သော အဆောက်အအုံများဖြစ်ကာ လက်ရှိအဆောက်အအုံများသည် ကိုယ့်အားကိုယ်ကိုး အဆောက်အအုံများဖြစ်ပြီး နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် အစားထိုးဆောက်လုပ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ရဲကင်းစခန်းရုံး တစ်လုံးနှင့် ခြောက်ခန်းတွဲ နှစ်ထပ် တစ်လုံးတို့ ဦးစားပေးဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ လိုအပ်လျက်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် ရန်ပုံငွေထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဝင်းမောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးမင်းနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်း ဖြေကြားကြသည်။

**တာဝန်သိခရီးသွားလုပ်ငန်း**

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါ်ရွှေရွှေစိန်လက် က အခန်း(၁) အပုဒ် (၂)(ဇ)တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုသည်မှာ သက်ရှိနှင့် သက်မဲ့ဝန်းကျင်တို့ ဆက်နွှယ်နေသော ဂေဟစနစ်ဖြစ်စဉ်ကို လေ့လာပြီး ဒေသခံများ၏ လူမှုအကျိုးစီးပွားကို တိုးတက်စေသော ခရီးသွားလုပ်ငန်းကိုဆိုသည်ဟု အသစ်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁) ပုဒ်မ (၂)(ဘ) တွင် တာဝန်သိခရီးသွားလုပ်ငန်းဆိုသည်မှာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာသော ခရီးသွားလုပ်ငန်းကိုဆိုသည်ဟု အသစ်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၃) ပုဒ်မ (၅)(ဆ)တွင် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာသော တာဝန်သိ ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်စေရန် မူဝါဒချမှတ်ခြင်းဟု အသစ်ဖြည့်စွက်လိုပါကြောင်း၊ အခန်း (၄) ပုဒ်မ (၇)(ဆ)တွင် နိုင်ငံတစ်ဝန်းလက်ရှိလုပ်ငန်းဆောင်ရွက်နေသော ခရီးသွားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ အခန်း(၄) ပုဒ်မ (၇) (ဇ)တွင် နိုင်ငံတစ်ဝန်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်၍ ခရီးသွားလုပ်ငန်း တိုးတက်စေရန် စီမံဆောင်ရွက်ခြင်းဟု ပြင်ဆင်လိုပါကြောင်းနှင့် ပုဒ်မခွဲအလိုက် ပြင်ဆင် အသစ်ဖြည့်စွက်လိုသည့် အချက်များကို ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လုယ်ထန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာအားကာမိုးတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမေးမြန်းသောမေးခွန်းကို တိတိကျကျ မေးရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌပြောကြား

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမေးမြန်းသော မေးခွန်းကို တိတိကျကျ ရှင်းရှင်းလင်းလင်းဖြင့် ထိထိမိမိမေးရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ယနေ့ ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပစဉ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယင်းသို့ ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**အသိပေးရှင်းလင်း**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ယနေ့အစည်းအဝေးတွင် ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းမှု၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားမှုတို့နှင့် စပ်လျဉ်း၍ အသိပေး ရှင်းလင်းပြောကြားလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိမေးမြန်းသော မေးခွန်းကို တိတိကျကျ ရှင်းရှင်းလင်းလင်းဖြင့် ထိထိမိမိမေးရန် လိုအပ်ကြောင်း၊ မေးခွန်းများသည် မိမိမဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်များ အမှန်တကယ် ကြုံတွေ့နေရသော အခက်အခဲများ၊ အမှန်တကယ် လိုအပ်ချက်များနှင့် တိုက်ရိုက်ပတ်သက်မှု အရေးကြီးသကဲ့သို့ လွှတ်တော်တွင် ဖြေကြားပြီးသား ကိစ္စရပ်များ မဖြစ်ရန် လိုအပ်ကြောင်း၊ ထိုသို့မေးမြန်းရာ၌ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ မည်သည့်ကိစ္စကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မဆောင်ရွက်ပေးနိုင်ပါက မည်သည့်အတွက်ကြောင့် ဆိုသည်ကို မေးမြန်းရန် ဖြစ်ကြောင်း။



**ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်**

မေးခွန်း မေးမြန်းခြင်းသည် လက်တွေ့လိုအပ်ချက်များကိုသာ မေးမြန်းခြင်းဖြစ်ပြီး အဆိုမှာ တိုင်းဒေသကြီးတစ်ခုလုံးအတွက် ရေရှည်အကျိုးကို ရည်ရွယ်တင်သွင်းထားခြင်းဖြစ်ကြောင်း၊ မူဝါဒသဘောဆောင်ကြောင်း၊ ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုကို စာဖြင့် ဖြေကြားပေးသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လွှတ်တော်တွင် လာရောက်ဖြေကြားသည့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဝန်ကြီးများအနေဖြင့်လည်း ပြည့်ပြည့်စုံစုံနှင့် ကြောင်းကျိုးဆီလျော်အောင် ဖြေကြားပေးရန်ဖြစ်ကြောင်း၊ မိမိတို့၏ ဖြေကြားမှုများမှာ မြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကိုသာ အခြေခံပြီး တိကျမှန်ကန်စွာ ဖြေဆိုရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသော မေးခွန်းများကို လာရောက်ဖြေဆိုပြီး အဆိုပါ ဖြေကြားချက်များတွင် ကတိကဝတ်များ ပါရှိပါက ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မေးမြန်းသူရော ဖြေကြားသူပါ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြို့အင်္ဂါရပ်ကိုထိခိုက်နေ**

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့ မေးခွန်းများ မေးမြန်းချက်များအနက် ဒလမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်(ခ) ဦးမြသိန်းက ဒလ-တွံတေး ကားလမ်းမကြီးဘေးရှိ အများပြည်သူကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား သင့်တော်ရာနေရာသို့ ရွှေ့ပြောင်းခြင်း(သို့) ခေတ်မီနည်းပညာဖြင့် မီးရှို့ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားရာတွင် အဆိုပါ အမှိုက်ပုံကြီး၏ မြေနေရာမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒလမြို့နယ်၏ အမှိုက်များ စွန့်ပစ်ရန်အတွက် နောက်ဆုံးစွန့်ပစ် အမှိုက်ပုံအဖြစ် ၁၉၉၆-၉၇ ခုနှစ်မှ စတင်ပြီး အသုံးပြုဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအမှိုက်စွန့်ပစ်မှုမှာ တစ်ရက်လျှင် ၂၄ တန် စွန့်ပစ်ရာ နေရာဖြစ်ကြောင်း၊

*စာမျက်နှာ ၁၀ သို့*

# ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ တိုးချဲ့မှုကြောင့် အထူးစီးပွားရေးဇုန်တွေ၊ ခရီးသွားဒေသတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်သွယ်နိုင်မယ် ပြည်သူလူထုကို လျှပ်စစ် ဖူဖူလုံလုံပေးချင်တယ်၊ မီတာစနစ်တွေကို အငြင်းပွားစရာ မရှိအောင်၊ သံသယ မရှိအောင် ဆောင်ရွက်နေပါတယ်

**မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်ထိ တိုးတက်သုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ လက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ၃၁၈၉ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်အတွက် လျှပ်စစ်ဓာတ်အား ၁၃၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ပြီး လိုအပ်ချက်ဖြစ်ပေါ်နေမည့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တွေ့ဆုံမေးမြန်းထားပါသည်။**



ဦးဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး

**မေး ။ ။ လက်ရှိမြန်မာနိုင်ငံရဲ့လျှပ်စစ်ဓာတ်အား သုံးစွဲမှု အမြင့်ဆုံးအခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အခုလက်ရှိ ဓာတ်အားသုံးစွဲမှု ပမာဏ အမြင့်ဆုံးက ၃၁၈၉ မဂ္ဂါဝပ် ခန့်ရှိပြီး ဒီလိုအပ်ချက်ကို ရေအားလျှပ်စစ်စက်ရုံ ၁၇ ရုံနဲ့ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံတို့ကနေ ထုတ်လုပ်ပေးလျက်ရှိပါတယ်။

**မေး ။ ။ နှစ်စဉ် ဓာတ်အား တိုးတက်သုံးစွဲမှု အခြေအနေအရ ဆက်လက်ဆောင်ရွက်မယ့် အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှုနှုန်းဟာ ၁၅ ရာခိုင်နှုန်း တိုးတက်နေပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက် ၂၀၂၀ - ၂၀၂၁ ခုနှစ်မှာ ၄၅၃၁ မဂ္ဂါဝပ်အထိ သုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ၃၁၈၉ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ပြီး ၁၃၄၂ မဂ္ဂါဝပ် ထပ်မံလိုအပ်ပါမယ်။ ဒီအတွက် ၂၀၁၈ ခုနှစ်မှာ စက်ရုံ သုံးရုံက ၄၃၉ မဂ္ဂါဝပ်၊ ၂၀၁၉ ခုနှစ်မှာ စက်ရုံ လေးရုံက ၇၅၀ မဂ္ဂါဝပ်၊ ၂၀၂၀ ပြည့်နှစ်မှာ စက်ရုံ သုံးရုံက ၂၆၀ မဂ္ဂါဝပ်၊ ၂၀၂၁ ခုနှစ်မှာ စက်ရုံ ငါးရုံက ၉၇၁ မဂ္ဂါဝပ်နဲ့ ၂၀၂၂ ခုနှစ်မှာ စက်ရုံ ငါးရုံက ၈၉၁ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး စီစဉ်ထားပါတယ်။ ဒီစက်ရုံတွေ ဓာတ်အားထုတ်လုပ်မှုမှာ ရေအားစက်ရုံတွေက ၁၅ ရာခိုင်နှုန်း ၊ HFO စက်ရုံတွေက ၁၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံတွေက ၃၀ ရာခိုင်နှုန်း၊ LNG စက်ရုံတွေက ၃၂ ရာခိုင်နှုန်း၊ Solar စက်ရုံတွေက ၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။

**မေး ။ ။ လက်ရှိမှာ ဓာတ်အားထုတ်လုပ်နေမှုအရ ဓာတ်အားလိုင်းတွေရဲ့ သယ်ယူဖြန့်ဖြူးနေမှု အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ လက်ရှိမှာ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၆၃ လိုင်း (၂၈၄၆ ဒသမ ၂၅) မိုင်နဲ့ ခွဲရုံ ၃၈ ရုံ (၅၅၂၀ အမ်ဗွီအေ)၊ ၁၃၂ ကေဗွီ ၄၂ လိုင်း (၁၃၆၂ ဒသမ ၅)မိုင်နဲ့ ခွဲရုံ ၂၄ ရုံ (၁၇၂၄ ဒသမ ၅ အမ်ဗွီအေ)၊ ၆၆ ကေဗွီဓာတ်အားလိုင်း (၆၄၈၈ ဒသမ ၇) မိုင်နဲ့ ခွဲရုံ ၂၉၅ ရုံ (၄၀၄၀ ဒသမ ၅ အမ်ဗွီအေ)တို့ ရှိပါတယ်။ လက်ရှိ ဓာတ်အားသုံးစွဲမှုအရ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေမှာ ဝန်အားစီးဆင်းမှုအား သယ်ပို့ဖြန့်ဖြူးလာနိုင်မှာဖြစ်ပေမယ့် ထပ်မံတိုးတက်သုံးစွဲမှုအရ တိုးချဲ့ဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်။

**မေး ။ ။ လက်ရှိ ဓာတ်အားသုံးစွဲမှုအခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ မီးသုံးစွဲသူ ၁၀ ဒသမ ၈၇၇ သန်းအနက် ၄ ဒသမ ၂၈၉ သန်း (၃၉ ဒသမ ၄ ရာခိုင်နှုန်း) လျှပ်စစ်မီးရရှိပြီး ၆ ဒသမ ၅၈၈ သန်း မီးရရှိဖို့ရန် ကျန်ရှိနေပါတယ်။ မြို့အားဖြင့် ၄၈၂ မြို့အနက် ဓာတ်အားစနစ်က မြို့ ၃၅၀ မီးရရှိပြီး အခြားနည်းလမ်းနဲ့ ကျန် ၁၃၂ မြို့မီးရရှိထားပါတယ်။ ကျေးရွာတွေအနေနဲ့ ၆၃၇၃၇ ရွာရှိတဲ့အနက် ၃၂၂၂၈ ရွာ မီးရရှိပြီး ၃၁၅၀၉ ရွာ ကျန်ရှိနေပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးတွေထဲက ဓာတ်အားသုံးစွဲမှုအများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့ရဲ့ အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ မီးသုံးစွဲသူ အိမ်ထောင်စု ၁ ဒသမ ၅၈ သန်းထဲက ၁ ဒသမ ၃ သန်းမီးရရှိပြီး ၀ ဒသမ ၂၈ သန်း မီးရရှိဖို့ ကျန်ရှိပါတယ်။ ကျေးရွာတွေအနေနဲ့ ၂၁၂၆ ရွာရှိတဲ့အနက် ၁၃၀၄ ရွာ မီးရရှိပြီး ၈၂၂ ရွာ ကျန်ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ကိုးရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၃၄ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၇၅၀၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၉၀၈၃ ရုံ၊ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားခွဲရုံ ၃၄၈၂ ရုံတို့နဲ့ ဓာတ်အားဖြန့်ဖြူးပါတယ်။ လက်ရှိမှာ ဓာတ်အားသုံးစွဲမှု ၁၃၅၁ မဂ္ဂါဝပ်ရှိပါတယ်။ ဓာတ်အားသုံးစွဲသူတွေရဲ့ဓာတ်အား သုံးစွဲမှုအနေနဲ့ အိမ်သုံးက ၅၀ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံးက ၃၄ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြားက ၁၆ ရာခိုင်နှုန်းရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာ မီးသုံးစွဲသူ အိမ်ထောင်စု ၁ ဒသမ ၃၂ သန်းရှိတဲ့အနက် ၀ ဒသမ ၇ သန်းမီးရရှိပြီး ၀ ဒသမ ၆၂ သန်း မီးရရှိဖို့ ကျန်ရှိပါတယ်။ ကျေးရွာတွေ ၄၈၀၇ ရွာ ရှိတဲ့အနက် ၃၇၂၄ ရွာ မီးရရှိပြီး ၁၀၈၃ ရွာ ကျန်ရှိနေပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ခြောက်ရုံ၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ ၁၁ ရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၂၁ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၅၇၈ ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၇၆၂၀ ၊ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားခွဲရုံ ၅၂ ရုံနဲ့ ဓာတ်အားဖြန့်ဖြူးပါတယ်။ လက်ရှိ ဓာတ်အားသုံးစွဲမှုက ၅၅၁ မဂ္ဂါဝပ်ရှိပါတယ်။ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံးက ၄၈ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံးက ၄၂ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြားက ၁၀ ရာခိုင်နှုန်း ရှိပါတယ်။



ရဲရွာရေအားလျှပ်စစ် ရေလှောင်တမံ

**မေး ။ ။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အခြေအနေကကော ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၆၃ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၈၃၇ ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၉၇၉၉ ရုံ တည်ဆောက်ထားပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်၊ လက်ရှိ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး နှစ်ခု မပါဘဲ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ဓာတ်အား သုံးစွဲမှုဟာ ၁၁၉၃ မဂ္ဂါဝပ်ခန့်အထိ ရှိပြီး နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ပျမ်းမျှ ၁၅ ရာခိုင်နှုန်း ခန့်ရှိပါတယ်၊ ဓာတ်အားစနစ်က ဖြန့်ဖြူးထားတဲ့ မြို့အနေနဲ့ ၂၆၉ မြို့ ဒီဇယ်၊ အသေးစား ရေအားနဲ့ အခြားစနစ်နဲ့ ဖြန့်ဖြူးထားတဲ့ မြို့က ၁၃၀ ရှိပါတယ်၊ ကျေးရွာအနေနဲ့ ၅၆၈၀၄ ရွာမှာ ကျေးရွာ ၂၇၂၀၀ ဓာတ်အားရရှိပြီးတော့ ၂၉၆၀၄ ရွာ ဓာတ်အားရရှိဖို့ လိုအပ်နေပါတယ်။ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံးက ၆၃ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံးက ၂၁ ရာခိုင်နှုန်း၊ လမ်းမီးနဲ့အခြားက ၁၆ ရာခိုင်နှုန်း ရှိပါတယ်။

**မေး ။ ။ ဝေးလံတဲ့ဒေသတွေမှာ လျှပ်စစ်မီး ဘယ်လိုပေးနေလဲသိပါရစေ။**

ဖြေ ။ ။ ဓာတ်အားစနစ်ပြင်ပမှာ လျှပ်စစ်ဓာတ်အားကို အသေးစား ရေအားလျှပ်စစ်စက်ရုံ ၃၂ ရုံ ၃၄ ဒသမ ၁၇၄ မဂ္ဂါဝပ်၊ ဒီဇယ်ဓာတ်အားပေးစက် ၆၀၆ လုံး ၈၇ ဒသမ ၆၃၄ မဂ္ဂါဝပ်နဲ့ ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။

အခြားနည်းလမ်းတွေဖြစ်တဲ့ Solar Home စနစ်၊ စပါးခွံလောင်စာ၊ ဇီဝလောင်စာနဲ့ အိမ်နီးချင်းနိုင်ငံတွေကနေ ဓာတ်အားရယူခြင်း စတာတွေနဲ့လည်း လျှပ်စစ်ဓာတ်အား သုံးစွဲနေကြတာရှိပါတယ်။

**မေး ။ ။ လျှပ်စစ်ဓာတ်အားလိုအပ်ချက် တိုးတက်လာပြီး လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ဖို့အတွက် ဘယ်လိုစီမံချက်တွေ ရေးဆွဲစီမံထားသလဲ သိလိုပါတယ်။**

ဖြေ ။ ။ Demand Forecast အရ အခု ၂၀၁၈ ခုနှစ်မှာ ၃၅၈၇ မဂ္ဂါဝပ်၊ ၂၀၁၉ ခုနှစ်မှာ ၄၀၃၂ မဂ္ဂါဝပ်၊ ၂၀၂၀ ပြည့်နှစ်မှာ ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၁ ခုနှစ်မှာ ၅၀၉၂ မဂ္ဂါဝပ်၊ ၂၀၂၂ ခုနှစ်မှာ ၅၇၂၇ မဂ္ဂါဝပ်ထိ တိုးတက်လာမယ်လို့ ခန့်မှန်းထားပါတယ်။

လက်ရှိမှာ ၃၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်တာကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ်မတိုင်မီ မဂ္ဂါဝပ် ၃၀၀၀ ကျော် ထပ်မံထုတ်လုပ်ဖို့ လိုအပ်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရေအားစီမံကိန်း (အထက်ကျိုင်းတောင်း၊ အထက်ရဲရွာ၊ အလယ်ပေါင်းလောင်း၊ ဒီးဒုတ် )လေးခုမှ ၄၉၇ မဂ္ဂါဝပ်၊ ပြည်တွင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း [သာကေတ၊ သထုံ၊ မြင်းခြံ၊ ဘဲလင်း GEG၊ မြန်အောင် GEG၊ ရွာမ(WB)]ခြောက်ခုက ၇၉၄ မဂ္ဂါဝပ် ၊ LNG သုံး စီမံကိန်း(အလုံ၊ ကန်ပေါက်)နှစ်ခုက ၁၂၅၀ မဂ္ဂါဝပ်၊ HFO သုံး စီမံကိန်း [ရန်ကုန်(NIHC) ၊ ရန်ကုန်(Kar power)] နှစ်ခုမှ ၆၀၀ မဂ္ဂါဝပ်နဲ့ Solar စီမံကိန်း (မင်းဘူး) တစ်ခုက ၁၇၀ မဂ္ဂါဝပ်တို့နဲ့ စုစုပေါင်း ၃၃၁၁ မဂ္ဂါဝပ် ရရှိဖို့ စီမံလျာထားခဲ့ပါတယ်။

စီမံချက်အတိုင်း အကောင်အထည်ဖော် တည်ဆောက်နိုင်မယ်ဆိုရင် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တဲ့အပြင် ၂၀၂၁ မှာ ၄၂၈ မဂ္ဂါဝပ်၊ ၂၀၂၂ မှာ ၆၈၈ မဂ္ဂါဝပ်ခန့်ကို Reserve ထားရှိနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ ထုတ်လုပ်မှုအပိုင်းမှာ LNG စက်ရုံတွေ ဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ထုတ်လုပ်မှု အပိုင်းမှာ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုတဲ့ ကုမ္ပဏီတွေနဲ့ Power Purchase Agreement (PPA) ဆွေးနွေးခြင်း၊ Delivery ဆွေးနွေးခြင်း၊ ထွက်ရှိလာတဲ့ ဓာတ်အားကို ဖြန့်ဖြူးဖို့ ဓာတ်အားလိုင်းတွေ Transmission Line ပါဝင်မှု ဆွေးနွေးခြင်း၊ ငွေပေးချေမှု စတာတွေကို အဆင့်ဆင့်ဆွေးနွေးပြီး နိုင်ငံရဲ့ဓာတ်အားလိုအပ်ချက်၊ ပြီးတော့ နိုင်ငံတော်ရဲ့မူဝါဒတွေနဲ့ ကိုက်ညီတဲ့ LNG စက်ရုံ လေးခုကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး ။ ။ LNG စက်ရုံ လေးရုံ အခြေအနေကိုလည်း ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ LNG စက်ရုံလေးခုကတော့ တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်ဒေသက LNG စက်ရုံ စီမံကိန်းမှာ TOTAL ကုမ္ပဏီရဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း စခန်းဧရိယာအတွင်းမှာ ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီနဲ့ ဂျာမနီနိုင်ငံ SIEMENS ကုမ္ပဏီတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ ဓာတ်အားပေးစက်ရုံမှာ သုံးစွဲမယ့် LNG ကို Floating Storage Regasification Unit (FSRU) နဲ့ ဓာတ်အားပေး

*စာမျက်နှာ ၈ သို့*



မန္တလေးတိုင်းဒေသကြီး မြင်းခြံ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

**“တိုင်းပြည်မှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ပထမမေးခွန်းကတော့ ဒီမေးခွန်းပဲ၊ အရင်တုန်းက ဒီမေးခွန်းကို မဖြေနိုင်ခဲ့ဘူး၊ အခုတော့ ကျွန်တော်တို့ ဖြေနိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လာပြီးမေးရင် ရင်းနှီးမြှုပ်နှံသူတို့လည်း စပြီးရင်းနှီးပါ၊ မြှုပ်နှံပါ၊ ရင်းနှီးမြှုပ်နှံသူတို့ ရင်းနှီးမြှုပ်နှံတဲ့အချိန် ၂၀၂၀ ဝန်းကျင်လောက်ကျရင် ကျွန်တော်တို့ဘက်ကလည်း လျှပ်စစ်က ရင်းနှီးမြှုပ်နှံသူတွေ လိုချင်တဲ့ Reliable ဖြစ်တဲ့၊ အရည်အသွေးရှိတဲ့ လျှပ်စစ်မျိုး ကျွန်တော်တို့ဘက်ကလည်း တာဝန်ယူပါတယ်၊ လုပ်ပေးနိုင်ပါတယ်လို့ စပြောနိုင်တဲ့ အချိန်၊ နေ့လေးတစ်ခုတော့ ရောက်သွားပြီလို့ ပြောချင်ပါတယ်”**

စာမျက်နှာ ၈ မှ

စက်ရုံကို ပိုက်လိုင်းနဲ့ သွယ်တန်းမှာ ဖြစ်ပါတယ်၊ သဘာဝ ဓာတ်ငွေ့စက်ရုံက Combined Cycle Power Plant ဖြစ်ပြီး Gas Turbine နှစ်လုံး ၄၁၀ မဂ္ဂါဝပ်နဲ့ Steam Turbine တစ်လုံး ၄၁၀ မဂ္ဂါဝပ် ထွက်ရှိမှာ ဖြစ်ပါတယ်။ ၅၀၀ ကေဗွီ ကံပေါက်-မော်လမြိုင်-ဘုရားကြီး ဓာတ်အားလိုင်း ၂၈၀ မိုင်၊ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံနဲ့ (FSRU) နဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေ ပါဝင်မှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရန်ကုန်တိုင်းဒေသကြီး အလုံမှာရှိတဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပိုင် ဓာတ်အားပေးစက်ရုံဝင်းအတွင်း မြေလွတ်ပေါ်မှာ ၃၅၆ မဂ္ဂါဝပ် LNG သုံး ဓာတ်အားပေးစက်ရုံကို TTCL Public Company Limited ရဲ့ရင်းနှီး မြှုပ်နှံမှုနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဓာတ်အားပေးစက်ရုံမှာ သုံးစွဲမယ့် LNG ကို Floating Storage Re-gasification Unit နဲ့ ရန်ကုန် မြစ်ဝသန်လျင်မှာ ဆိုက်ကပ်ပြီး ပိုက်လိုင်းနဲ့ သွယ်တန်းဖို့ စီစဉ်ထားပါတယ်။ ဒီဓာတ်အားပေးစက်ရုံမှာ Gas Turbine နှစ်လုံး ၁၁၇ မဂ္ဂါဝပ်နဲ့ Steam Turbine တစ်လုံး ၁၂၂ မဂ္ဂါဝပ် အမျိုးအစား ဖြစ်ပြီးတော့ ထွက်ရှိလာမယ့် ဓာတ်အားကို ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ ဓာတ်အားလိုင်းနဲ့ ဓာတ်အားစနစ်အတွင်း ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၃၂၀ သန်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ် မီးလောင်ကျွင်ဒေသ ၁၃၉၀ မဂ္ဂါဝပ် LNG သုံး ဓာတ်အားပေးစက်ရုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhefu Holding Group Co., Ltd နဲ့ မြန်မာနိုင်ငံ Supreme Trading Co., Ltd တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဓာတ်အားပေးစက်ရုံမှာ သုံးစွဲမယ့် LNG ကို Floating Storage Unit (FSU) Vessel နဲ့ ဒီစက်ရုံအနီး ဆိုက်ကပ်ပြီးတော့ ပိုက်လိုင်းနဲ့ သွယ်တန်းရန် စီစဉ်ထားပါတယ်။

ဓာတ်အားပေးစက်ရုံမှာ ၂၂၅ မဂ္ဂါဝပ် Gas Turbine လေးလုံး၊ ၂၄၅ မဂ္ဂါဝပ် Stream Turbine Generator နှစ်လုံး၊ Efficiency ၅၅ ဒသမ ၂၃ ရာခိုင်နှုန်းရှိပြီး ထွက်ရှိလာမယ့် ဓာတ်အားကို မီးလောင်ကျွင်-လှိုင်သာယာ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ၁၇၀ မိုင်နဲ့ ဓာတ်အားခွဲရုံတွေကို Built & Transfer(BT)စနစ် အခြေခံပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စီမံကိန်း ရင်းနှီးမြှုပ်နှံမှုမှာ (၂ ဒသမ ၅၀၇)ဘီလီယံဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှာတော့ လက်ရှိ ကျောက်ဖြူ Gas Engine စက်ရုံဝင်း အတွင်းမှာ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နဲ့ စွန့်ပစ်အပူသုံး ဓာတ်အားပေး စက်ရုံစီမံကိန်းကို တရုတ်နိုင်ငံ Sinohydro Corporation Limited (POWER CHINA)နဲ့ မြန်မာနိုင်ငံ Supreme Trading Co., Ltd တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွှေသဘာဝဓာတ်ငွေ့ကို အသုံးပြုပြီးတော့ ဓာတ်အားထုတ်လုပ်သွားဖို့ ဖြစ်ပါတယ်။

ဓာတ်အားပေးစက်ရုံမှာ ၄၅ မဂ္ဂါဝပ် Gas Turbine နှစ်လုံး၊ ၄၅ မဂ္ဂါဝပ် Stream Turbine Generator နှစ်လုံး၊ (Efficiency ၅၅ ဒသမ ၃၁ ရာခိုင်နှုန်း) ရှိပြီး ထွက်ရှိလာမယ့် ဓာတ်အားကို ၂၃၀ ကေဗွီ တောင်ကုတ်-မအီ-ကျောက်ဖြူ ဓာတ်အားလိုင်းနဲ့ ခွဲရုံတွေကတစ်ဆင့် ဖြန့်ဖြူး ဆောင်ရွက်သွားပါမယ်။

စီမံကိန်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ဖြစ်ပါတယ်။

# “ကျွန်တော်တို့က တိုင်းပြည်တိုးတက်ဖွံ့ဖြိုးစေချင်တယ်၊ တစ်ဖက်ကလည်း လမ်းပန်းဆက်သွယ်ရေးပေါ့၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားတဲ့ မူဝါဒနဲ့ တော်တော်များများကတော့ လမ်းပန်းဆက်သွယ်ရေးပိုင်းလည်း ဆောင်ရွက်ခဲ့တယ်၊ ပထမ နှစ်နှစ်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးလုပ်ခဲ့တဲ့အတွက် အဲဒီဘက်မှာ အခြေအနေတစ်ခုတော့ ရောက်သွားပြီ၊ နောက်တစ်ဆင့်လုပ်ဖို့လိုတာက လျှပ်စစ်ကဏ္ဍပေါ့၊ လမ်းပန်းဆက်သွယ်ရေး ကောင်းလာသလို လျှပ်စစ်ကောင်းဖို့ လိုပါတယ်၊ လျှပ်စစ်ကောင်းတယ်ဆိုတာကတော့ နံပါတ်တစ်က ပြည်သူလူထုလိုချင်တဲ့အချိန်မှာ ရရမယ်၊ လျှော့က်လွှာတွေနဲ့ ခက်ခက်ခဲခဲကြီးတွေ မဖြစ်စေရဘူး”



ဆောင်ရွက်ပြီး မော်လမြိုင် ၂၃၀ မဂ္ဂါဝပ် (Combined Cycle Power Plant ) ဓာတ်အားပေး စက်ရုံ

**မေး ။ ။ အနာဂတ်မှာ ဓာတ်အား သယ်ယူဖြန့်ဖြူးနိုင်ဖို့အတွက် ဓာတ်အားလိုင်းတွေ ဆောင်ရွက်မယ့် အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ဓာတ်အားလိုင်းတွေ တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက် Southern, Northern, Western နဲ့ Eastern Grid တွေ ပိုင်းခြားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ Northern Grid အပိုင်းမှာ ၅၀၀ ကေဗွီ ဝိုင်းမော်-နဘား-မိတ္ထီလာ ဓာတ်အားလိုင်းနဲ့ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံတွေ၊ Southern Grid မှာ ၅၀၀ ကေဗွီ ကံပေါက်-မော်လမြိုင်-ဘုရားကြီး ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ၊ Eastern Grid မှာ ၅၀၀ ကေဗွီ မူဆယ်-မိုင်းရယ်-လွိုင်ကော်-ဘုရားကြီး-ရန်ကုန် ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ၊ Western Grid ၅၀၀ ကေဗွီ တမူး-ညောင်ပင်ကြီး-ဟသ်ာတ-ရန်ကုန် ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ ဆောင်ရွက်ဖို့ စီမံထားရှိပါတယ်။

**မေး ။ ။ ဒီလို ဆောင်ရွက်မှုကြောင့် အကျိုးကျေးဇူး သက်ရောက်မှုတွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ဒီဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ တိုးချဲ့ဆောင်ရွက်မှုကြောင့် အထူးစီးပွားရေးဇုန်တွေဖြစ်တဲ့ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ်၊ မူဆယ်နဲ့ နိုင်ငံအတွင်း ခရီးသွားဒေသတွေဖြစ်တဲ့ ပုဂံ၊ အင်းလေး၊ ညောင်ဦးနဲ့ မန္တလေး တို့အတွက် အထောက်အကူဖြစ်စေရုံမျှမက စီးပွားရေးစကြံဖြစ်တဲ့ တရုတ်နိုင်ငံက ဆောင်ရွက်တဲ့ One-Belt-One-Road စီမံကိန်း၊ Trilateral (India-Myanmar-Thailand) မဟာမဲခေါင်ဒေသခွဲ(Greater-Mekong Sub-Region)၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ (East West Economic Corridor) တို့ အတွက်လည်း အထောက်အကူဖြစ်ပါတယ်။ ဒ့ါပြင် Cross Border Power Trading ဖြစ်ဖို့ အိမ်နီးချင်း နိုင်ငံတွေနဲ့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး အတွင်း ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိပါရစေ။**

ဖြေ ။ ။ လက်ရှိမှာ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဓာတ်အားဖြန့်ဖြူးနိုင်ဖို့ ထရန်စဖော်မာတွေ ထပ်မံတိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးသစ်တွေ လဲလှယ်တပ်ဆင်ပေးခြင်း၊ ဓာတ်အားလိုင်းကြိုးတွေ ရှည်လျားနေမှုအတွက် ဓာတ်အားသုံးစွဲသူတွေကို အခြား ထရန်စဖော်မာတွေမှာ ရွှေ့ပြောင်းပေးခြင်း (Load Share ပြုလုပ်ခြင်း)၊ သစ်ပင်သစ်ကိုင်းတွေ ရှင်းလင်းခြင်း၊ ရုပ်ထွေးဆားဗစ်ဝိုင်ယာများ ရှင်းလင်းခြင်း၊ ဗို့အားနဲ့ ဝန်အားမပြည့်မီတဲ့ နေရာတွေမှာ ထရန်စဖော်မာတွေ တိုးချဲ့တပ်ဆင်ပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြီးတော့ ဓာတ်အားပြတ်တောက်မှုတွေ အမြန်ဆုံးဖြေရှင်းနိုင်ဖို့ Call Center တွေ ထားရှိ ဆောင်ရွက်ဖြေရှင်းလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ နိုင်ငံတော်မှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း၊ ဂျပန်ချေးငွေ (JICA)၊ World Bank Loan (NEP Plan)၊ ADB Loan နဲ့ ဆောင်ရွက်ထားရှိပြီး ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ရန်ကုန်က ကျေးရွာ ၂၀၆ ရွာ၊ မီးသုံးစွဲသူ ၂၃၆၀၃ ဦးနဲ့ မန္တလေးက ကျေးရွာ ၃၉၃ ရွာ၊ မီးသုံးစွဲသူ ၇၉၄၄၅ ဦးတို့အတွက် တိုးတက်ဖြန့်ဖြူးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ Mini Source များနဲ့ ဆောင်ရွက်နေမှုနဲ့ ထုတ်လုပ်မှုအပိုင်းမှာ အခြားစွမ်းအင်တွေနဲ့ ဆောင်ရွက်နေမှု အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ National Grid နဲ့ အလှမ်းကွာဝေးတဲ့ နေရာတွေဖြစ်တဲ့ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှာ ၃ ဒသမ ၂ မဂ္ဂါဝပ် အထက်နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် မာန်အောင်ကျွန်းမှာလည်း ၅ မဂ္ဂါဝပ်ထွက်ရှိမယ့် Solar Power Plant ကို Posco Daewoo ကနေ စူးစမ်းဆောင်ရွက်မှုတွေ ဆောင်ရွက်ထားပါတယ်။ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ၃၂ ရုံ စီမံကိန်းတွေ၊ Solar Power Plant တွေ ထုတ်လုပ်ပြီး Mini Grid တွေ တည်ဆောက်ပြီး ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

Renewable Energy အပိုင်းမှာဆိုရင် နေရောင်ခြည်သုံး ဓာတ်အားပေး စက်ရုံတွေအနေနဲ့ မင်းဘူး ၂၂၀ မဂ္ဂါဝပ် နဲ့ ဝမ်းတွင်း ၃၀၀ မဂ္ဂါဝပ်တို့ တည်ဆောက်လျက်ရှိပြီး စူးစမ်းလေ့လာမှုအနေနဲ့ Geothermal ၊ Ocean Energy နဲ့ Tidal Energy တို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**


ဖြေ ။ ။ ကျွန်တော်တို့က တိုင်းပြည် တိုးတက်ဖွံ့ဖြိုးစေချင်တယ်။ တစ်ဖက်ကလည်း လမ်းပန်းဆက်သွယ်ရေးပေါ့၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားတဲ့ မူဝါဒနဲ့ တော်တော်များများကတော့ လမ်းပန်းဆက်သွယ်ရေးပိုင်းလည်း ဆောင်ရွက်ခဲ့တယ်။ ပထမ နှစ်နှစ်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးလုပ်ခဲ့တဲ့အတွက် အဲဒီဘက်မှာ အခြေအနေတစ်ခုတော့ ရောက်သွားပြီ၊ နောက်တစ်ဆင့် လုပ်ဖို့လိုတာက လျှပ်စစ်ကဏ္ဍပေါ့၊ လမ်းပန်းဆက်သွယ်ရေး ကောင်းလာသလို လျှပ်စစ်ကောင်းဖို့ လိုပါတယ်။

စာမျက်နှာ ၁၀ သို့



၂၃၀ ကေဗွီ ကျိုက်လတ် ဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို တွေ့ရစဉ်။

**အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက် (National Electricity Master Plan) အရ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်များ တိုးတက်လာမည့် အခြေအနေကို ခန့်မှန်းခြင်း**





**LNG နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ**

| စဉ် | စီမံကိန်းအမည် | စက်တပ်ဆင်အင်အား (မဂ္ဂါဝပ်) | စီမံကိန်းကုန်ကျစရိတ် (ဘီလီယံ) | ဓာတ်အားရရှိမည့် အိမ်ထောင်စုပေါင်း |
|---|---|---|---|---|
| ၁ | ကန်ပေါက် (LNG) | ၁၂၃၀ | ၂.၁၆၁ | ၁ သန်း |
| ၂ | အလုံ (LNG) | ၃၅၆ | ၀.၃၂၁ | ၀.၃၅ သန်း |
| ၃ | မီးလောင်ကျွင် (LNG) | ၁၃၉၀ | ၂.၅၀၇ | ၁.၁ သန်း |
| ၄ | ကျောက်ဖြူ (Gas) | ၁၃၅ | ၀.၁၈၀ | ၀.၁ သန်း |
| | စုစုပေါင်း | ၃,၁၁၁ | ၅.၁၆၉ | ၂.၅၅ သန်း |

ဧရာဝတီတိုင်းဒေသကြီး၏ လက်ရှိ မီးလင်းပြီး ၁၇.၄ %
လက်ရှိ IPP များ၏ ဓာတ်အားခနှုန်းထား ၁၃.၃၁ ဆင့် (အလုံ Toyo Thai)

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ၏ စုစုပေါင်း စက်တပ်ဆင်အင်အားအခြေအနေ**



# LNG ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရန် စီမံကိန်းဆောင်ရွက်မည့် ကုမ္ပဏီများသို့ Notice to Proceed ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ LNG ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းဆောင်ရွက်မည့် ကုမ္ပဏီများသို့ Notice to Proceed ပေးအပ်သည့် အခမ်းအနားကို နေပြည်တော်ရှိ Horizon Lake View Hotel ၌ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ဝန်ကြီးဌာန မှ အကောင်အထည်ဖော်မည့် LNG To Power Project မိတ်ဆက်ဗီဒီယိုအား ပြသခဲ့ပြီး လုပ်ငန်းရှေ့ဆက်လက်ဆောင်ရွက်ရန်အတွက် Notice To Proceed စာချုပ် လက်မှတ်ရေးထိုး ခဲ့ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် ကန်ပေါက်ဒေသ၌ ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ် အားပေးစက်ရုံစီမံကိန်းကို Total Gas & Power Business Services S.A.S နှင့် SIEMENS A.G တို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မီးလောင်ဂျိုင် ဒေသ၌ ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို Zhefu Holding Group Co.,Ltd.နှင့် Supreme Trading Co.,Ltd. တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ်အားပေးစက်ရုံစီမံ ကိန်းအား TTCL Public Company Limited မှ တာဝန်ရှိသူ နှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူဒေသ၌ ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့ရည်(LNG) သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအား Sinohydro Corporation Limited နှင့် Supreme Trading Co.,Ltd တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း လက်မှတ်ရေးထိုး၍ စာချုပ်များ အပြန်အလှန် လဲလှယ်သည်။

**သတင်းစဉ်**

# လျှပ်စစ်ကဏ္ဍစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ကဏ္ဍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်မူဝါဒနှင့်အညီ ပြည်တွင်း၌ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးသွားနိုင်ရန် ကာလတို၊ ကာလရှည် စီမံချက်များချမှတ်၍ စီမံကိန်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဓာတ်အားဖြန့်ဖြူးရေးအပိုင်း အနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို အချိန်မီ ပြီးစီးနိုင်ရေး၊ မြို့နယ်များအလိုက် ဗို့အားပြည့်မီစွာ၊ ဓာတ်အားလုံလောက်စွာနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်ဆဲနှင့် ထပ်မံဆောင်ရွက်မည့် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းများကို သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စီမံကိန်းညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လျှပ်စစ်အင်ဂျင်နီယာများက တင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညွှန်ကြားကာ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၉ မှ*

လျှပ်စစ်ကောင်းတယ်ဆိုတာကတော့ နံပါတ်တစ်က ပြည်သူလူထုလိုချင်တဲ့အချိန်မှာ ရရမယ်။ လျှောက်လွှာတွေနဲ့ ခက်ခက်ခဲခဲကြီးတွေ မဖြစ်စေရဘူး။ ပြည်သူလူထုကို လျှပ်စစ်ကို ဖူဖူလုံလုံ ပေးချင်တယ်။

တွက်ကြည့်လိုက်တော့ နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ လိုတယ်။ LNG Four Project ကလည်း ၃၀၀၀၊ အချိန်တိုအတွင်း အရှည်ကြီးတွေ လုပ်နေတာတော့ တစ်ပိုင်းပေါ့၊ အချိန်တိုအတွင်းမှာဆိုရင် ၃၀၀၀ လောက်တော့ရသွားမယ်။ ၃၀၀၀ လောက်ရသွားရင်တော့ ကျွန်တော်တို့ တိုင်းပြည် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ လုပ်လာတာ အခု မဂ္ဂါဝပ် ၄၀၀၀၊ ၅၀၀၀ လောက်ပဲရတယ်။ အခု နှစ်နှစ်ခွဲ သုံးနှစ်လောက် လုပ်လိုက်ရင် နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ရမယ်ဆိုရင်တော့ လျှပ်စစ်နဲ့ပတ်သက်လို့ Supply Side ကတော့ ဖူလုံသွားပြီ၊ Transmission အပိုင်းကတော့ Northern၊ Southern ၊ Eastern နဲ့ Western Grid ဒါတွေကို နှစ်နှစ်ခွဲအတွင်း ဆောင်ရွက်လိုက်မယ်ဆိုရင် ဒီအပိုင်း ကျွန်တော်တို့ တော်တော်စိတ်ချသွားရပြီ။

ကျန်တာကတော့ Distribution ပေါ့၊ Distribution ဆိုတာကတော့ ရန်ကုန်နဲ့ မန္တလေးတို့လို မြို့ကြီးတွေမှာ ဖြန့်ဖြူးတဲ့နေရာမှာ ပိုပြီးတော့ Smart Technology သုံးဖို့ လိုလာတယ်။ နောက်ပြီးတော့ မီတာစနစ်တွေပေါ့၊ မီတာစနစ်တွေကလည်း Smart Meter တွေ၊ လူက ဖတ်တာနဲ့စာရင် စနစ်နဲ့ ဒါတွေကို အငြင်းပွားစရာမရှိအောင်၊ သံသယမရှိအောင် ဆက်လက်ပြီး ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက မီတာစနစ်ကိုလည်း ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကစပြီး လူထုတွေ တကယ်သုံးစွဲနိုင်တဲ့ မီတာအဆင့်အမျိုးမျိုးပေါ့၊ ဒါလည်း Four Meter System လိုခေါ်တယ်၊ မီတာ လေးမျိုးပေါ့၊ အရင်တုန်းကတော့မရှိဘူး၊ မီတာတစ်မျိုးပဲရှိတယ်။ ရွာလည်း ဒီမီတာ၊ မြို့လည်း ဒီမီတာပဲ အကုန်လုံးက ဒီမီတာပဲဆိုတော့ ဈေးကြီးတာပေါ့၊ လူထုက သိပ်မတတ်နိုင်ဘူး၊ မလိုဘဲနဲ့လည်း မီတာကြီးတွေတပ်ပြီး ဈေးကြီးတွေ ပေးနေရတာပေါ့။

ကျွန်တော်တို့က Four Meter System ဆိုပြီး လုပ်လိုက်တယ်၊ ကျေးလက်နဲ့ စပြီး လျှပ်စစ်သုံးတဲ့သူတွေအတွက်က ဈေးချိုတဲ့မီတာ၊ ဈေးချိုပေမယ့် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေ အကုန်ကိုက်ရတာပေါ့၊ ဒီလိုမီတာတွေပါတယ်။ မြို့ငယ်လေးတွေလည်း အိမ်သုံးလောက်ပဲ လုပ်တယ်။ မြို့ကြီးတွေကျတော့ အဲကွန်းတို့၊ စက်မှုသုံးတို့ ဧပြီလ ၁ ရက် ၂၀၁၈ ကနေစပြီးတော့ Four Meter System လုပ်မယ်၊ လူထုမှာ ရွေးချယ်စရာရှိတယ်။ လေးမျိုးရှိတဲ့အထဲက ကြိုက်နှစ်သက်ရာသုံးလို့ရတယ်၊ ရွေးချယ်ခွင့်ရှိတယ်။ ဈေးလည်း တော်တော်သက်သာသွားမယ်။ ဆိုလိုတာကတော့ နှစ်သောင်းခွဲ၊ သုံးသောင်း ဝန်းကျင်လောက်ပေါ့၊ လူထုအတွက် မီတာနဲ့ ပတ်သက်လို့ အတော်လေး အဆင်ပြေသွားမယ်။

မြို့နေ လူတွေကျတော့ ကျွန်တော်တို့ အခုသုံးတဲ့ မီတာရဲ့ အရည်အသွေးတွေကလည်း Radio Frequency ကို သုံးနိုင်တဲ့ဟာတွေ တဖြည်းဖြည်း ပြောင်းသွားတာပေါ့၊ အရင်အဟောင်းတွေလည်း ကျန်သေးတယ်။ ချက်ချင်းတော့ မရဘူး၊ ၂ နှစ်၊ ၃ နှစ်ဆိုရင်တော့ တဖြည်းဖြည်းနဲ့ မီတာတွေလည်း လဲပေးသွားမှာပါ၊ လူထုကလည်း သူသုံးသလောက် သူသိမှာပေါ့၊ အခုနပြောတဲ့ သံသယတွေ မရှိတော့ဘူးပေါ့၊ ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းကောင်းပေးချင်တယ်၊ ပြည်သူလူထု သိသင့်သိထိုက်တာက ခလုတ်ဖွင့်ရင် မီးလာမယ်၊ ဒါပဲသိသင့်တယ်၊ ကျန်တာသိနေရင် ကျွန်တော်တို့ဘက်က တစ်ခုခု အားနည်းနေလို့ပါ။ အခု ကျွန်တော်တို့ သွားနေတဲ့ ပုံစံက လူထုက မီးဖွင့်ရင် မီးလာမယ်။ ကျသင့်တဲ့ အခပေးရုံပဲ၊ ရတဲ့မီးကလည်း အရည်အသွေးရှိတဲ့ လျှပ်စစ်မီးဖြစ်ရမယ်။ ငြိမ်ရမယ်၊ Rotate တွေ မှန်ရမယ်၊ Frequency တွေ မှန်ရမယ်။

ရင်းနှီးမြှုပ်နှံသူတွေကျတော့လည်း ဒါကို ကြည့်ပါတယ်။ တိုင်းပြည်မှာ ရင်းနှီး မြှုပ်နှံမယ်ဆိုရင် ပထမ မေးခွန်းကတော့ ဒီမေးခွန်းပဲ၊ အရင်တုန်းက ဒီမေးခွန်းကို မဖြေနိုင်ခဲ့ဘူး၊ အခုတော့ ကျွန်တော်တို့ ဖြေနိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေလာပြီး မေးရင် ရင်းနှီးမြှုပ်နှံသူတို့လည်း စပြီးရင်းနှီးပါ၊ မြှုပ်နှံပါ၊ ရင်းနှီးမြှုပ်နှံသူတို့ ရင်းနှီးမြှုပ်နှံတဲ့အချိန် ၂၀၂၀ ဝန်းကျင်လောက်ကျရင် ကျွန်တော်တို့ဘက်ကလည်း လျှပ်စစ်က ရင်းနှီးမြှုပ်နှံသူတွေ လိုချင်တဲ့ Reliable ဖြစ်တဲ့၊ အရည်အသွေးရှိတဲ့ လျှပ်စစ်မျိုး ကျွန်တော်တို့ဘက်ကလည်း တာဝန်ယူပါတယ်။ လုပ်ပေးနိုင်ပါတယ်လို့ စပြောနိုင်တဲ့ အချိန်၊ နေ့လေးတစ်ခုတော့ ရောက်သွားပြီလို့ ပြောချင်ပါတယ်။

**အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း-ဟန်နီ၊ မွှေးကြူ**
**ဓာတ်ပုံ-ရှင်မင်း**



**၁၃၉၀ မဂ္ဂါဝပ် LNG သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (မီးလောင်ဂျိုင်)**

> **“ ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းကောင်းပေးချင်တယ်၊ ပြည်သူလူထု သိသင့်သိထိုက်တာက ခလုတ်ဖွင့်ရင် မီးလာမယ်၊ ဒါပဲသိသင့်တယ်၊ ကျန်တာသိနေရင် ကျွန်တော်တို့ဘက်က တစ်ခုခု အားနည်းနေလို့ပါ။ အခု ကျွန်တော်တို့သွားနေတဲ့ ပုံစံက လူထုက မီးဖွင့်ရင် မီးလာမယ်။ ကျသင့်တဲ့ အခပေးရုံပဲ၊ ရတဲ့မီးကလည်း အရည်အသွေးရှိတဲ့ လျှပ်စစ်မီးဖြစ်ရမယ်။ ငြိမ်ရမယ်၊ Rotate တွေ မှန်ရမယ်၊ Frequency တွေ မှန်ရမယ်။ ”**

*စာမျက်နှာ ၇ မှ*

အမှိုက်ပုံများ သတ်မှတ်ရာတွင် မြို့၏ အစွန်ဆုံးနေရာများကို သတ်မှတ်ကြောင်း၊ အမှိုက်ပုံသည် လူရှိရာနေရာသို့ ရွှေ့လာခြင်းမျိုးမဟုတ်ဘဲ အမှိုက်ပုံရှိရာသို့ ဖွံ့ဖြိုးတိုးတက်မှုကြောင့် လူများက ရွှေ့လာသည့်အတွက်ကြောင့် အမှိုက်ပုံကို ထပ်ရွှေ့ရခြင်းဖြစ်ကြောင်း၊ အမှိုက်ပုံများကို သင့်တော်သည့်မြေနေရာ၊ လူနေရပ်ကွက်များနှင့် ဝေးရာတွင် ရှာရသည့်အတွက်ကြောင့် နေရာရှာရသည့် အခက်အခဲရှိကြောင်း၊ သို့သော် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် ဒလ- တွံတေးကားလမ်းတွင်ရှိသည့် အမှိုက်ပုံကြီးကို မြေနေရာရှာဖွေရန် ဆောင်ရွက်မည်ဖြစ်ပြီး သင့်တော်သည့် မြေနေရာရရှိပါက ရန်ကုန်-ဒလ တံတား တည်ဆောက်ပြီးစီးသည့်အခါတွင် အမှိုက်မီးရှို့စက်ရုံ တည်ဆောက်ရန် အစီအစဉ်ရှိကြောင်းနှင့် လတ်တလောအခြေအနေတွင်မူ မြေကျင်းတူးပြီး စနစ်တကျမြှုပ်နှံသည့်စနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အင်းတော်မြို့၌ စာပေဟောပြောပွဲ ကျင်းပ

**အင်းတော် ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ ဆရာအကြီးကိုကို(ကသာ)က “သွားကြမယ်ဒီမိုကရေစီနိုင်ငံတော်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဆရာကောင်းသန့်က “ ဆင်းရဲတွင်းက ခုန်တက်ဖို့ စာဖတ်ကြစို့” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ ဆရာကြည်စိုးထွန်းက “ကံ ” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြရာ ဟောပြောပွဲသို့ စာပေစိတ်ဝင်စားသူများ ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ရွှေတိဂုံစေတီတော် (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲ လှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲ လှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ထန်းပင်ကုန်းကွင်း၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အလှည့်ကျ သဘာပတိ ဦးအောင်မြတ်က မင်္ဂလာစကား ပြောကြားသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးအောင်မြတ်နှင့် ဂေါပက အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု ငွေကျပ်ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ စတုတ္ထဆုငွေကျပ် ငါးသိန်း၊ ပဥ္စမဆု ငွေကျပ် လေးသိန်း၊ နှစ်သိမ့်ဆု ငါးဆုအတွက် ဆုငွေကျပ် သုံးသိန်းစီနှင့် ဆုအသီးသီးအတွက် ဆုကလပ်တစ်ခုစီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲမှရရှိလာသည့် ထမနဲများကို ရှင်တော်မြတ်ဘုရားနှင့် သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဘုရားအမှူးပြုသော သံဃာတော် ၆၂ ပါးအား ထမနဲဆွမ်းတော်ကြီး လောင်းလှူခြင်း၊ အလှူရှင်များအား ဒါနပြုခြင်းနှင့် ခုနစ်ရက်သားသမီးများအား ဝေငှကုသိုလ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**

**ဓာတ်ပုံ-ဇော်မင်းလတ်**



# "စု"အသက်မွေးဝမ်းကျောင်းသိပ္ပံ(ပညာဒါန) ကျောင်းဆောင်သစ်ဖွင့်ပွဲ လှိုင်သာယာမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်က ပြုလုပ်သည့် "စု" အသက်မွေးဝမ်းကျောင်းသိပ္ပံ (ပညာဒါန) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ အဆိုပါကျောင်း၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား နိုင်ငံတော်သီချင်းဖြင့် သီဆို၍ အလေးပြုပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အဆောက်အအုံ အလှူရှင် Mr. Yukio Kagaya၊ ကွန်ပျူတာအလှူရှင် Mr.Yoshiaki Banino နှင့် မြေကွက်အလှူရှင် ဒေါ်လဲ့လဲ့တို့က "စု" အသက်မွေးဝမ်းကျောင်းသိပ္ပံ(ပညာဒါန) ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ကျောင်းအဆောက်အအုံ လှူဒါန်းသော ဂျပန်နိုင်ငံမှအလှူရှင် Mr. Yukio Kagaya က လှူဒါန်းမှုဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် MPT မှ ကိုယ်စားလှယ်တစ်ဦးက အမေ့အိမ် ပညာဒါနကျောင်းသို့ ကွန်ပျူတာများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးအောင်လေးနွယ် (ခေါ်) ကိုငယ်က "ဒီအဆောက်အအုံကို ခုနစ်လလောက် ဆောက်ခဲ့ရတာပါ၊ အခုတော့ အဆောက်အအုံကြီး ပြီးမြောက်အောင်မြင်သွားပြီဖြစ်တဲ့အတွက် သင်တန်းတွေ စတင်ဖွင့်လှစ်ပါတော့မယ်၊ သင်တန်းအနေနဲ့ အဓိကကတော့ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်နဲ့အညီ အသက်မွေးဝမ်းကျောင်း ပညာသီးသန့်သင်မယ့်ကျောင်းဖြစ်ပါတယ်၊ အခုဆိုရင် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်၊ ဂျပန် စကားပြော သင်တန်းတွေကိုလည်း စတင်သင်ကြားပေးနေပါပြီ။ ကျောင်းသားလက်ခံတဲ့အပိုင်းအနေနဲ့ကတော့ ပညာအရည်အချင်းကန့်သတ်ထားတာမျိုး မရှိပါဘူး၊ ဒါပေမယ့် အလုပ်သမားဥပဒေအရ အသက်ကတော့ကန့်သတ်ထားပါတယ်၊ အသက် ၁၇ နှစ် ရဲ့ အထက်ကိုသာ ပညာသင်ကြားပေးမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

လူငယ်ထု၏ အရည်အသွေးကို မြှင့်တင်ကာ တိုင်းပြည် တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သော ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်နှင့် ကိုရီးယားဘာသာစကားသင်တန်း၊ အခြေခံ လျှပ်စစ်သင်တန်း၊ အခြေခံမိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းများကို အဆိုပါကျောင်း၌ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကိုရီးယား၊ တရုတ်ဘာသာစကားများအပြင် စက်ချုပ်သင်တန်းအစရှိသည့် အသက်မွေးဝမ်းကျောင်းပညာများကို တိုးချဲ့ဖွင့်လှစ်၍ သင်ကြားပို့ချသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယနေ့အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အဆိုပါ ကျောင်း၏ မြေနေရာကို ဦးအောင်သိန်း(ကွယ်လွန်)၊ ဒေါ်လဲ့လဲ့ မိသားစုမှ လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး**

## ရခိုင်ပြည်နယ်သတင်း

# ရခိုင်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ရှိ ပြည်နယ်လွှတ်ဝန်ထမ်းရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကလေးသူငယ်အခွင့်အရေးဆောင်ရွက်ပေးနေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဌာနဆိုင်ရာအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။ ယင်းနောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းသာက လိုအပ်သည်များဖြည့်စွက် ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များ ရှင်သန်ခွင့် အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ခွင့် အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ခွင့် အခွင့်အရေး၊ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးများကို အကောင်အထည်ဖော်နိုင်ရန်အတွက် "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ" အား ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သည့်အဖွဲ့ဝင် ၂၀ ဖြင့် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်က ဖွဲ့စည်းတာဝန် ပေးအပ်ထားကြောင်း သိရသည်။

**သတင်း- ဟန်လင်းနိုင်**

**ဓာတ်ပုံ- ဇော်ဇော်နိုင်**



## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသပေး

နေပြည်တော် ဇန်နဝါရီ ၃၀

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရေနော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ကာ ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ နွား ၄၀၆ ကောင်နှင့် ဆိတ် ၇၇၄ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှိန်မထိန်းနိုင်သော ပါဂျဲရိုးယာဉ်မြောင်းထဲထိုးကျပြီး မီးလောင်

**ဟုမ္မလင်း ဇန်နဝါရီ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့မ ရဲစခန်းနယ်မြေတွင် ဇန်နဝါရီ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ပါဂျဲရိုးယာဉ်တစ်စီး မြောင်းထဲထိုးကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟုမ္မလင်းမြို့နယ် ရွာမ တပ်ကုန်းကျေးရွာအနီး ဟုမ္မလင်း-နောင်ပိုအောင်ကားလမ်းတွင် နောင်ပိုအောင်ဘက်မှ ဟုမ္မလင်းဘက်သို့ ညွန့်မောင်(၂၄ နှစ်)ဟုမ္မလင်းမြို့၊ နောင်ဖာမူကျေးရွာနေသူ မောင်းနှင်လာသည့် 6D/....ပါဂျဲရိုးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲလမ်း၏ ဝဲဘက်မြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊



ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ရွာတည်းနေ ဒေါ်မြညို(၅၄နှစ်)၊ ဒေါ်မြင့်သိန်း(၃၂နှစ်)နှင့် ဒေါ်ဝင်းနီ (၃၆နှစ်) တို့တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မိုးညှင်း၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**မိုးညှင်း ဇန်နဝါရီ ၃၀**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သို့မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာနေ ဒေါ်တိုးဥ(၄၂နှစ်)၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် ထရံသို့ မီးကူးစက်လောင်ခဲ့ရာမှ အလျား ၂၄ ပေ၊ အနံ ၁၈ ပေရှိ သွပ်မိုးထရံကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်သည့်နေရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဟိန်းမင်းထိုက် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများက မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**ပင်လည်ဘူး ဇန်နဝါရီ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် နံ့တုံကျေးရွာအတွင်းမှ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီခန့်က ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်လှိုင်းပေါ့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် နံ့တုံကျေးရွာနေ အောင်သိန်း၏ နေအိမ်အား မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ အောင်သိန်းမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရမိပြီး ရှာဖွေခဲ့ရာ ၎င်းထံမှ ဘိန်းစိမ်း ၆၅ ဒသမ ၃၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တွေ့ရှိရသဖြင့် အောင်သိန်းအား ပင်လည်ဘူးမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဘီးလင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားရောင်းဝယ်သူများကို ထပ်မံဖမ်းမိ

**သထုံ ဇန်နဝါရီ ၃၀**
ဘီးလင်းမြို့နယ် တောင်စွန်းနယ်မြေအတွင်း စိတ်ကြွရူးသွပ်ဆေးပြားရောင်းဝယ်သူများကို ဇန်နဝါရီ ၂၈ ရက် ည ၉ နာရီခန့်က သက်ဆိုင်ရာမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များ၊ တောင်စွန်းနယ်မြေရဲစခန်းမှ ရဲအုပ်ဟန်တင့်နှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းရရှိ၍ ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ကျုံကမိစုကျေးရွာလမ်းဆုံ တောင်ကုန်းကျောင်းဘုန်းကြီးကျောင်းမုခ်ဦးရှေ့တွင် စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် လင်းထက်အောင်(ခ) ငထက်အား ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပတ်သက်၍ လင်းထက်အောင်(ခ)ငထက်အား မေးမြန်းရာ တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကင်းရွာကျေးရွာနေ စိုးသူထံမှာ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ပူးပေါင်းအဖွဲ့သည် စိုးသူ၏နေအိမ်သို့ သွားရောက်ရှာဖွေရာ တစ်စုံတစ်ရာရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် စိုးသူအား ဆက်လက်မေးမြန်းခဲ့ရာ အဆိုပါဆေးပြားများကို ပေါက်တောကျေးရွာနေ ကျော်စွာဝင်းထံမှ တစ်ပြားလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့သော ဆေးပြားများဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကွင်းဆက်အရ ကျော်စွာဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ နှင့် ဆေးပြားရှူရာတွင် အသုံးပြုသည့် ဂက်စ်မီးခြစ်တစ်လုံး၊ လေသေနတ်ခဲသီးအလုံး ၆၃၀၊ ဂက်စ်သေနတ်ဖြင့် ပစ်ခတ်သည့် ကော်စေ့အလုံး ၂၀၀၊ ယမ်းတောင့်နှစ်တောင့်၊ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော 4D/ ---- PRELDE ယာဉ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄ ပြား၊ 6E/----- TOYATA MARK II ယာဉ်၊ လေသေနတ် နှစ်လက်၊ ဂက်စ်သေနတ် နှစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြားရောင်းရငွေဟု ယူဆရသော ငွေကျပ် ၁၂၁၅၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လင်းထက်အောင်(ခ)ငထက်၊ ကျော်စွာဝင်းနှင့် စိုးသူတို့အား တောင်စွန်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၁၃၈

# ဆရာဝန်နေအိမ်ဖောက်ထွင်းခံရ

**မြစ်ကြီးနား ဇန်နဝါရီ ၃၀**
မြစ်ကြီးနားမြို့ ရောရပ်ကွက်အတွင်းရှိ ကလေးအထူးကုဆရာဝန် ဒေါက်တာ ငြိမ်းကြည်ဖေ၏ ဆေးရုံဝန်ထမ်းအိမ်ရာ နေအိမ်အတွင်း ဝင်ရောက်၍ ငွေနှင့်လက်ဝတ်ရတနာ ခိုးယူခံရမှု ဇန်နဝါရီ ၂၉ ရက်က ဖြစ်ပွားခဲ့ကြောင်း မြစ်ကြီးနား မြို့မရဲစခန်းမှ သိရသည်။

ယင်းနေ့ ည ၇ နာရီခန့်တွင် မြစ်ကြီးနားမြို့ ရောရပ်ကွက် အမှတ်-၁၉၆၊ ဆွမ်ပရာဘွမ်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်အနီးတွင်နေထိုင်သည့် ဦးဇော်ဇော်သည် နေအိမ်တံခါးများပိတ်၍ မြို့သစ်ရပ်ကွက်တွင် ဆေးခန်းဖွင့်ထားသော ဇနီးဖြစ်သူ ဒေါက်တာ ငြိမ်းကြည်ဖေအား သွားကြိုခဲ့ပြီး ည ၈ နာရီကျော်တွင် နေအိမ်သို့ ပြန်လာရာ နေအိမ်အိပ်ခန်းတံခါးများပွင့်နေရာမှ ဖောက်ထွင်းအခိုးခံရမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်နေအိမ် အိပ်ခန်းရှိ ခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် ငွေကျပ်သိန်း ၂၀ နှင့် ကျောက်နီဖြင့် ပြုလုပ်ထားသော ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ ကျောက်ပြာဆွဲသီး၊ ကျောက်ပြာလက်စွပ်၊ မြလက်စွပ်၊ စိန်နားကပ်၊ ရောင်စုံကျောက်ဆွဲကြိုး၊ ပယင်းနားကပ်၊ ပယင်းဆွဲသီးတို့ခိုးယူခံခဲ့ ရကြောင်း မြို့မရဲစခန်း၏ မှတ်တမ်းများအရ သိရသည်။

**မင်းမင်းဦး**

# ရန်ငြိုးကြောင့် လူသတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်သူကို နာရီပိုင်းအတွင်းဖမ်းမိ

**ပုသိမ် ဇန်နဝါရီ ၃၀**
ပုသိမ်မြို့အမှတ် ၇ နယ်မြေ ရာမညရပ်ကွက်လမ်းမကြီး ၂ လမ်း လမ်းသွယ် ၉လမ်းထိပ်၌ ဇန်နဝါရီ၂၉ ရက် နံနက် ၆ နာရီခန့်က နာရေးအိမ်မှအပြန် လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ငူ ရပ်ကွက်နေ စီတုံး(ခ)မြတ်စိုးဝင်း (၃၉ နှစ်)သည် ရာမညလမ်းသွယ် ၁၂ လမ်းနေထိုင်သူ အောင်ကျော်စိုး(၄၀ နှစ်)အား နာရေးအိမ်၌ စကားများရန်ဖြစ်ခဲ့ခြင်းကို အငြိုးအတေးထား၍ နေအိမ်မှ ယူဆောင်လာသော အရိုးအသွားခြောက်လက်မခန့်ရှိ စတီးဓားနှင့်ထိုးရာ ရရှိသောဒဏ်ရာဖြင့် အောင်ကျော်စိုးမှာ ပုသိမ်ဆေးရုံတွင် တင်ပို့ကုသစဉ် သေဆုံးသွားခြင်းဖြစ်သည်။

သေဆုံးသူ၏ဇနီးဖြစ်သူ မသူဇာ (၃၀နှစ်)၏ တိုင်တန်းချက်အရ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ရှာဖွေရာ ပုသိမ်တစ်ဖက်ကမ်းကြိုးတံတားသို့ ဆိုင်ကယ်တက္ကစီနှင့် ထွက်ပြေးသူ စီတုံး(ခ)မြတ်စိုးဝင်းကို သဘော်ကျင်းရဲစခန်းအပိုင် ကုလားစု ကျေးရွာ ချုံအတွင်း ၌ ဖမ်းဆီးရမိပြီး ၎င်းကို အခင်းဖြစ်ပွားပြီး လေးနာရီအတွင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မူဆယ်သို့သွားမည့် ယာဉ်ပေါ်မှပိတောက်ခားရွေတုံးများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၁ စီး၊ သွင်းကုန် ၁၀၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု၄ါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၃၃၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈၁၄ သန်းခန့် စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၁၄၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးမြို့နှင့်မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Toyota MarkII မော်တော်ယာဉ် တစ်စီးအားစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းတွင် စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသောတရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၂၀ တုံး (၀ ဒသမ ၃၉၇၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၉၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## လေထိုးရာမှ တာယာကွဲ၍ လူတစ်ဦး ဒဏ်ရာရရှိ

**ကော့ကရိတ် ဇန်နဝါရီ ၃၀**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာ ကော့ကရိတ်-ကျုံဒိုးကားလမ်းမိုင်တိုင်အမှတ် ၁၃၄ နှင့် ၁၃၅ ကြား ဖိုးပုလုံးလေထိုးကျွတ်ဖာဆိုင်၌ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီ မိနစ် ၂၀ က လေထိုးစဉ် ကားတာယာပွင့်ထွက်၍ လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သန်းမင်းဇော် (၃၀နှစ်) လေထိုးလုပ်သား ဧရာဝတီတိုင်းဒေသကြီးနေသူသည် ၁၂ ဘီးယာဉ်၏ ဝဲဘက်နောက်ဘီးအားလေထိုးပြီး ခေတ္တစောင့်ကြည့်နေစဉ် တာယာကွဲထွက်သွားသဖြင့် ၎င်းမှာလမ်းဘေးသို့ လွင့်စဉ်ကျကာ ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ပြီး ကော့ကရိတ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

# မြောက်အမေရိက ကုန်သွယ်ရေးစာချုပ် မတ်လတွင် သဘောတူညီမှု အဆင့်ရောက်ရှိရန် မသေချာ

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် မက္ကဆီကိုတို့မှ ကုန်သွယ်ရေးအာဏာပိုင်များသည် မြောက်အမေရိကကုန်သွယ်ရေးစာချုပ်နှင့် ပတ်သက်၍ ခြောက်ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးမှုများ အတွင်း အကောက်အခွန်ကိစ္စရပ်များနှင့် ပတ်သက်သည့် မတူကွဲပြားမှုများကို ညှိနှိုင်းရန် အောင်မြင်ခဲ့ခြင်းမရှိပေ။

ကနေဒါနိုင်ငံ မွန်ထရီရယ်၌ ရက်သတ္တပတ်ကြာမြင့်သည့် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီးနောက်တွင် သုံးနိုင်ငံကုန်သွယ်ရေးဝန်ကြီးများသည် တနင်္လာနေ့တွင် ပူးတွဲကွန်ဖရင့်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။

အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ရောဘတ်လိုက်တီဇာသည် နောက်ဆုံးအကျော့ဆွေးနွေးမှုကို ရှေ့ဆက်သွားမည့်ခြေလှမ်းသစ်တစ်ခုဟု ခေါ်ဝေါ်ခဲ့သည်။

သို့သော်လည်း ၎င်းက ဆွေးနွေးပွဲများ တိုးတက်ဖြစ်ထွန်းမှုမှာ လွန်စွာနှေးကွေးနေသည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်မိကြောင်း ဖော်ပြခဲ့သည်။

လိုက်တီဇာက အကြောင်းအရာများသည် ပိုမိုရှုပ်ထွေးလာနေသည်ဖြစ်ရာ သုံးနိုင်ငံဆွေးနွေးမှုသည် နှစ်နိုင်ငံဆွေးနွေးမှုထက် ပိုမိုခက်ခဲလာကြောင်း ပြောကြားသည်။

အမေရိကန်၊ကနေဒါနှင့် မက္ကဆီကို သုံးနိုင်ငံတို့သည် အလိုအလျောက် အခွန်အခလွတ်ငြိမ်းမှုများဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ သဘောထားကွဲလွဲနေဆဲဖြစ်သည်။

အမေရိကန်သည် နဂိုမူလစည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲပစ်ရန် လိုလားလျက်ရှိသည်။

နောက်တစ်ကျော့ ဆွေးနွေးပွဲများကို မတ်လကုန်ခန့်တွင် သဘောတူညီမှု အဆင့်တစ်ခုသို့ ရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် မက္ကဆီကို၌ ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ကျင်းပသွားဖွယ်ရှိကြောင်း သိရသည်။

သို့သော် ယင်းဆွေးနွေးပွဲတွင် အခက်အခဲကို ထိုးဖောက်ကျော်လွှားနိုင်မည် ဟုတ်မဟုတ် သေချာရေရာမှုမရှိပေ။




လာမည့် ဇူလိုင်လတွင် မက္ကဆီကို ရွေးကောက်ပွဲကျင်းပမည် ဖြစ်ပြီး နိုဝင်ဘာလတွင် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည် ဖြစ်သည်။

သမ္မတထရန့်သည် မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကို အဆိုးရွားဆုံးစာချုပ်တစ်ခုအဖြစ် ဖော်ပြခဲ့ပြီး စာချုပ်ပါစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရေးဆွဲသွားရန် လိုလားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးအရှေ့မြောက်ပိုင်း အကျဉ်းထောင်တစ်ခု၌ ဆူပူမှုဖြစ်ပွားရာ လူ ၁၀ ဦးသေဆုံး

**ဘရာဇီးလီးယား ဇန်နဝါရီ ၃၀**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဆီအာ့ရာပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် ယမန်နေ့က ထောင်ဆူပူမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးသွားကြောင်း ပြည်နယ်အကျဉ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆူပူမှု ဖြစ်ပွားခဲ့သည့် အကျဉ်းထောင်သည် ဆီအာ့ရာပြည်နယ် မြို့တော်ဖော်တယ်လီဆာအနောက်ဘက် ၁၂၅ ကီလိုမီတာအကွာတွင် တည်ရှိကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင်တွင် အမိန့်မချရသေးသည့် အကျဉ်းသားများကို ဖမ်းဆီးထားကြောင်း သိရပြီး ထောင်ဆူပူမှုဖြစ်ပွားချိန်တွင် အကျဉ်းသား ၁၁၃ ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။



ထောင်အတွင်းရှိ အကျဉ်းသားအချင်းချင်းတိုက်ခိုက်မှု ဖြစ်ပွားရာမှ တစ်ဆင့် ထောင်ဆူပူမှု ဖြစ်ပွားခဲ့ကြောင်း၊ ထောင်ဆူပူမှုကြောင့် ထောင်အတွင်းရှိပစ္စည်းများ ပျက်စီးခဲ့ရသလို အကျဉ်းသားအချင်းချင်းပစ်ခတ်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ အကျဉ်းထောင်ဝန်ထမ်းများက လက်နက်ကိုင်ရဲတပ်ဖွဲ့အား အကူအညီများပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၉ ရက်ကလည်း ယင်းပြည်နယ်အတွင်းရှိအခြားအကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်းသိရပြီး အကျဉ်းသား ၁၀ဦး နံရံကိုဖောက်ထွင်းကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ရုရှားပိုင်နက်အတွင်းသို့ ချဉ်းကပ်လာသည့် အမေရိကန်ထောက်လှမ်းရေးလေယာဉ်ကို ဟန့်တားနိုင်ခဲ့

**မော်စကို ဇန်နဝါရီ ၃၀**

ရုရှားတိုက်လေယာဉ်တစ်စင်းသည် ယမန်နေ့က ပင်လယ်နက်ဝေဟင်တွင် ရုရှားနိုင်ငံပိုင်နက်အတွင်းသို့ ချဉ်းကပ်ရန် ကြိုးစားလာသည့် အမေရိကန်ထောက်လှမ်းရေးလေယာဉ် အီးပီ-၃ အီး အီလက်ထရွန်နစ်ကင်းထောက်လေယာဉ်ကို အောင်မြင်စွာ တားဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ယမန်နေ့နေ့လယ်က ပင်လယ်နက်အပြည်ပြည်ဆိုင်ရာ ရေပြင်အထက်ဝေဟင်တွင် သံသယရှိဖွယ်လေယာဉ်တစ်စင်း ရုရှားနိုင်ငံနယ်နိမိတ်သို့ ချဉ်းကပ်လာကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် အက်စ်ယူ-၂၇ တိုက်လေယာဉ်တစ်စင်းအား အဆိုပါလေယာဉ်ကို တားဆီးရန်စေလွှတ်ခဲ့ကြောင်း၊ အနီးသို့ရောက်ချိန်တွင် အမေရိကန်နိုင်ငံမှ အီးပီ-၃အီး အီလက်ထရွန်နစ်ကင်းထောက်လေယာဉ်ဖြစ်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အမေရိကန်နိုင်ငံ ကင်းထောက်လေယာဉ်သည် တားဆီးမှုခံခဲ့ရပြီးနောက်တွင် လမ်းကြောင်းပြောင်းကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ရုရှားနိုင်ငံနှင့် နေတိုးတပ်ဖွဲ့တို့၏ ပင်လယ်နက်ဒေသတွင်း ပြိုင်ဆိုင်မှုတို့သည် တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာကြောင်း သိရသည်။ **ဆင်ဟွာ**



# လစ်ဗျားရှိ ကလေးငယ်များအတွက် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေ

**ဂျီနီဗာ ဇန်နဝါရီ ၃၀**

လစ်ဗျားနိုင်ငံရှိ ကလေးငယ်ပေါင်း ၃၇၈၀၀၀ မှာ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ကာကွယ်မှုများ လိုအပ်လျက်ရှိကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ပြောခဲ့သည်။

နိုင်ငံ၏ ပဋိပက္ခအတွင်း ခုနစ်နှစ်ကြာပိတ်မိနေသော လစ်ဗျားကလေးငယ် ၃၇၈၀၀၀ တို့၏ လူသားချင်းစာနာထောက်ထားမှု အခြေအနေများ ယိုယွင်းလာပြီးနောက် ၂၀၁၈ ခုနှစ်တွင် အသက်ကယ်အကူအညီနှင့် ကာကွယ်ရေးအတွက် လိုအပ်လျက်ရှိကြောင်း လစ်ဗျားနိုင်ငံ ကုလသမဂ္ဂထောက်ပံ့ရေးလုပ်ငန်း၏ အစီအစဉ်က ဖော်ပြခဲ့သည်။



ယခု ၂၀၁၈ ခုနှစ်သည် လစ်ဗျားနိုင်ငံအတွင်းရှိ ကလေးများအတွက် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ ယူနီဆက်ဖ်အထူးကိုယ်စားလှယ် အဗ္ဗဒယ်ရာမင်နိဂန်ဒါက ပြောခဲ့သည်။

လတ်တလောတွင် ကလေးများအတွက် ကာလရှည်ကူညီထောက်ပံ့မှုများနှင့်အရေးပေါ် အသက်ကယ်အကူအညီများအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ တိုးမြှင့်တောင်းခံထားကြောင်းနှင့် ကလေးများမှာ နောက်ခံအကြောင်းတရားများကို ခွဲခြားမှုမရှိဘဲ ပိုမိုကောင်းမွန်သည့် အနာဂတ်များ ရှိသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် မွမ်မာဂဒါဖီအစိုးရ ဖြုတ်ချခံရပြီးကတည်းက လစ်ဗျားနိုင်ငံသည် မလုံခြုံမှုများ၊ နိုင်ငံရေးကစဉ့်ကလျားဖြစ်မှုများနှင့် ကြုံတွေ့နေခဲ့ရသည်။ **ဆင်ဟွာ**

# ယီမင်ရှိ ဟူသီသူပုန်များ ရီယာ့ဒ်ရှိလေဆိပ်ကို ဒုတိယအကြိမ်ဒုံးကျည်ပစ်ခတ်

**ဆာနား ဇန်နဝါရီ ၃၀**

ယီမင်ရှိ ဟူသီလှုပ်ရှားမှုအဖွဲ့သည် ဆော်ဒီနိုင်ငံမြို့တော် ရီယာ့ဒ်မြောက်ပိုင်းရှိ ကင်းခါလက် နိုင်ငံတကာလေဆိပ်သို့ တာဝေးပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်လိုက်ကြောင်း ဟူသီတို့ထိန်းချုပ်ထားသည့် ဆာနားသတင်းအေဂျင်စီက အင်္ဂါနေ့တွင် ဖော်ပြခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် သုံးလနီးပါးအတွင်း ဆော်ဒီလေဆိပ်ကို ဟူသီသူပုန်များက ပစ်ခတ်သည့် ဒုတိယမြောက်ဒုံးကျည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက အဆိုပါလေဆိပ်ကို ဟူသီတို့က ဒုံးကျည်တစ်စင်းဖြင့်လည်း ပစ်ခတ်ခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်ကြီးကို အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ပြသ

**ဒူဘိုင်း ဇန်နဝါရီ ၃၀**

အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ရှာဂျာမြို့ရှိ ဆာဟာရစင်တာ ဈေးဝယ်စင်တာတွင် ကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်အား ပြသထားကြောင်း သိရသည်။

အဆိုပါကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်မှာ အမေရိကန်ဒေါ်လာ သုံးသန်းတန်ကြေးရှိကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်ကြီးသည် ၂၁ ကာရက်ရှိကာ ၁၁ ပေါင်ရှိသော အဖိုးတန်ကျောက်များနှင့် စိန်များအပါအဝင် သလင်းကျောက် ပေါင်း ၆၁၅ ခုဖြင့် အလှဆင်ထားကြောင်း၊ အဆိုပါကမ္ဘာ့အကြီးဆုံး ရွှေလက်စွပ်ကြီးသည် ဂင်းနစ်စံချိန်ဝင်ဖြစ်သလို ကမ္ဘာ့ ရွှေကောင်စီကလည်း အသိအမှတ်ပြုထားကြောင်း သိရသည်။

ဆင်ဟွာ

### မူးယစ်တိုက်ဖျက်သည့် စစ်ဆင်ရေးကိုဖိလစ်ပိုင်ရဲများ ပြန်လည်စတင်ဆောင်ရွက်

**မနီလာ ဇန်နဝါရီ ၃၀**

ဖိလစ်ပိုင်တွင် ရဲများသည် သမ္မတဒူတာတေး၏ မူးယစ်တိုက်ဖျက်သည့် စစ်ဆင်ရေးကို တနင်္လာနေ့တွင် ပြန်လည် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးသုံးစွဲသူများနှင့် ရောင်းဝယ်သူများ၏ နေအိမ်များသို့သွားရောက်ကာ လက်နက်ချအရှုံးပေးကြောင်း ခိုင်မာသေချာစေရန် လုပ်ဆောင်ခဲ့သည်။

သို့သော် အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲက နောက်ထပ်သွေးထွက်သံယိုမှုများဖြစ်ခြင်းမရှိစေရန် အာမ မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

Oplan Tokhang ဟု အမည်ရသည့် ယင်းအစီအစဉ်ကို အကယ်၍ ပြစ်မှုကျူးလွန်သူများက ပြန်လည်ခုခံခြင်းမရှိဘဲ အေးအေးဆေးဆေးအဖမ်းခံပါက အကြမ်းဖက်ခြင်းမရှိဘဲဆောင်ရွက်သွားသင့်ကြောင်း၊ ရဲတပ်ဖွဲ့အကြီးအကဲ ရော်နယ်လ်ဒို ဒယ်လ်ဒီလာရိုဆာထံမှ အာမခံချက်ဖြင့် ပြန်လည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော်လည်း သွေးထွက်သံယိုဖြစ်ခြင်းမရှိသည့် မူးယစ်တိုက်ဖျက်မှုစစ်ဆင်ရေးတစ်ခုဖြစ်လိမ့်မည်ဟု အပြည့်အဝ ကတိပေးအပ်နိုင်ခြင်း မရှိကြောင်း ဒယ်လ်လာရိုဆာက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ဇွန်လမှ စတင်ကာ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသည်ဟု သံသယရှိသူ လူ ၄၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

စစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့ဝင်နှင့်တပ်မတော်သား ၈၅ဦးကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ရိုက်တာ

# ဆူပူဆန္ဒပြမှုတွေကြားထဲက ကျမ်းသစ္စာကျိန်ဆိုပွဲ

ချူးစန္ဒီမွေး



**ကျမ်းသစ္စာ**

ဟွန်ဒူးရပ်စ်နိုင်ငံမှာ အငြင်းပွားဖွယ်ဖြစ်နေတဲ့ သမ္မတရွေးကောက်ပွဲရလဒ်ကြောင့် လူအများ အပြားဆန္ဒပြကြပြီး နိုင်ငံရေးအခြေအနေ မတည်ငြိမ်ဖြစ်တာနေတာကြာပါပြီ။ နိုဝင်ဘာလက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ မဲပေးမှုတွေမှာ ပွင့်လင်းမြင်သာမှုမရှိဘူး၊ တရားမျှတမှု မရှိဘူးဆိုပြီး ဆန္ဒပြပွဲတွေ အကြီးအကျယ် ပေါ်ပေါက်ခဲ့ပါတယ်။ ဒီလိုမျိုးဖြစ်ရပ်တွေကြားထဲ ရွေးကောက်ပွဲ အသစ်တစ်ခု ထပ်မံကျင်းပဖွယ်ရှိမလားဆိုပြီး ထင်ကြေးပေးခဲ့ကြပေမယ့် ဟွန်ဒူးရပ်စ်သမ္မတ ဂျူအန်းအော်လန်ဒို ဟာနန်ဒတ်ဇ်ဟာ သူ့ရဲ့ ဒုတိယအကြိမ် သမ္မတ သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုလိုက်ပါပြီ။ ဆန္ဒပြပွဲကြီးတွေ ပေါ်ပေါက်နေတဲ့ကြားက ကျမ်းသစ္စာကျိန်ဆိုလိုက်တာပဲဖြစ်တယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမြို့တော်မှာရှိတဲ့ အမျိုးသားအားကစားရုံအတွင်းမှာ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကျင်းပခဲ့တာဖြစ်ပြီး အားကစားရုံအပြင်ဘက်မှာတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဆန္ဒပြသူတွေကြား အကြီးအကျယ်အချင်းများလျက်ရှိပါတယ်။

**မျက်ရည်ယိုဗုံးတွေ အသုံးပြုတားဆီးခဲ့ရ**

အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မစ္စတာဟာနန်ဒတ်ဇ်ဟာ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီ ဖြစ်ပေမယ့် သူရင်ဆိုင်ရမယ့် မေးခွန်းတွေကတော့ အများကြီးပါပဲ။ ပထမတစ်ခုကတော့ နိုဝင်ဘာလက ရွေးကောက်ပွဲရလဒ်ကိုမကျေနပ်လို့ ဆန္ဒပြသူတွေကို အကြမ်းဖက်နှိမ်နင်းတာရယ်၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက်ဆိုပြီး သူကျူးလွန်ခဲ့တဲ့အရာတွေအတွက်ပဲဖြစ်တယ်။ သူသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတဲ့ပွဲမှာလည်း ဖြောင့်ဖြောင့်တန်းတန်း အေးအေးလူလူကျင်းပနိုင်တာတော့ မဟုတ်ပါဘူး။ ဒီပွဲကို ကန့်ကွက်ဖို့ချီတက်လာကြတဲ့ ဆန္ဒပြသူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မျက်ရည်ယိုဗုံးတွေ အသုံးပြုပြီး တားဆီးခဲ့ရပါတယ်။ ဒီလိုဆန္ဒပြချီတက်လာသူတွေထဲမှာ ရွေးကောက်ပွဲရလဒ်ကို လက်မခံတဲ့ အတိုက်အခံခေါင်းဆောင် ဆယ်လ်ဗာဒါနက်စ်ရယ်လာလည်းပါပါတယ်။

**ပုံမှန်မဟုတ်တာတွေအများကြီးတွေ့ရ**

နိုဝင်ဘာလအတွင်းက ကျင်းပခဲ့တဲ့ ဟွန်ဒူးရပ်စ်ရွေးကောက်ပွဲကတော့ တကယ့်ကို ဗရမ်းဗတာပါပဲ။ ဥရောပသမဂ္ဂနဲ့ အမေရိကက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကတော့ ဒီရွေးကောက်ပွဲမှာ ပုံမှန်မဟုတ်တာတွေအများကြီးတွေ့ရတယ်လို့ ဆိုပါတယ်။ မဲရေတွက်မှုတွေကိုလည်း အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ရပါတယ်။ အစောပိုင်းမဲတွေရေတွက်တဲ့အခါ ရှေ့တန်းက ပြေးနေခဲ့တဲ့ အတိုက်အခံခေါင်းဆောင် နက်စ်ရယ်လာဟာလည်း နောက်ဆုံးမှာတော့ သူဟာမဲအရေအတွက် ငါးသောင်းနီးပါးပျောက်ဆုံးခဲ့ရတယ်လို့ ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်ကို မကျေနပ်ကြလို့ ဆန္ဒပြပွဲကြီးတွေ ပေါ်ပေါက်ခဲ့ပေမယ့် အချိန်ကြာလာတာနဲ့အမျှ လျော့ကျလာပါတယ်။ ဒါပေမယ့် အတိုက်အခံခေါင်းဆောင် နက်စ်ရယ်လာကို ထောက်ခံသူတွေကတော့ ဆက်လက်ဆန္ဒပြကြဆဲပါပဲ။

**အသက်ဆုံးရှုံးခဲ့ရ**

ဒါကြောင့်လည်းလူပေါင်း ၂၂ ဦးဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပဋိပက္ခတွေကြား အသက်ဆုံးရှုံးခဲ့ရပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်ကော်မရှင်တို့က ဟွန်ဒူးရပ်စ်နိုင်ငံမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ အကြမ်းဖက်အင်အားသုံးနှိမ်နင်းမှုတွေကို ရပ်ဆိုင်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေ၊ ဂျာနယ်လစ်တွေနဲ့ အခြားသောသူတွေဟာ ခြိမ်းခြောက်ခံနေရမှုတွေ၊ အနှောင့်အယှက်ပေးခံရမှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ကြေညာခဲ့ပါတယ်။

**အစိုးရအဖွဲ့အတွင်းချုပ်ကိုင်ထား**

ဟွန်ဒူးရပ်စ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို ပိုပြီးဆိုးစေတာကတော့ အတိုက်အခံခေါင်းဆောင်က လက်ရှိသမ္မတ မစ္စတာ ဟာနန်ဒတ်ဇ်ဟာ မဲပေးမှုမှာ မဲအများဆုံးရရှိခဲ့တယ်ဆိုတာကို လက်မခံနိုင်တာပါပဲ။ လက်ရှိသမ္မတဟာ အစိုးရအဖွဲ့အတွင်းမှာ ချုပ်ကိုင်မှုတွေပြုထားတယ်။ တရားရုံးတော်ဟာလည်း သမ္မတရဲ့ မဟာမိတ်တွေပဲဖြစ်တယ်။ ဒီတော့သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖြည့်စွက်ပြင်ဆင်မှုတွေ လုပ်နိုင်တယ် စတာတွေကတော့အတိုက်အခံတွေဘက်က ဝေဖန်ချက်တွေပဲဖြစ်တယ်။

**အာဏာကိုလက်လျှော့မှာမဟုတ်**

ဟွန်ဒူးရပ်စ်နိုင်ငံရဲ့ အခြေခံဥပဒေမှာဆိုရင် သမ္မတဟာ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိပါဘူး။ ဒါပေမယ့်လည်း တရားရုံးတော်က ဒီတားမြစ်ချက်ကို ပြင်ဆင်ပေးခဲ့ပါတယ်။ ဒါကြောင့် သမ္မတဟာနန်ဒတ်ဇ် သမ္မတအဖြစ်နောက်တစ်ကြိမ် ရွေးကောက်ခံရတာဟာ တရားရုံးတော်ရဲ့ ကျေးဇူးမကင်းဘူးလို့လည်း ပြောလို့ရပါတယ်။ ယခုလအတွင်းမှာ လွှတ်တော်က အတည်ပြုပေးလိုက်တဲ့ ဥပဒေကိုကြည့်ရင် ရွေးကောက်ပွဲနှောင်းပိုင်းမှာပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေကြောင့်တော့ သမ္မတ ဟာနန်ဒတ်ဇ်ဟာ အာဏာကိုလက်လျှော့မှာမဟုတ်ဘူးဆိုတာ ပြသလျက်ရှိပါတယ်။

**အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး**

သမ္မတ ဟာနန်ဒတ်ဇ်ဟာ သူ့ရဲ့ ပထမအကြိမ်သမ္မတ သက်တမ်းအတွင်းမှာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို တွင်တွင်ကျယ်ကျယ်လုပ်ဆောင်ခဲ့ပါတယ်။ ဖိအားပေးမှုတွေကြောင့် လုပ်ဆောင်ခဲ့ရတာလည်းဖြစ်တယ်။

**သမ္မတရဲ့ပယောဂမပါဝင်**

အဆင့်မြင့် အရာရှိကြီးတွေရဲ့ အကျင့်ပျက်ခြစားမှုတွေကို နိုင်ငံတကာက ဂျူရီလူကြီးတွေနဲ့ စစ်ဆေးမှုတွေဆောင်ရွက်ခဲ့တယ်။ ဒီလိုပြုလုပ်ပြီး လပေါင်းများစွာအကြာ ၂၀၁၅ ခုနှစ်မှာတော့ ဆန္ဒပြမှုတွေနဲ့ကြုံတွေ့လာရပါတယ်။ လူထုရန်ပုံငွေတွေနဲ့ လူမှုပရောဂျက်တွေက ငွေတွေကိုရယူထားတဲ့ ခြစားမှုတွေကို စုံစမ်းစစ်ဆေးဖို့ ပြုလုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒီအမှုတွေအားလုံးကို ပိတ်သိမ်းလိုက်ရတယ်။ အဲဒီအတွက် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ထဲမှာ ပါဝင်တဲ့ ပီရူးနိုင်ငံက ဝန်ကြီးချုပ်ဟောင်း Juan Jimenez Mayor က တရားဝင်ရှုတ်ချခဲ့တယ်။ ဟွန်ဒူးရပ်စ် ဥပဒေပြုအမတ်ဟောင်းနဲ့ လက်ရှိအမတ် ၆၀ ကျော်နဲ့ အစိုးရအဖွဲ့အတွင်းက အဆင့်မြင့်အရာရှိကြီးတွေကို စုံစမ်းစစ်ဆေးဖို့ရှိပေမယ့် ဒါကိုတားဆီးတဲ့ ဥပဒေထွက်လာတဲ့အတွက်ဒီဥပဒေကို လူသိရှင်ကြား ရှုတ်ချခဲ့မှုလည်း ဖြစ်တယ်။ အဆင့်မြင့်အရာရှိကြီးတွေရဲ့ အကျင့်ပျက်ခြစားမှုကနေရရှိလာတဲ့ ငွေတွေကို မစ္စတာ ဟာနန်ဒတ်ဇ်ရဲ့ ၂၀၁၃ ခုနှစ်က သမ္မတလောင်းအဖြစ် မဲဆွယ်စည်းရုံးမှုလှုပ်ရှားမှုတွေမှာ အသုံးပြုတယ်လို့လည်း စွပ်စွဲထားကြပါတယ်။ ဒါပေမယ့် သမ္မတ ဟာနန်ဒတ်ဇ်က ဒီစွပ်စွဲမှုကို ငြင်းဆိုထားပါတယ် ။ ဘာပဲပြောပြော ရှေ့နေချုပ်ရုံးရဲ့ အာဏာနဲ့လုပ်ဆောင်မှုကြောင့် အရာရှိကြီးတွေ၊ ဥပဒေပြုအမတ်တွေကို စစ်ဆေးနိုင်မယ့် အခွင့်အရေးကနေ ဆုံးရှုံးသွားတာကတော့အမှန်ပါပဲ။ အဲဒီတုန်းက ဖြစ်ရပ်နဲ့ ပတ်သက်ပြီး လူအနည်းစုကတော့ သမ္မတဟာနန်ဒတ်ဇ်ရဲ့ ပယောဂမပါဝင်ဘူးလို့တော့ ယုံကြည်ကြပါ တယ်။

**အမေရိကန်ကလက်ခံခဲ့**

အမေရိကန်ကတော့ သမ္မတ ဟာနန်ဒတ်ဇ်ရဲ့ အနိုင်ရရှိမှုကိုလက်ခံခဲ့ပါတယ်။ ဟွန်ဒူးရပ်စ်လို နိုင်ငံရေးနှစ်ခြမ်းကွဲနေတဲ့ နိုင်ငံမျိုးမှာ တင်းတင်းကျပ်ကျပ်ကိုင်တွယ် အုပ်ချုပ်နိုင်မယ့် ခေါင်းဆောင်တစ်ဦး လိုအပ်နေတာကတော့ အမှန်ပဲဖြစ်တယ်။ ဒီလို ရွေးကောက်ပွဲမှာ အငြင်းပွားမှုတွေ ဖြစ်ပေါ်နေပေမယ့်လည်း အမေရိကန်ကတော့ ဟာနန်ဒတ်ဇ်ကို ဘာကြောင့် အနိုင်ရရှိသူအဖြစ် လက်ခံခဲ့တာပါလဲ။ ဒါကတော့ ဟွန်ဒူးရပ်စ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်ဖို့ လိုအပ်နေလို့ပါပဲ။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုသာ မူးယစ်မှောင်ခိုသမားတွေကို ကိုင်တွယ်နိုင်မှာလည်း ဖြစ်တယ်။ အမေရိကန်နိုင်ငံအတွင်းကို မူးယစ်ဆေးတွေခိုးသွင်းမယ့် မူးယစ်မှောင်ခိုသမားတွေကို တားဆီးနိုင်မှာဖြစ်တယ်။ ဒါ့အပြင် အမေရိကန်နယ်စပ်မှာ စုပုံနေမယ့် ခိုလှုံခွင့်တောင်းခံသူတွေကိုလည်း လျှော့ချနိုင်မှာဖြစ်တယ်။ ဒီအတွက်ဆိုရင် ဟွန်ဒူးရပ်စ်နိုင်ငံအတွင်းမှာ နိုင်ငံရေးတည်ငြိမ်မှုလည်း ဖြစ်မှာပါ။ သမ္မတ ဟာနန်ဒတ်ဇ်ကတော့ ဆူပူကန့်ကွက်မှုတွေကြားထဲကပဲ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုသွားပါပြီ။ ဒီဆူပူအုံကြွမှုတွေ၊ နိုင်ငံရေး မတည်ငြိမ်မှုတွေကို သူဘယ်လို ဆက်လက်ထိန်းသိမ်းမှာလဲ။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ အကျင့်ပျက်ခြစားမှု အန္တရာယ်ကလည်း မသေးပါဘူး။ အများက ဝေဖန်နေတဲ့ အကျင့်ပျက်ခြစားမှုကို အမြစ်ပြတ်အောင်ကော သမ္မတ ဟာနန်ဒတ်ဇ်က စွမ်းဆောင်နိုင်ပါ့မလား။ ဆန္ဒပြမှုတွေကို ဖြေရှင်းနိုင်ပြီး အကျင့်ပျက်ခြစားမှုတွေကို အဆုံးသတ်နိုင်ရင်တော့ သမ္မတ ဟာနန်ဒတ်ဇ်ဟာ အောင်မြင်တဲ့ သမ္မတတစ်ဦး ဖြစ်လာမှာပါ။ ဒီလိုမှမဟုတ် ဟွန်ဒူးရပ်စ်မှာ နိုင်ငံရေးနှစ်ခြမ်းကွဲမှု ပိုမိုကြီးမားလာမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်ဟာ ရင်လေးစရာအခြေအနေနဲ့ ရင်ဆိုင်ရတော့မှာပါ။ ။

ကိုးကား-နယူးယောက်တိုင်းမ်

> “ဟွန်ဒူးရပ်စ်နိုင်ငံရဲ့ အခြေခံဥပဒေမှာဆိုရင် သမ္မတဟာဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိပါဘူး။ ဒါပေမယ့်လည်း တရားရုံးတော်က ဒီတားမြစ်ချက်ကို ပြင်ဆင်ပေးခဲ့ပါတယ်။ ဒါကြောင့် သမ္မတ ဟာနန်ဒတ်ဇ်သမ္မတအဖြစ် နောက်တစ်ကြိမ် ရွေးကောက်ခံရတာဟာ တရားရုံးတော်ရဲ့ ကျေးဇူးမကင်းဘူးလို့လည်း ပြောလို့ရပါတယ်”

# ပြည်သူ့စကားဝိုင်း တုန့်နှိုင်းမမီ တိုင်းကားပြည်ဝယ်

ကိုရင်ဩ

**မြေမြင်းမိုရ်သည် စိမ်းစိမ်းရွှင်ရွှင် မြက်သစ်ပင်တို့အား ဖွံ့ထွားစည်ပင်ရန် ကျေးဇူးပြုဘိသကဲ့သို့ လူထုအခြေပြုဗဟိုဌာနမှာလည်း လူထုအား ပညာ အလင်းပြမည့်ဌာနအဖြစ်သို့ ပြုပြင်ပြောင်းလဲလျက်ရှိသည်ကို ကျွန်ုပ်တွေ့ရှိရလေသည်။**

ပြည်သူတို့၏ အသိတရားကို နှိုးထပေးစေနိုင်သည်ကား **'စာအုပ်စာပေ လူ့မိတ်ဆွေ'** ပါပေတည်း။ ပြည်သူတို့၏ အသိတရားကို ပွားများစေရေးအတွက် စာအုပ်စာပေသည် အခြေခံအကျဆုံးဖြစ်၏။ ဘဝတွင်ရရှိလာသည့် အသိအမြင် အတွေးအခေါ်များမှာ စာအုပ်စာပေအပေါ်တွင် ထင်ဟပ်နေ၏။ လူတစ်ဦးအနေဖြင့် ဘဝအတွေ့အကြုံရရှိမှုမှာ အကန့်အသတ်ဖြင့်သာ ဖြစ်၏။ သို့တစေ စာပေက ပေးစွမ်းသော အတွေ့အကြုံမှာကား အနှိုင်းမဲ့၏၊ ကာလမဲ့၏။ နယ်ပယ်ပေါင်းစုံ၊ သက်ရှိပေါင်းစုံ၊ လူပေါင်းစုံတို့၏ ဖြစ်တည်မှု၊ စိတ်ခံစားမှု၊ ဘဝဖြတ်သန်းမှုတို့မှာ စာပေတွင် ထင်ကျန်နေ၏။

## စာပေအသိုက်အမြုံ

လူမျိုးတင့်ဖို့၊ စာပေမြင့်ဖို့လိုအပ်ချိန်တွင် ပြည်သူများ၊ အထူးအားဖြင့် မျိုးဆက်သစ်လူငယ်တို့မှာ အဆင့်အတန်းမြင့်သော စာပေအသိုက်အမြုံအတွင်း ပျော်မွေ့နေစေရန် လူကြီးမိဘများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးရပေမည်။

စာပေအသိုက်အမြုံဖွဲ့မည်ဆိုလျှင် တစ်နိုင်တစ်ပိုင်ဖြစ်ဖြစ်၊ အသင်းအဖွဲ့လိုက်ဖြစ်ဖြစ် တတ်စွမ်းသလို ဖွဲ့ကြဖို့လိုပါမည်။ စာပေမြင့်မားရေးအတွက် အစိုးရက အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် မြှင့်တင်အားပေးရပေလိမ့်မည်။

ပညာရည်နို့ သောက်စို့နေကြသော ကျောင်းသား ကျောင်းသူများမှာ ကျောင်းသင်ခန်းစာတွင်သာမက စာအုပ်စာပေရသကိုပါ ခံစားတတ်ကြဖို့၊ ခံစားနိုင်ကြဖို့ လိုလိမ့်မည်။ လူထုစာကြည့်တိုက်များ အရေးပါသလို ကျောင်းစာကြည့်တိုက်များလည်း အရေးပါပေလိမ့်မည်။

အသိဉာဏ်ကို တိုးပွားစေခြင်း၊ ရှင်သန်စေခြင်း၊ ရရှိသည့်အသိဉာဏ်ဖြင့် အသိတရားကို နှိုးထပေးနိုင်ခြင်းရှိသော စာကောင်းပေသန့်တို့သည် ပြည်သူတို့ အပန်းဖြေ နားနေချိန်တွင် အတူယှဉ်တွဲရှိနေအပ်သော **'ထာဝရအဖော်မွန်'** ဖြစ်ပေရာ **'ယခုခေတ် ပြသစ်စာမှာ၊ ရှုချစ်စရာ ရွှေးမျှမနော'** ဟု ကျွန်ုပ် ဆိုလိုက်ချင်သည်။

ထာဝရအဖော်မွန်၊ ဘဝအဖော်မွန်ဖြစ်သော စာကောင်းပေသန့်၏ သစ္စာရှိသော မိတ်ဆွေကောင်းအဖြစ် ပြည်သူတို့အလယ် ဝင့်ထည်လာမည်ဆိုပါလျှင် မိမိတို့၏ ရပ်ရွာအတွင်း ပညာရှိသူတော်စင်ကြီးတစ်ဦး အနီးကပ်ရှိနေပုံမျိုးဖြစ်ပေရာ ကျက်သရေတင့်နေဝင့်သလို အားရဖွယ်ရာ ပါပေတည်း။

## လူထုအခြေပြု စာကြည့်တိုက်

**'လူထုအခြေပြု စာကြည့်တိုက်'** အဖြစ် အဆင့်မြှင့်တင်လျက်ရှိကြကုန်သော 'ပြန်/ဆက်' စာကြည့်တိုက်များ၏ လက္ခဏာကြီးငယ်များ အသို့ရှိပါစဟု ကျွန်ုပ် စူးစမ်းမိလေသော် စာကြည့်တိုက်ဟူသည်ကား စာကောင်းပေသန့်တည်းဟူသော ရတနာမျိုးစုံ ကိန်းအောင်းတည်ရှိရာ လိုဏ်ဂူ၊ အတတ်ပညာမျိုးစုံ၊ အသိပညာမျိုးစုံ၊ အနုပညာမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ သဘာဝတ္ထပညာမျိုးစုံ၊ ကျန်းမာ ချမ်းသာစွာနေထိုင်နည်းမျိုးစုံ၊ တတ်ကျွမ်းမျိုးစုံတို့ ရှိနေသောနေရာ၊ လောကလူသားများအား တစ်ထောင့်တစ်နေရာမှ အလင်းပေးသော စာရေးဆရာများ၏ ရင်နှစ်သည်းချာ ရတနာများကို မြှုပ်နှံထားရာ လိုဏ်ဂူအဖြစ် ကျွန်ုပ်ရှုမြင်မိ၏။

စာပေပိဋကတ်တိုက် (ဝါ) စာကြည့်တိုက်ဟူသည်ကား စာပေရတနာသိုက်သဖွယ် အနုပညာဖြင့် ထုံမွမ်းထားပြီးလျှင် စာရှုသူ သိုက်တူးသမားများက စိတ်အေးလက်အေး တူးဖော်နိုင်ကြသည့် နေရာဖြစ်သည်။ ယက္ခဂုမ္ဘန်စောင့်သော နန်းစဉ်ရတနာသိုက်မှာမူ ခဲရာခဲဆစ် တူးဖော်ရမည့်သိုက်ဖြစ်ရကား ပြည်သူတို့နှင့် မအပ်စပ်ပါချေ။

စာပေဟူသည် ဘဝရှေ့ဆောင် မီးရှူးတန်ဆောင်ဖြစ်ပြီးလျှင် ဤနေရာမှနေ၍ ကျွန်ုပ်လေးစားရပါသော စာပေသမားကြီးတစ်ဦးဖြစ်သူ **'သာဂဒိုး'** ၏ အဆိုအမိန့်တစ်ရပ်ကို ပြန်လည်ကိုးကားလို၏။

သူက -

ကျွန်တော့်အား သာဂဒိုးဖြစ်အောင် ဖန်ဆင်းလိုက်သည်မှာ **'စာအုပ်'** များဖြစ်ကြောင်း ကျွန်တော်က လူကြီးစုံရာ ကြံုတိုင်းတွင် အစဉ်ပြောသတည်း။ ကြည့် ... ကျွန်တော်ဆိုသည်မှာ ပုသိမ်မြို့အရှေ့ မိုင် ၂၀ ကျော်အကွာက ဒါးက၊ ဒါးကမှတစ်ဖန် ရွာသုံးလေးရွာ ခြေကျင်တော်တော်လျှောက်နိုင်မှ ရောက်နိုင်သည့် ဖျာတန်းရွာ။ ထိုလိုနေရာတွင် ယောင်တီးယောင်တ လူ့ဘဝလာဖြစ်သော ကျွန်တော်သည် စာအုပ်တွေက ဖန်ဆင်းဆောင်ရွက်ပေး၍သာ စာပေသမား၊ ရုပ်ရှင်ဒါရိုက်တာ၊ လူသိဝက်သိ သတင်းစာသမားတွေအဖြစ် ရောက်နိုင်ခဲ့ခြင်းတည်း။



ဇန်နဝါရီ ၁၃ ရက်က ဘားအံမြို့ Community Centre ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## သေစေနိုင်သော စာအုပ်

စာအုပ်ဆိုလျှင် နာနာရှိခိုး၊ ဆည်းကပ်တတ်ခြင်းသည် တရားလှပါသတည်း။ သို့သော် အရေးကြီးသည်ကား စာအုပ်တိုင်းလှသည်မဟုတ်၊ ချိုသည်မဟုတ်၊ ကောင်းသည်မဟုတ်၊ အားဖြစ်စေသည်မဟုတ်။

သေစေနိုင်သော စာအုပ်တွေလည်းရှိ၏။ ဉာဏ်ကလေး ကူကြည့်တတ်မှ မိတ်ဆွေကောင်း စာအုပ်နှင့် လူဖြစ်နိုင်သောစာအုပ်ကို တွေ့သိနိုင်၏။ ဒါပဲတည်း။

ဆရာကြီး ရည်ညွှန်းသော **'သေစေနိုင်သော စာအုပ်'** ဟူသည်ကား ကိလေသာ အညှီအဟောက် ညစ်ညမ်းစာအုပ်၊ အဓမ္မဝါဒကို ဖြန့်ချိသောစာအုပ်၊ မျက်ကန်း မျိုးချစ်ဝါဒကို လှုံ့ဆော်သောစာအုပ် စသည့်စာအုပ်တို့ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွေးတောမိ၏။ ယင်းသို့သော ဘုတ်အုပ်များကို ဆည်းကပ်မိပါလျှင် မီးကိုကြိုက်သည့် ပိုးဖလံပမာ ကိုယ်ကျိုးနည်းရလတ္တံ့ဟု အသိပေးလို၏။

သို့ဖြစ်ရကား သုတပညာအလိမ္မာကို ဖွေရှာတောင့်တကြကုန်သော ပြည်သူတို့သည် ရတနာခုနစ်သွယ် အံ့ဖွယ်ရှစ်မည် ဂုဏ်အပေါင်းတည်သော လေးမည်သာဂရ ပင်လယ်ကဲ့သို့ **'ဂမ္ဘီရော'** နက်နဲကျယ်ဝန်းလှသည့် ပြည်သူ့စာကြည့်တိုက်များ ထံပါးသို့ ချဉ်းကပ်ကြဖို့ လိုသည်မှာ ထင်ရှားပေပြီ။

လူထုအခြေပြုဗဟိုဌာနနှင့် လူထုအခြေပြု စာကြည့်တိုက်တို့သည်ကား စာပေရေးရာ ဆွေးနွေးပွဲများ ကျင်းပရာနေရာ၊ စာရေးဆရာများနှင့် စာချစ်သူလူထုတို့ ဆုံစည်းရာနေရာ၊ စာပေတည်းဟူသော အသိတရားဖြင့် 'ကုသလာဓမ္မာ' (ကုသိုလ်တရားတို့) တိုးပွားစေနိုင်သော နေရာအဖြစ် ထင်ရှားရှိကြကုန်၏။

## ဤနေရာသည် ကျွန်ုပ်တို့နေရာ

ရပ်ရွာလူထု စုဝေးရာဖြစ်ပေရကား ရပ်ရေးရွာရေး ကိစ္စအဝဝအတွက် အကူအညီတောင်းနိုင်သောနေရာ၊ ညီညာဖြဖြ ပေါင်းစည်းကြလျက် လုပ်ကိုင်ဆောင်ရွက်နိုင်သောနေရာ၊ ရပ်ရွာလူထုအတွက် ဘဝတန်ဖိုးရှိပြီး အသုံးကျသည့်နေရာဟုလည်း ဆိုနိုင်ပေလိမ့်မည်။

'အို ...အချင်းတို့...'

**'ဤနေရာသည် ကျွန်ုပ်တို့နေရာ'** ဟူ၍ ပြည်သူတို့ ကြွေးကြော်နိုင်မည့် နေရာသည်ကား လူထုအခြေပြုဗဟိုဌာနနှင့် လူထုအခြေပြု စာကြည့်တိုက်များ ဖြစ်ကြပြီးလျှင် ရင်းနှီးပွင့်လင်းစွာ နှီးနှောဖလှယ်ကြခြင်းဖြင့် အချင်းချင်း ခင်မင်မှုတိုးကာ မိသားစုစိတ်ဓာတ်ကို မြှင့်တင်နိုင်မည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

လူထုအခြေပြု စာကြည့်တိုက်၌ စာဖတ်ရုံ၊ စာငှားရုံသက်သက်မျှသာ မဟုတ်၊ စာဖတ်ဝိုင်းများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ကြပြီးလျှင် ရပ်ရွာပြည်သူများ၏ ရင်သွေး ကလေးများအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း စသည့် ပညာဒါနသင်တန်းများကိုပါ ဖွင့်လှစ်နိုင်ပေရာ ရပ်ရွာအတွင်းရှိ ကလေး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးမရွေး ပုဂ္ဂိုလ်အားလုံးအတွက် အသက်ထက်ဆုံး ကျေးဇူးပြုနိုင်မည့် နေရာအဖြစ် မွန်မြတ်သန့်စင်လှပေ၏။

လူထုအခြေပြု ဗဟိုဌာနနှင့် လူထုအခြေပြု စာကြည့်တိုက်တို့သည်ကား လောဘ၊ ဒေါသ၊ မောဟစရိုက်တို့ အုံကြွပေါက်ကွဲသော လက္ခဏာများ ထင်ဟပ်သောနေရာ မဟုတ်၊ ယုတ်ညံ့သော နေရာမဟုတ်၊ အသိပညာတံခွန်ထူ၍ အလင်းပြရန် ရပ်တည်နေသော အစုအဖွဲ့များပါပေတည်း။

လူထုအခြေပြုဗဟိုဌာနနှင့် လူထုအခြေပြု စာကြည့်တိုက်တို့သည်ကား **'ပတိရူပဒေသဝါသောစ'** (ဝါ) သင့်တင့်လျောက်ပတ် မွေ့လျော်ဖွယ်ရာ အရပ်ဒေသဟုလည်း ဆိုနိုင်ပေရာ ကျွန်ုပ်တို့ မြန်မာလူမျိုးတို့ ဦးထိပ်ပန်သော မင်္ဂလာတရားတော်နှင့်လည်း ကိုက်ညီလှ၏။

ပညာအလင်းရောင် ထွန်းလင်းဆောင်၍ ပညာဟိတ်ကြီးသော စာပေပညာရှင်များ၊ စာပေမွေ့လျော်သူများ ဆုံစည်းရာနယ်မြေ၊ မြန်မာ့ဂုဏ်ဆောင် စာရေးဆရာများ၊ သတင်းစာဆရာများ၏ ဂုဏ်သတင်းကောင်းများနှင့်အတူ ကောင်းခြင်းလက္ခဏာများဖြင့် နှလုံးမွေ့လျော်ဖွယ်ရာနေရာ၊ ကလေးများအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပုံဆွဲပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ပြုလုပ်ပေးခြင်းဖြင့် လုလင်ငယ်သွေး ကလေးများ ပျော်မွေ့ရာနေရာ၊ မေတ္တာတရားဖြင့် ရှုမဝနိုင်သော ရင်သွေးငယ်များနှင့်အတူ ရပ်ရွာမိဘပြည်သူများ ဆုံဆည်းနိုင်သည့်နေရာတို့အဖြစ် အသွင်ပြောင်းလဲနိုင်ရန် ပြန်/ဆက်ဌာနက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ကျွန်ုပ် လေ့လာတွေ့ရှိရပေသည်။

## ပြည်သူ့စကားဝိုင်း

လူထုအခြေပြုဗဟိုဌာနများကို ထူထောင်နေချိန်တွင် **'ပြည်သူ့စကားဝိုင်း'** ဆွေးနွေးပွဲများကို နိုင်ငံအဝန်း၌ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနေခြင်းမှာ ရပ်ရွာ၏ မင်္ဂလာတစ်ပါးအဖြစ် ကျွန်ုပ်ရှုမြင်မိ၏။

**'ပြည်သူ့စကားဝိုင်း'** ဟူသည်ကား 'ဖရုသဝါစာ' စကားဝိုင်းမဟုတ် (ဝါ) ကြမ်းတမ်းခက်တရော်သော စကားများထွက်ပေါ်ရာ နေရာမဟုတ်၊ အကြောင်းအကျိုးနှင့်အညီ အချေအတင်ပြောနိုင်ပြီး သိမ်မွေ့ပြေပြစ်သော ချစ်စဖွယ်စကားကို ဆိုအပ်ရာနေရာ ဖြစ်သဖြင့် ပြည်သူများမွေ့လျော်စရာကောင်းလှသည်ဟူပေ။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူကြည်ဖြူလက်တွဲ ဆွေးနွေးတိုင်ပင်နိုင်မည့်နေရာ၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စကြီးငယ်မဟူ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရာနေရာ၊ လူထု၏ စဉ်းစားတွေးခေါ်ပုံ ရေချိန်မြင့်စေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရာနေရာမှာလည်း ပြည်သူ့စကားဝိုင်းများသာ ဖြစ်ပေရာ သည်လိုစကားဝိုင်းမျိုးများ ရွာငယ်ဇနပုဒ်မှသည် မြို့ကြီးပြကြီးများအထိ တိုး၍ တိုး၍ ကျင်းပသော်ကောင်းလေစွဖြစ်မည်ဟု ကျွန်ုပ် ဆန္ဒမွန်ပြုမိ၏။

ကျွန်ုပ်ဆင်ခြင်မိရသည်ကား ပြည်သူ့စကားဝိုင်းတို့သည် **'သမဂ္ဂါနံ တပေါသုခေါ်'** ကိုယ်စိတ်နှလုံး ညီညွတ်ကြသော လူတို့၏ ဆောင်ရွက်ချက်သည် ချမ်းသာမှုကို ပေးစွမ်းသည်ဆိုသော သုခမင်္ဂလာ တရားတော်နှင့်အညီ ပြည်သူတို့ ညီညာဖြဖြ နှီးနှောဖလှယ်ကြရာ နေရာဖြစ်သည်ဟူပေ။

မကြာသေးမီက ကော့မှူးမြို့နယ်၌ 'လူငယ်နှင့် လူမှုမီဒီယာ'၊ မန္တလေးနှင့် မြစ်ကြီးနားတို့၌ 'လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်'၊ ရန်ကုန်မြို့၌ 'ကံ့ကော်ပန်းများ လန်းရာမြေ'၊ ရန်ကုန်တက္ကသိုလ်၌ 'လူငယ်နှင့် လူမှုမီဒီယာ'၊ 'လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း' စသည့် အကြောင်းအရာများကို ပြည်သူ့ကိုယ်စားလှယ်ကြီးများ၊ အစိုးရတာဝန်ရှိသူများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် လူမှုဝန်ဆောင် အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ စာရေးဆရာကြီးများ၊ သုတေသီပညာရှင်များက အနုစ်သာရရှိရှိ ဘဝဒဿနအသိဖြင့် အားပါးတရ ဆွေးနွေးကြသည့်မြင်ကွင်းကို ကျွန်ုပ်တွေ့မြင်ရသည့်အခါဝယ် ဖရဏာပီတိ ဂွမ်းဆီထိဘိသကဲ့သို့ နှစ်ထောင်းအားရဖြစ်ခဲ့ရလေသည်။

## ဒီမိုကရေစီအလေ့အကျင့်ကောင်းများ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ ပြည်သူ့စကားဝိုင်းများ စတင်ခဲ့၏။ အကြင် စကားဝိုင်းများကို စဉ်ဆက်မပြတ်ပြုလုပ်သွားမည်ဟု ကျွန်ုပ်သိရလေသော် ကျွန်ုပ်တို့၏ နိုင်ငံတော်၌ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ပြန်လည်ရှင်သန်လာပြန်ပေါ့ဟူ၍ အားရခမန်းဖြစ်မိ၏။

လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် လူမှုမီဒီယာ၊ လူငယ်နှင့် ပညာရှာဖွေမှုအခွင့်အလမ်း၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် နိုင်ငံရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အိုင်တီ၊ လူငယ်နှင့် စီးပွားရေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အနာဂတ်၊ ယနေ့ခေတ် လူနေမှုဘဝနှင့် ကျန်းမာရေး၊ လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် တရားဥပဒေစိုးမိုးရေး၊ လူငယ်နှင့် ဥပဒေ၊ လူငယ်နှင့် ဥပဒေအကြောင်းသိကောင်းစရာ၊ နိုင်ငံတော်တိုးတက်ရေးအတွက် လူငယ်များ၏ အခန်းကဏ္ဍ၊ ပြည်သူ့ကျန်းမာရေး၊ အစားအသောက်နှင့်ပတ်သက်သော သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့်၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ လူငယ်နှင့် ပရဟိတ၊ ပြည်သူလူထု စိတ်ပျော်ရွှင်အပန်းဖြေရေး၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်ဖွံ့ဖြိုးရေး၊ စည်ပင်ဥပဒေအကြောင်း သိကောင်းစရာ၊ အခွန်အကြောင်း သိကောင်းစရာ၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏အခန်းကဏ္ဍ စသည့် အကြောင်းရပ်များကို ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပြည်သူ့စကားဝိုင်းများအဖြစ် ဆွေးနွေးခဲ့၊ ဆွေးနွေးဆဲ၊ ဆွေးနွေးသွားမည်ဖြစ်ပေရာ ပြည်သူတို့ ဒီမိုကရေစီရေချိန် မြင့်မားလာပြီဟု တွေးတောမိရင်း ကျွန်ုပ် အားရမိ၏။

## အနာဂတ်၏ ခေါင်းဆောင်ကောင်းများ

ဒီမိုကရေစီ အလေ့အကျင့်ကောင်းများဖြစ်သော ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ခြင်း၊ မိမိ၏ဆန္ဒကို ယဉ်ကျေးစွာ ဖော်ထုတ်နိုင်ခြင်း၊ ကြောင်းကျိုးသင့် အဖြေရှာခြင်း၊ ပြည်သူ့အရေးကို မျက်ခြည်ပြတ် မခံခြင်း၊ ပြည်သူကို အခွင့်အာဏာပေးခြင်း၊ ပြည်သူတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်စွမ်းရှိလာစေရန် မှန်ကန်သော သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း၊ ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်စေကာ ဉာဏ်ပညာဗဟုသုတ ပြည့်ဝစေခြင်း၊ အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ်သို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ မွေးထုတ်ပေးခြင်း စသည့် ဂုဏ်ဒြပ်အပေါင်း ခညောင်းသော ပြည်သူ့စကားဝိုင်းများကို ပြည်သူတို့က ဝမ်းသာအားရ ကြိုဆိုကြလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဒီမိုကရေစီခရီးလမ်း လျှောက်လှမ်းနေသော ကျွန်ုပ်တို့၏နိုင်ငံတော်၌ ပြည်သူ့ဘဝ မြင့်မားရေးအတွက် လူထုအခြေပြု စာကြည့်တိုက်များနှင့် လူထုအခြေပြု ဗဟိုဌာနတို့ကို ပြည်သူတို့၏ ဘုမိနက်သန် နေရာမှန်များအဖြစ်သို့ အသွင်ပြောင်းလဲမှု အရှိန်အဟုန်ရလာမည်ဟု တွေးတောမိရင်း **"ပြည်သူ့စကားဝိုင်း တုန့်နှိုင်းမမီ တိုင်းကားပြည်ဝယ်"** ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

## တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူများ တွေ့ဆုံ

**ကြံခင်း ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့သို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လာရောက်စဉ် ကြံခင်းမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ မြို့နေပြည်သူများနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားပြီး တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် အဆိုပါတင်ပြချက်များနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာရေရရှိရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်ပြီးစီး

**တောင်ငူ ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နေပူကုန်းကျေးရွာအုပ်စု ဘောင်းကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ ကျပ် ၁၃ ဒသမ ၅၅၂ သန်းဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသရေရရှိရေး တွင်းနက်တူးဖော်ခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေတွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို ပန်းရွှေဝါကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး အနက်ပေ ၄၀၀ လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ ယခု လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ နှုန်း ထွက်ရှိနေပြီး ကျေးရွာအတွက် ရေလုံလောက်စွာ ရရှိသောကြောင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေထွက်ရှိနေမှု အခြေအနေများကို တောင်ငူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ငုဝါထွေးတို့က ဇန်နဝါရီ၂၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## ပညာရေးအဆောက်အအုံများ လွှဲပြောင်းပေးအပ်

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)အရ ဆောင်ရွက်ခဲ့သော ပညာရေးအဆောက်အအုံများကို သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောထူးကပေါ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်နှင်းမူက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်လင်းက လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)အရ ပညာရေးအဆောက်အအုံများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သောလုပ်ငန်းများအကြောင်း အသေးစိတ် ရှင်းလင်းပြောကြားပြီး အဆောက်အအုံများနှင့်ပတ်သက်သော စာရင်းဇယား စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**စဥ့်ကိုင် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် မုန်ပင်ကျေးရွာ၌ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါကျေးရွာရှိ ရွာလယ်ဘုရားဝင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းသန်းက လူမှောင်ခို လူကုန်ကူးခံရမှု အခြေအနေများ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် လူမှောင်ခို၊လူကုန်ကူးမှု တားဆီးကာကွယ်ရေးတွင် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ပေးရန် စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာနေပြည်သူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဟောပြောပွဲလာရောက်သည့် ပြည်သူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အိုင်အိုဒင်းဆားနှင့် ခေါက်ဆွဲခြောက်ထုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဥ့်ကိုင်)**




# မြေတိုင်ကန်ရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းအပ်နှံပွဲကျင်းပ

**ဝမ်းတွင် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ခေါ်မှုနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရ၏ လမ်းညွှန်မှုဖြင့် အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ ဆောက်လုပ်လှူဒါန်းသည့် အောင်ဆန်းစုကြည်ကျောင်းဟု အမည်ပေးထားသည့် အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းအပ်နှံပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အလှူရှင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (MBCCD)ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ဝိတ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဒေါ်အောင်ဆန်းစုကြည် ဒီမြေတိုင်ကန်ကျေးရွာကို လာရောက်ခဲ့တဲ့အတွက် ကျောင်းဆောင်သစ်လေး ရသွားတယ်၊ ရေပေးဝေရေး ရသွားတယ်၊ လျှပ်စစ်အဆင်ပြေအောင် လုပ်ပေးလိုက်နိုင်တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကြောင့် မြေတိုင်ကန်ကျေးရွာလေးရဲ့ ရှေ့အနာဂတ်ဟာ ပညာရေးကျောင်းဆောင်လေး အသစ်ရတာနဲ့အညီ ဖွံ့ဖြိုးတိုးတက်သွားမှာပါ၊ အခြေခံပညာကျောင်းတွေ များများဖွင့်နိုင်လေလေ တိုင်းပြည်တိုးတက်လေလေ ဖြစ်မှာပါ၊ ပြည်သူလူထုဟာ အစိုးရရဲ့ကျေးဇူးရှင်တွေဖြစ်တယ်လို့ သတ်မှတ်ထားပါတယ်။ ဒီကျောင်းလေးကိုဝိုင်းဝန်းစောင့်ရှောက်ကြပါ၊ ဆရာ၊ ဆရာမတွေရဲ့တာဝန်ဖြစ်ပေမယ့် ဒီကျေးရွာနဲ့ ကျောင်းသားမိဘတွေမှာလည်း တာဝန်ရှိတယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ဒီကျောင်းလေးရဲ့ကောင်းရာကောင်းကျိုးကို ဆောင်ရွက်ကြပါ"ဟု အမှာစကားပြောကြားသည်။

ကျောင်းဆောင်သစ်နှင့် မြေနေရာအလှူရှင် ဦးမောင်ဝိတ်ကလည်း "မြေတိုင်ကန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပါဝင်တဲ့ ငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်တာကို ရုပ်မြင်သံကြားကနေ ကြည့်ရှုနေရင်းက ပညာရေးလိုအပ်ချက်ဖြစ်တဲ့ စာသင်ကျောင်း လှူဒါန်းဖို့ ဖိတ်ခေါ်တိုက်တွန်းတာကို တွေ့လိုက်ရတဲ့အခါ မန္တလေးတိုင်းဒေသကြီးအစိုးရကို လှူဒါန်းမယ်ဆိုတာ ဖုန်းဆက်ပြီး ပြောပြလိုက်ပါတယ်၊ အဲဒီအချိန်မှာ ဝန်ကြီးချုပ်ကြီးက အလှူရှင်ပေါ်သွားပါပြီလို့ အဲဒီပွဲမှာပဲ ကြေညာခဲ့ပါတယ်၊ တကယ်လိုအပ်တဲ့ ဒေသတွေမှာ ပညာရေးအတွက် လှူဒါန်းခွင့်ရခဲ့တာဖြစ်လို့ ကျွန်တော့်အနေနဲ့ စိတ်ချမ်းသာကြည်နူးမိပါတယ်"ဟု ပြောသည်။

အဆိုပါ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်းက "ကျောင်းဆောင်သစ်ပေါ် ပေါက်လာတာက ၂၀၁၇ ဩဂုတ် ၈ ရက်က မြေတိုင်ကန်ကျေးရွာမှာ ပြုလုပ်တဲ့ ငြိမ်းချမ်းရေးစကားဝိုင်းမှာတုန်းက ကျောင်းရဲ့အခြေအနေလေးကို တင်ပြလိုက်တယ်၊ ကျောင်းက ကျောင်းဆောင်လေး နှစ်ဆောင်ပဲရှိတာ၊ ဒီနှစ် မူလွန်အဆင့်တိုးတယ်၊ အဆင့်တိုးပေမယ့်လည်း စာသင်ခန်းမလုံလောက်တဲ့အတွက် စာသင်ခန်းလေးတစ်ခန်းထဲမှာ အတန်းသုံးတန်းကို ခန်းစီးလေးခြားပြီး စာသင်ရပါတယ်၊ ဒါကို တင်ပြလိုက်တဲ့အခါမှာ အမေစုက အလှူရှင်ကို ဖိတ်ခေါ်ပေးတဲ့အတွက် ဒီလိုပေါ်ပေါက်လာပါတယ်၊ ဒီကျောင်းလေးမှာ KG ကနေ ငါးတန်းအထိ ၆၉ ဦးရှိပါတယ်၊ အခုကျောင်းဆောင်ကြီး ရလိုက်ပြီဆိုတော့ စာကို ဖြောင့်ဖြောင့်တန်းတန်း စိတ်အေးလက်အေး သင်နိုင်သွားပါပြီ။ တစ်ရွာလုံး ဝမ်းသာပီတိဖြစ်ကြရပါတယ်"ဟု ပြောကြားသည်။

ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေနေရာမလုံလောက်သည့်အတွက် အလှူရှင်ကုမ္ပဏီက မြေထပ်မံဝယ်ယူကာ ကျပ်သိန်း ၇၃၀ ကျော် အကုန်ကျခံပြီး အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ ပင်မစာသင်ဆောင်နှင့်အတူ စာသင်ခန်းများအတွင်း၌ စာသင်ခုံများ၊ ဝှိုက်ဘုတ်များနှင့် အခြားလိုအပ်သည့် ကျောင်းသုံးပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ကျောင်းဆောင်သစ်ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ၂၉ ရက်တွင် လွှဲပြောင်းအပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်အောင်မြို့၌ ဧရာဝတီမြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြန်အောင် ဇန်နဝါရီ ၃၀**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် မကျီးစု မြန်အောင်တာမိုင်(၆/၃)အနီး ဧရာဝတီမြစ်ကမ်းဘေး၌ အနုန်းတိုင်စိုက် Steel Basket အခြေပြု ကွန်ကရစ်ကျောက်ပြားကပ်တမံ ကမ်းထိန်းလုပ်ငန်းနှင့် ပြည်တော်အေးဘုရားရှေ့၌ အနုန်းတိုင်အခြေပြု ကျောက်ပြားစီ ကမ်းထိန်းပြုပြင်ခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လုပ်ငန်း ဆောင်ရွက်နေမှုများကို မြန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်တို့က ဇန်နဝါရီ ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ မြန်အောင်မြို့အမှတ်(၁)ရပ်ကွက် မကျီးစုတာ ကမ်းထိန်းလုပ်ငန်းတွင် အလျား ၉၀၀ ပေကို ကျပ် ၄၃၄ ဒသမ ၂၉၉ သန်း အကုန်ကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တော်အေးဘုရားရှေ့ ကမ်းထိန်းလုပ်ငန်းတွင် အလျား ပေ ၁၅၀ ကိုကျပ် ၂၆ ဒသမ ၄၃၈ သန်း အကုန်ကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ငါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေး

**ငါန်းဇွန် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ခုတင် ၅၀ ဆံ့ အာရ်စီနှစ်ထပ် တိုးချဲ့ဆောင် အဆောက်အအုံ တည်ဆောက်နေသည့် လုပ်ငန်းခွင်ကို အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များ ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဦးဆောင်သောအဖွဲ့က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း Bright Star Wave ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော တိုးချဲ့အာရ်စီနှစ်ထပ်ဆောင် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ MD နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ကော်မတီဝင်များက တိုးချဲ့ဆောင်ဆောက်လုပ်နေမှု အခြေအနေနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုးတို့လည်း လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



# ပုဂ္ဂိုလ်ရေးဆန်သည့် ဝေဖန်မှုတွေပါဟု ပြောကြားလိုက်သည့် ဖြူဖြူကျော်သိန်း



အဆိုတော်ကြီး ခင်မောင်တိုး သီဆိုခဲ့တဲ့ "ဆည်းလည်းရှိုက်သံ" တေးသီချင်းကို ပြန်လည်သီဆိုခဲ့သူ အဆိုတော် ဖြူဖြူကျော်သိန်းတစ်ယောက် ပရိသတ်အချို့နဲ့ မီဒီယာလောကသားအချို့၏ ဝေဖန်မှုတွေကို ခံနေရသည်။

လှိုင်တေးသံသွင်း၏ ၁၆ နှစ်ပြည့် အမှတ်တရအဖြစ် အဆိုတော်ကြီး ခင်မောင်တိုး၏ တေးသီချင်းများကို ပြန်လည်သီဆိုထားသော တေးစီးရီးခွေ ထုတ်လုပ်ခဲ့ပြီး ယင်းအခွေထဲတွင် သီဆိုသူများစွာ ပါဝင်သော်လည်း ဖြူဖြူကျော်သိန်း တစ်ဦးတည်းကိုသာ ဝေဖန်မှုတွေ မြင့်တက်နေတာဟုသိရသည် ။

"ဖြူဖြူ အမြင်ကတော့ အဆိုတော်တစ်ယောက်ကို ဝေဖန်တယ်ဆိုရင် ပြန်ဆိုတေးပဲဖြစ်ဖြစ်၊ တခြားသံစဉ်ပဲဖြစ်ဖြစ် အဲ့အဆိုတော် သီဆိုတဲ့ ပုံစံသီချင်းစာသားမှန်မမှန်၊ဆိုနည်း၊ဆိုဟန် မှန်လား မမှန်လား၊ နောက်တစ်ခုက တီးခတ်တဲ့ပိုင်းကိုကြည့်ရမယ်၊ တီးခတ်မှုပိုင်း မှန်လား၊ မမှန်လား ဆိုတဲ့ အချက်အလက်ပေါ် မူတည်ပြီးတော့ ဝေဖန်တယ်ပေါ့၊ အခုဖြူဖြူ ဆိုထားတဲ့ သီချင်းတစ်ပုဒ်ထဲမှ မဟုတ်ပါဘူး၊ အခွေထဲမှာ ပါဝင်တဲ့ သီချင်းအားလုံးကို ပြန်လည်ဖန်တီးတဲ့အခါမှာ အားလုံးကို ခြုံကြည့်ရင် အဆိုပညာပိုင်းရော၊ အတီးပိုင်းမှာဆိုလည်း အားလုံးပညာရှင်တွေနဲ့ တိုင်ပင်ပြီး ဖန်တီးထားကြတာပါ၊ အဲ့ဒီတော့ နည်းစနစ်ပိုင်း ဝေဖန်တာမျိုးလားဆိုတော့လည်း မဟုတ်ဘူး၊ နောက် တစ်ခုက သီဆိုကြတဲ့ အဆိုတော်ပိုင်းတွေကိုကြည့်မယ်ဆိုလည်း ဗားရှင်းပြောင်းလဲပြီး ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အသံနဲ့ ပြန်ဆိုကြတယ်အခါမှာ သူ့ပုံစံနဲ့သူ တစ်မျိုးစီထွက်လာကြတာပဲလေ၊ အဆိုတော်တွေဆိုတာလည်း လူသားတွေပါပဲ၊ ဘဝဖြတ်သန်းပုံတွေ မတူကြဘူး၊ ခံစားချက်တွေလည်း မတူကြဘူး၊ သီချင်းတစ်ပုဒ်ကိုလည်း ခံစားမှုပိုင်းက မတူကြတော့ဘူး၊ အဲ့တော့ ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာပဲ ပြောလို့ရတယ်၊ ကိုယ်က ဒီသီချင်းကို ကြိုက်ပေမယ့်၊ နောက်တစ်ယောက်က ကိုယ်ကြိုက်တဲ့သီချင်းကိုကြိုက်ချင်မှကြိုက်မှာလေ၊ ကိုယ်မကြိုက်တဲ့ဟာလည်း သူကကြိုက်ချင် ကြိုက်မှာလေ၊ အဲ့ဒီတော့ အားလုံးနားလည်မှုလေးနဲ့ အပြန်အလှန်ပြောကြ ထောက်ရှုလာရင်တော့ ကမ္ဘာကြီးက ငြိမ်းချမ်းမှာပါ"ဟု ပြောသည်။

**ကိုလင်း**

# ifIix မှ နိုင်ငံပေါင်း ၂၅ နိုင်ငံ ကျော်ထဲမှ အနုပညာရှင်များနှင့်အတူ အကယ်ဒမီဖွေးဖွေးကို အနုပညာ အကြံပေးအဖွဲ့ဝင်အဖြစ် ကမ်းလှမ်း




ကမ္ဘာ့နိုင်ငံတကာ ရုပ်ရှင်များနှင့် ပြည်တွင်း ရုပ်ရှင်ဇာတ်ကားများကို အင်တာနက်ကနေတစ်ဆင့် ကြည့်ရှုခံစားနိုင်ရန် ifIix မိတ်ဆက်ပွဲသို့ အကယ်ဒမီဖွေးဖွေးကို ဖိတ်ကြားပြီး အနုပညာနှင့်ပတ်သက်မှုများကို အကြံပေးနိုင်ရန်အတွက် အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းကို ယခုလ ၂၈ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Junction City တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဖွေးဖွေးကို အနုပညာအကြံပေးအဖြစ် ဖိတ်ခေါ်ရတာကတော့ သူက ၂၀၁၂ ခုနှစ်တုန်းက "လက်ပံ" ရုပ်ရှင်ကားကြီးနဲ့ အကောင်းဆုံးထူးချွန်ဆုကိုရရှိခဲ့တယ်၊ နောက်သုံးနှစ်လောက်ကြာတဲ့အခါ "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားနဲ့လည်း ဆုရခဲ့တယ်၊ ပရိသတ်ကြည့်ရှုသူအများအပြား ရှိခဲ့တဲ့ စံချိန်တင် ဇာတ်ကားတွေဖြစ်ခဲ့ပါတယ်၊ နောက် တီဗွီကြော်ငြာတွေ၊ သီချင်းတွေ၊ ဗီဒီယိုကားတွေလည်း အများကြီးရိုက်ထားသူဖြစ်တာမို့ အနုပညာနဲ့ပတ်သက်ပြီး အကောင်းဆုံးတွေ အကြံပေးနိုင်မယ်လို့ ယူဆပြီး ကျွန်တော်တို့အဖွဲ့ဝင်အဖြစ် ကမ်းလှမ်းခဲ့တာပါ၊ ကျွန်တော်တို့ ifIix အနေနဲ့ နိုင်ငံတကာမှာရှိတဲ့ အနုပညာရှင်တွေနဲ့လည်း ချိတ်ဆက်ပြီး ဖျော်ဖြေရေးဝန်ဆောင်မှုလုပ်ငန်းကိုလုပ်ဆောင်ခဲ့ပါတယ်၊ မြန်မာပြည်မှာတော့ ပြည်ပနိုင်ငံကဇာတ်ကားတွေပဲ ပြသခဲ့တာပါ အခုဆို ပြည်တွင်း ရုပ်ရှင်ဇာတ်ကားတွေကို ကြည့်ရှုနိုင်ရန် ပထမဆုံးလက်တွဲလုပ်ဆောင်တာပါ"ဟု ifIix မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ifIix သည် အင်ဒိုချိုင်းနားဒေသဆိုင်ရာ အကြီးအကဲ Adeana Greenlee မှ ဖွေးဖွေးအား မိမိတို့၏ မိသားစုဝင်အဖြစ် ကြိုဆိုကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဖွေးဖွေး၏ ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ လူပေါင်း တစ်ဘီလီယံကျော် ကြည့်ရှုနိုင်ရန် ဆောင်ရွက်မည်ဟု သိရသည်။

**ကိုလင်း**

# Melody ရှာပြီးမှ သီချင်းအကြောင်းအရာတွေ စဉ်းစားသည့် အဆိုတော် ဝေလ




"၁၉၈၂"၊ "မိတ်ကပ်မကြိုက်သောသီချင်းများ"၊ "အဓိပတိဖွား"စသည့် တေးစီးရီးများကိုထွက်ရှိခဲ့သူ တေးသံရှင်ဝေလ အနေဖြင့် ယခုတစ်ခါ သူ၏ နောက်ဆုံးတစ်ကိုယ်တော်ခွေဖြစ်သည့် "အတုများတဲ့မြို့" အမည်ရ Audio CD တေးအယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"အတုများတဲ့မြို့ဆိုတာ ဒီအခွေထဲမှာပါတဲ့ သီချင်းတစ်ပုဒ်ရဲ့ခေါင်းစဉ်ပါပဲ၊ အဓိပ္ပာယ်ကလည်း မြို့တစ်မြို့ကိုသွားရင် အတုတွေများတယ်ဆိုတဲ့ သဘောပါ၊ ဒီသီချင်းလေးကိုရေးတော့ ထုံးစံအတိုင်း Melody ရှာပြီးတော့မှ သီချင်းရဲ့အကြောင်းအရာကို စဉ်းစားတာပါ၊ မြို့တစ်မြို့မှာ လူလိမ်တွေကများတော့ ကိုယ်နေရတာ စိတ်ညစ်တယ်ဆိုတဲ့ အကြောင်းလေးကို ပေါ့ပေါ့ပါးပါးလေးပဲ ရေးလိုက်တာပါ၊ လက်ရှိမှာကိုယ်တိုင် တွေ့ကြုံနေရတာထက်စာရင် ကိုယ်ရေးချင်တဲ့ သီချင်းရဲ့အဓိပ္ပာယ်ကိုပဲ ပိုပြီး အာရုံစိုက်ရေးဖြစ်တယ်၊ ဒီအခွေကို အဓိပတိဖွား ထွက်ပြီးကတည်းက တည်ထားတာပါ၊ အဲဒီကြားထဲမှာ ခုတင်အမှတ် ၁၈ လည်း ထွက်လိုက်တော့ နှစ်နှစ်နီးပါးလောက်တော့ အချိန်ကြာသွားတယ်၊ ကျွန်တော်ထွက်ပြီးသား အခွေတိုင်းကို ကြိုးစားပြီး ဖန်တီးခဲ့တယ်၊ ဒီအခွေကိုလည်း အရှေ့အခွေတွေလိုပါပဲ ရေးလိုက်တီးလိုက်နဲ့ ၁၅ ပုဒ်လောက်တီးပြီးတော့မှ စိတ်ကြိုက် ၁၀ ပုဒ်ကို ရွေးလိုက်တာပါ"ဟုလည်း တေးသံရှင်ဝေလက ပြောသည်။ အဆိုပါ တေးစီးရီးတွင် တေးသီချင်းပေါင်း ၁၀ ပုဒ်ပါဝင်ပြီး Bo Bo Music Production , Myanmar Media Management တို့ မှဖေဖော်ဝါရီ ၁ ရက်တွင် ဖြန့်ချိမည်ဟု သိရသည်။ လတ်တလောတွင် နယ်ပွဲများနှင့် တခြားလူမှုရေးပွဲများတွင်လည်း အားရင်အားသလို ပရဟိတသဘောမျိုး လိုက်ဆိုပေးတာမျိုးတွေရှိတယ်"ဟု တေးသံရှင်ဝေလက ပြောသည်။ **ကိုလင်း**



# စစ်မှန်သည့် ချစ်ခြင်းတရားမှာ အလျော်အစားမပါဘူးဆိုသည့် "အနမ်းဝိုင်"

**ကိုလင်း**

စိန်ဒွေး ရုပ်ရှင်ထုတ်လုပ်ရေးမှဝတ္ထု ဇာတ်ညွှန်း ပုညခင် ဒါရိုက်တာ အောင်မြတ်ရိုက်ကူးသည့် "အနမ်းဝိုင်"ရုပ်ရှင်ကို ဇန်နဝါရီ ၂၇ရက်က သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် စာနယ်ဇင်းမိတ်ဆက်အကြိုအထူးပွဲပြသခဲ့သည်။ အနမ်းဝိုင် ရုပ်ရှင်ကားကြီးတွင် အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်၊ မင်းဦး၊ စိုးမြတ်သူဇာ၊ ဇော်ဦး၊ ကျော်ကျော်၊ မျိုးသန္တာထွန်း၊ ဝါဝါအောင်တို့မှပါဝင်သရုပ်ဆောင်ထားပြီး ချစ်ခြင်းမေတ္တာတွင် အလျော်အစားမရှိသလို စိတ်ရင်းစေတနာတစ်ခုကို ငွေကြေးဖြင့်လဲလှယ်မရနိုင်ကြောင်းကို ဖော်ကျူးထားသည့် မေတ္တာဖွဲ့ဇာတ်ကားဖြစ်ပြီး ဖေဖော်ဝါရီ ၂ရက်တွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

**ဇာတ်လမ်း ရည်ရွယ်ချက်**

ဒီဇာတ်ကားက ဒရာမာအချစ်ဇာတ်လမ်းအမျိုးအစားပါ၊ ဇာတ်ရဲ့ အဓိကရည်ရွယ်ချက်၊ တကယ့်အချစ်စစ် အချစ်မှန်တွေမှာ အလျော်အစားဆိုတာမရှိဘူး၊ စိတ်ရင်းစေတနာနှင့် ကိုယ့်ချစ်သူ၏ဘဝကို ငွေကြေး၊ ပစ္စည်းဥစ္စာနှင့် တန်ဖိုးဖြတ်မရသလို လဲလှယ်လို့ မရပုံ၊ လူတစ်ယောက်ဟာ တကယ်အကူအညီ လိုအပ်နေသောအချိန်မှာ စေတနာနှင့် ကူညီခဲ့သည့်အခါ ပြန်ပြီး ကိုယ့်၏ ငွေကြေးဥစ္စာနှင့်ပုံအောပြီး ပြန်ဆပ်လည်း မကျေနိုင်ကြောင်း၊ ထိုလူလိုအပ်သောအခါ ကျေးဇူးတရားကို ပြန်ဆပ်ရင်လည်း မေတ္တာတရားနှင့်သာ ပြန်ဆပ်သင့်ကြောင်း၊ မိမိချစ်ခင်သူအပေါ် ရိုးသားမှုရှိရန် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာက ချစ်သူဘက်က ရဲရင့်စွာ ရပ်တည်နိုင်သူဖြစ်စေရန်။

**ဇာတ်လမ်းအကျဉ်း**

ဒေါ်မမရှင် ၏ မွေးစားသမီး လရိပ်အေး တောင်ကြီးမြို့အနီးက ပအို့ဝ်ကျေးရွာလေးတစ်ရွာ ကနေခေါ်ယူမွေးစားခြင်းဖြစ်သည်၊ သမီးအရင်းနှင့်မခြား ပြုစုပျိုးထောင်ပေးခဲ့သည်၊ ဒေါ်မမရှင်တွင် ကျန်းမာရေး ချူချာသော သားတစ်ယောက်ရှိသည်၊ သူ့နာမည်က လင်းခိုင်၊ သူ့ကို မောင်နှမအရင်းပမာ စောင့်ရှောက်နေရပြီး လင်းခိုင် သွေးသွင်းရန်လိုအပ်တိုင်း လရိပ်အေး အမြဲလိုကူညီပေးခဲ့ရသည်၊ ထိုသို့ ကူညီခဲ့သော ကျေးဇူးတရားကို ဒေါ်မမရှင် တစ်ယောက် လရိပ်အေးကို ကျေးဇူးဆပ်သည့်အနေနှင့် မိမိ၏ ငွေကြေး ဥစ္စာနှင့် အဖိုးတန်လက်ဆောင်များကို အမြဲလိုလို ပြန်ပေးဆပ်ခဲ့သည်၊ သို့သော် လရိပ်အေး မိခင်ဖြစ်သူ မကွယ်လွန်ခင်က ချစ်ခြင်းမေတ္တာတရားတွင် ငွေကြေး၊ ဥစ္စာ အလျော်အစားဆိုတာ မရှိကြောင်း၊ မေတ္တာတရားသာ အဓိကကျကြောင်း ပြောဆိုဆုံးမခဲ့သည်၊ မိမိအပေါ် အလျော်အစားများဖြင့်သာ ရှင်သန်နေသော ဒေါ်မမရှင်အပေါ် မနှစ်မြို့သော်လည်း ကျေးဇူးတရားများကို ထောက်ရှု၍ မိမိဘဝကို ဖြတ်သန်းနေရသည့် လရိပ်အေး၊ တစ်နေ့မထင်မှတ်ဘဲ သူနာပြုတက္ကသိုလ်ကျောင်းမှာ သူငယ်ချင်းများနှင့် တောင်ကြီးတန်ဆောင်တိုင်ပွဲကို သွားရောက်စဉ်မထင်မှတ်ဘဲ မိုးသက်ဆိုသည့် လူငယ်တစ်ယောက်နှင့် တွေ့ဆုံခဲ့သည်။ မိမိနှင့် သူငယ်ချင်းများ မီးပုံးပျံပွဲတွင် ရုတ်တရက် အန္တရာယ်တစ်ခုနှင့် ကြုံစဉ် လရိပ်အေးကို ကယ်တင်လိုက်ခဲ့သည်။ ထို့ကြောင့် မိုးသက်ကို သူမ ကျေးဇူးရှင်တစ်ယောက် အဖြစ်နှင့် တွေ့ချင်နေမိသည်၊ ထင်မှတ်မထားဘဲ ဒေါ်မမရှင်က စပျစ်ခြံများကို လရိပ်အေးသွားရောက်ကြည့်ရှုရန် ရုတ်တရက်စေလွှတ်ရာ တောင်ကြီးမြို့သို့ တစ်ကျော့ပြန်လည်ရောက်ရှိခဲ့သည်။ စပျစ်ခြံတွင် မိုးသက်နှင့် ပြန်လည်တွေ့ဆုံခဲ့ပြီး သံယောဇဉ်တွေ တွယ်ငြိပြီး ချစ်သူအဖြစ် ရောက်ရှိခဲ့ကြသည်။ ထိုသတင်းကို ဒေါ်မမရှင် ကြားသိလိုက်ရချိန်မှစ၍ သူ့သားဖြစ်သူ လင်းခိုင်ကို လရိပ်အေးနှင့်သာ ပေးစားမည်ဟု ဆုံးဖြတ်ချက်ချပြီး မိုးသက်ကို လရိပ်အေးနှင့် လင်းခိုင်တို့၏ ပတ်သက်မှုကို ရှင်းပြသည်၊ မိုးသက်နှင့် လရိပ်အေးကို နည်းအမျိုးမျိုးနှင့် ခွဲသည်။ နောက်ဆုံးစစ်မှန်သော အချစ်တွေ ရှိကြသော ချစ်သူနှစ်ဦး မည်သို့ပင် ခွဲသော်လည်း ပေါင်းစည်းခဲ့ကြသည်ကို ဒါရိုက်တာမှာ မြန်မာပြည်၏ သဘာဝအလှတရားများ နောက်ခံထားကာ ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဂရမ်မီဆုပေးပွဲနှင့် အဖြူရောင်နှင်းဆီ

ဟောလိဝုဒ်မှာ အမျိုးသမီးတွေ လုပ်ငန်းခွင်အတွင်းအခွင့်အရေးတန်းတူ ညီမျှမှုမရတာတွေ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ် ကျူးလွန်ခံရတာတွေကို ဆန့်ကျင်တဲ့အနေနဲ့ လှုပ်ရှားမှုတွေပြုလုပ်လာကြပါတယ်။ ပြီးခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲမှာလည်း ရုပ်ရှင်သရုပ်ဆောင်တွေဟာ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရမှုတွေ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ် ကျူးလွန်ခဲ့ရမှုတွေကို ဆန့်ကျင်ကြောင်း ပြသတဲ့အနေနဲ့ ရွှေကမ္ဘာလုံးဆု အခမ်းအနားကို တက်ရောက်တဲ့အခါ အနုပညာရှင်တွေဟာ အနက်ရောင် အင်္ကျီတွေချည်း ဝတ်ဆင်ခဲ့ပါတယ်။ အခုတစ်ဖန်ဂီတထူးချွန်ဆုပေးပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲမှာလည်း ဂီတဝိုင်းတော်သားတွေဟာလည်း ခွဲခြားဆက်ဆံခံရမှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်ခဲ့ရမှုတို့ကို သူတို့လည်း ဆန့်ကျင်ကြောင်းပြသတဲ့အနေနဲ့ ယောကျ်ား၊မိန်းမမခွဲခြားဘဲ အဖြူရောင်နှင်းဆီတွေကို သင်္ကေတ တစ်ခုအဖြစ် အင်္ကျီမှာ ထိုးထားကြပါတယ်။ တချို့ကလည်း ဒီအတိုင်းပဲသယ်ဆောင်လာကြတယ်။ အချို့ကတော့ အဖြူရောင်နှင်းဆီဖူးကို လက်ပတ်၊ လက်စွပ်အဖြစ် ဝတ်ဆင်လာကြတယ်။

အကောင်းဆုံးပေါ့အဆိုရှင်အဖြစ် ဆန်ခါတင်စာရင်းဝင်တဲ့ လေဒီဂါဂါဟာလည်း အဖြူရောင်နှင်းဆီဖူးလေးကို ရင်ဘတ်မှာထိုးလာတာကို တွေ့ရပါတယ်။ ကယ်လီကလာ့ခ်ဆန်ကတော့ ဒီအဖြူရောင်နှင်းဆီက မျှော်လင့်ခြင်းနှင့် ငြိမ်းချမ်းခြင်း၊ ရိုးသားခြင်း၊ ကိုယ်ချင်းစာခြင်းအစရှိတာတွေကို ကိုယ်စားပြုတယ်လို့ ပြောပါတယ်။ ဒီအဖြူရောင်နှင်းဆီလှုပ်ရှားမှုဟာ အနုပညာရှင်တွေကြား အမျိုးသား၊ အမျိုးသမီးဆိုပြီးခွဲခြားကာ လုပ်ခအခကြေးငွေရရှိမှုမညီမျှတာကိုလည်း မီးမောင်းထိုးပြဖို့ ရည်ရွယ်တယ်လို့လည်းသိရပါတယ်။

ဒီပွဲမှာ အဆိုတော်ပင့်ခ်တို့တစ်မိသားစုလုံးဟာ အဖြူရောင်နှင်းဆီပန်းကို ဆင်မြန်းခဲ့ကြပါတယ်။ အဖြူရောင်နှင်းဆီလှုပ်ရှားမှုဟာ အမျိုးသမီးအနုပညာရှင်တွေနဲ့ချည်းသက်ဆိုင်တာမဟုတ်ပါဘူး။ အမျိုးသားတွေဟာလည်း သူတို့ရဲ့ ကုတ်အင်္ကျီမှာ အဖြူရောင်နှင်းဆီကို ထိုးပြီးပွဲတက်လာကြတာကိုလည်း တွေ့ရပါတယ်။

**ရိုက်တာ**



................................

### ဂရမ်မီဆုပေးပွဲမှာ ဆုခြောက်ဆုကို တစ်ပြိုင်နက်သိမ်းယူသွားနိုင်တဲ့ ဘရူနိုမာ့စ်

တနင်္ဂနွေနေ့ညကကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာ R &B အဆိုတော် ဘရူနိုမာ့စ်က ဆုတွေသိမ်းကျုံးယူသွားပါတယ်။ ပေါ့မြူးဇစ်က ရက်ပ်ဂီတကို လွှမ်းမိုးသွားတဲ့နှစ်လို့လည်း ပြောလို့ရပါတယ်။ အကြိမ် ၆၀ မြောက်ဂရမ်မီဆုပေးပွဲမှာတော့ ဘရူနိုမာ့စ်က ယခုနှစ်အတွက်ရေပန်းအစားဆုံး သီချင်းဆုကို That's What I Like နဲ့ ရရှိခဲ့ပြီး အဲဒီဆုအပါအဝင် ဆုပေါင်းခြောက်ဆုကို သိမ်းကျုံးယူသွားနိုင်ခဲ့ပါတယ်။ အဲဒီသီချင်းဟာ ဘရူနိုမာ့စ်ရဲ့အောင်မြင်ပြီး လူကြိုက်များတဲ့သီချင်းတစ်ပုဒ်လည်းဖြစ်တယ်။ ယခုနှစ်အတွက် အကောင်းဆုံးသီချင်းအယ်လ်ဘမ်ဆုကိုတော့ ဘရူနိုမာ့စ်ရဲ့24K Magic အခွေနဲ့ ရရှိခဲ့ပါတယ်။ ဘရူနိုမာ့စ်ရဲ့အောင်မြင်မှု ကြောင့် ရက်ပ်ပါတွေဖြစ်တဲ့ Kendrick lamar နဲ့ ဂျေဇက်တို့ဟာ ဒီနှစ်မှာတော့ အောင်ပွဲမခံနိုင်တော့ပါဘူး။

ဘရူနိုမာ့စ်ကတော့သူ့သီချင်းတွေဟာ ပျော်ရွှင်ခြင်း၊ ချစ်ခြင်းနဲ့ သူပြောချင်တဲ့အရာတွေကို သူ့သီချင်းအယ်လ်ဘမ်ထဲမှာထည့်သွင်းရေးသားထားပြီး ပရိသတ်တွေကလည်းသူ့သီချင်းတွေနဲ့ သီဆိုကခုန်နေတာကို တွေ့ရတယ်လို့လည်း ပြောပါတယ်။ ဘရူနိုမာ့စ်ကတော့ အခုအချိန်မှာ အသက် ၃၂နှစ်ရှိပြီပဲဖြစ်တယ်။ ဘရူနိုမာ့စ်က ဒီနှစ်ဆုပေးပွဲမှာ သူနဲ့ပြိုင်ဘက်တွေဖြစ်တဲ့ ဂျေဇက်၊ လာမာ၊ ချိုင်းဒစ်ဂမ်ဘီနို တို့ကိုလည်း အကောင်းဆုံးဂီတတွေဖန်တီးခဲ့တဲ့အတွက် ကျေးဇူးတင်တယ်လို့လည်း ပြောခဲ့ပါတယ်။ ရက်ပ်ပါတစ်ဦးဖြစ်တဲ့ လာမာကတော့ ဆန်းသစ်တဲ့ဂီတ တီထွင်သူလို့ အများကအသိအမှတ်ပြုထားပြီး သူဟာလည်း သူ့ရဲ့အယ်လ်ဘမ်ဖြစ်တဲ့ DAMN နဲ့ ဆုငါးဆုရရှိထားသူလည်းဖြစ်တယ်။ ရက်ပ်ဂီတဟာ အမေရိကန်မှာတော့ ၂၀၁၇ခုနှစ်မှာ အင်အားအကောင်းဆုံးဂီတမျိုးဆက်တစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တခြားဂီတတွေက ရက်ပ်ဂီတကို လွှမ်းမိုးသွားတာတွေလည်းရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ အဒဲလ်က ဘီယွန်းစေးလ်ကို အနိုင်ရသွားပြီး ၂၀၁၆ခုနှစ်မှာတော့ ရက်ပ်ပါလာမာကို တေလာဆွစ်ဖ်က ကျော်သွားပါတယ်။

ဒီနှစ်ဂရမ်မီဆုပေးပွဲမှာတော့ ဂျေဇက်က အရှုံးသမားပါပဲ။ သူ့ရဲ့4:44 အခွေဟာ ဆုရှစ်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပေမယ့် တကယ်တမ်းဆုပေးပွဲနေ့မှာတော့ ဘာဆုမှရရှိခဲ့ခြင်းမရှိပါဘူး။ ဗြိတိန်အဆိုတော့ အက်ဒ်ရှီးရန်ကတော့ ဆုနှစ်ဆုရရှိခဲ့ပေမယ့် ဂရမ်မီဆုပေးပွဲကိုတက်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဆုပေးပွဲညမှာတော့ လေဒီဂါဂါ၊ ပင့်ခ်၊ ဆမ်စမစ်တို့ကဖျော်ဖြေခဲ့ကြပါတယ်။ ဒီပွဲမှာဖျော်ဖြေ၊တက်ရောက်ကြတဲ့ အနုပညာရှင်အများစုကတော့ အဖြူရောင်တွေကို ဝတ်ဆင်ခဲ့ကြပါတယ်။ အမျိုးသမီးအနုပညာရှင်တွေအတွက် လုပ်ငန်းခွင်မှာ ကျူးလွန်ခံရမှု၊ လုပ်ခငွေမညီမျှမှုတို့၊ ခွဲခြားဆက်ဆံခံရမှုတို့ကို ဆန္ဒထုတ်ဖော်တဲ့အနေနဲ့ ဝတ်ဆင်ခဲ့ကြတာလည်းဖြစ်တယ်လို့ သိရပါတယ်။

**ရိုက်တာ**

ချိုး

## ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်မြို့လယ် ကျောက်တံတားမြို့နယ်ရှိ ဆံတော်ရှင် ဆူးလေစေတီတော်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဧည့်ပရိသတ်များအား ပရိတ်တရားတော်များ ချီးမြှင့်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပတ်သက်သော ကိစ္စအဝဝကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆံတော်ရှင် ဆူးလေစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်အပါး ၁၈၀၊ သီလရှင်အပါး ၅၀ တို့အား စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြရာ လှူဒါန်းမှု ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၇၀၀ ကျော်ရှိကြောင်း ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## အစားအသောက် ဆေးဝါးနှင့် အလှကုန်များ အန္တရာယ်ကင်းရှင်းရေး ဟောပြော



**ဖားဆောင်း ဇန်နဝါရီ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)က ကြီးမှူး၍ ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အစားအသောက် ဆေးဝါးနှင့် အလှကုန်များ သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဆေးဘက်ကျွမ်းကျင်-၂ ဒေါ်ဖြိုးသီရိဝေက ဆေးဝါးများ စနစ်တကျသိုလှောင်သိမ်းဆည်းနည်း၊ ဆရာဝန်ညွှန်ကြားချက်မပါဘဲ ဆေးဆိုင်များမှ ဆေးဝယ်ယူရာတွင် သက်တမ်းကုန်ဆုံးရက်ကို စစ်ဆေးဝယ်ယူရန်၊ အစားအသောက်များ ဝယ်ယူရာတွင်လည်း ဓာတုဆိုးဆေးများဖြင့်ပြုလုပ်ထားသော ငပိ၊ ငါးခြောက်နှင့် မုန့်မျိုးစုံ၊ အချိုရည်များကို စားသုံးရန်မသင့်ကြောင်း၊ အလှကုန်ပစ္စည်းများကို ဝယ်ယူရာတွင် အွန်လိုင်းမှ ကြော်ငြာရောင်းချနေသော ထောက်ခံချက်မရှိသည့် ပစ္စည်းများကို ဝယ်ယူသုံးစွဲရန် မသင့်ကြောင်း၊ မိမိတို့နှင့် နီးစပ်ကျွမ်းဝင်သော ဆိုင်များမှသာ ဝယ်ယူသုံးစွဲသင့်ကြောင်း စသည်တို့ကို အသေးစိတ် ပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ သုံးစွဲမှုအကြောင်း ဉာဏ်စမ်းမေးခွန်းများမေးမြန်း၍ အဖြေမှန်သူများအား ဆုလက်ဆောင်များ ပေးအပ်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ၍ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါဟောပြောပွဲသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)နှင့် ပူးပေါင်းဖွဲ့စည်းထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း အင်အား၄၀၀ ခန့်တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## နေ့ပိုင်းကလေးစောင့်ရှောက်မှုစင်တာ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ပြဟ္မစိုရ် လူမှုကူညီရေးအသင်း ပညာဒါနကျောင်းဆောင်တွင် New Hope Association က ဖွင့်လှစ်ထားသည့် အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်သည့် ကလေးများအတွက် နေ့ပိုင်းစောင့်ရှောက်မှုစင်တာ ဖွင့်လှစ်ခြင်းတစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်ပတ်လည်အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် New Hope Association နာယက ဒေါက်တာယုယုမေက အမှာစကားပြောကြားပြီး New Hope Association ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က Association ဖြစ်ပေါ်လာပုံနှင့် နှစ်ပတ်လည်အခမ်းအနားအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် New Hope Association သို့ ပညာဒါန၊ လုပ်အားဒါန ဆောင်ရွက်ပေးကြသည့် ပညာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး စင်တာမှကလေးငယ်များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

New Hope Association ၏ အဆိုပါစင်တာကို ၂၀၁၇ ဇန်နဝါရီ ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ဖွင့်ပွဲ ကျင်းပခဲ့ကာ အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်သည့် မန္တလေးမြို့မှ အသက် သုံးနှစ်မှ ၁၂ နှစ် ကြားအရွယ်ကလေးများအား တစ်ပတ်လျှင် သုံးရက် စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဒီဇယ်သက်သာ ဆိုလာရေတင်စနစ် အောင်ပွဲနှင့် လူထုစစ်ဆေးပွဲကျင်းပ

**ပေါက် ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ပေါက်မြို့နယ်အတွင်း ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စက်ဝန်းအရ ဒီးဒုတ်ကွင်းကျေးရွာ၌ ဒီဇယ်သက်သာ ဆိုလာရေတင်စနစ် တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီးသည့်အောင်ပွဲနှင့် လူထုစစ်ဆေးပွဲကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

လူထုစစ်ဆေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်က ပေါက်မြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၅၇ ရွာတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကျေးရွာလူထုက တင်ပြတောင်းဆိုထားသည့် ဦးစားပေးအရ ဆောင်ရွက်နေပုံများ၊ လေးနှစ်ဆက်တိုက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စီမံကိန်းအောင်မြင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒီးဒုတ်ကွင်းကျေးရွာ ဒီဇယ်သက်သာ ဆိုလာရေတင်စနစ် တပ်ဆင်ခြင်းနှင့် ရေပေးဝေမှုလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် အခြေအနေအပေါ် လူထုစစ်ဆေးခြင်းကို ဆက်လက်ပြုလုပ်ပြီး ကျေးလက်နေပြည်သူများက ပွင့်လင်းမြင်သာစွာ ဝေဖန်အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

## ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဆုများချီးမြှင့်

**ကန့်ဘလူ ဇန်နဝါရီ ၃၀**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အကြီးတန်းနှင့်အငယ်တန်း(အသက် ၂၀အောက်) အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က မြို့မအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးမှူး ဒေါ်သီသီဦး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး အငယ်တန်းနှင့် အကြီးတန်း စစ်တုရင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့မှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အကြီးတန်းပြိုင်ပွဲတွင် ၁၄ ဦး၊ အငယ်တန်းပြိုင်ပွဲတွင် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ခြိုးခြံချွေတာခြင်းသည် မင်္ဂလာတစ်ပါး

**ကြီးမြင့်နိုင်(လှိုင်ကော်)**



ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝသို့ ရောက်ရှိခဲ့သည်မှာ မကြာမီကာလတွင် အနှစ် ၃၀ ပြည့်တော့မည်ဖြစ်သည်။ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံးမှာ နိုင်ငံ့ဝန်ထမ်းများချည်း ဖြစ်ကြသည်။ ကျွန်တော်တို့သည် နိုင်ငံ့ဝန်ထမ်းဘဝ တစ်လျှောက်လုံး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်ကပေးအပ်သော လစာဖြင့် ကျေနပ်ရောင့်ရဲစွာနေထိုင်ခဲ့ကြပါသည်။ အဝတ်ကို ခြိုးခြံချွေတာပြီး ဝတ်ဆင်ကြသည်။ အစားအသောက်ကို ခြိုးခြံချွေတာပြီး စားသောက်ခဲ့ကြသည်။ ရှိတာလေးနှင့် လှအောင်ဝတ်၊ ရတာလေးနှင့် ဝအောင်စားဟူသော ဆိုးမစကားလေးသည် ကျွန်တော်တို့ ဇနီးမောင်နှံ၏ နေ့စဉ်လိုက်နာ ကျင့်ကြံစရာ လမ်းညွှန်စကားဖြစ်ခဲ့ရသည်။

**လိုငွေမပြစေရ**

နိုင်ငံတော်က တရားဝင်ပေးအပ်သော လစာထဲမှ စုဆောင်းနိုင်သမျှ စုဆောင်းသည်။ ရွှေဝယ်သည်။ ဘဏ်အပ်သည်။ မိမိတို့ လစဉ်စုဆောင်းမည်ဟု သတ်မှတ်ထားသော စုဆောင်းငွေထက်ပိုသည့် ငွေကိုသာ စနစ်တကျ သုံးစွဲကြသည်။ အပိုမကုန်သင့်တာ မကုန်အောင် ဂရုတစိုက် သုံးစွဲခဲ့ကြသည်။ တတ်နိုင်သလောက် အလှူအတန်းပေးသည်။ နှစ်ဖက်ဆွေမျိုးများအား တတ်နိုင်သလောက် ပေးကမ်းထောက်ပံ့မှုလုပ်သည်။ ရရှိသည့် နှစ်ယောက်လစာကို စနစ်တကျ သုံးစွဲကြသဖြင့် ချို့ချို့ငဲ့ငဲ့တော့မနေရပါ။ လက်ဝတ်ရတနာ ဝတ်ဆင်နိုင်သည်။ တီဗွီ၊ ကက်ဆက်ရှိသည်။ မော်တော်ဆိုင်ကယ်စီးနိုင်ပါသည်။

ရရှိသည့်လစာကို အကွက်ကျကျ စီမံခန့်ခွဲသုံးစွဲတတ်၍ ဖြစ်သည်။ ကျွန်တော်သည် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းပီပီ စာရင်းဇယားနိုင်ကာ ဝင်ငွေနှင့် ထွက်ငွေကို စနစ်တကျ ချိန်ဆကာ သုံးစွဲတတ်၍ဖြစ်သည်။ ဝင်ငွေထက် ထွက်ငွေမများစေရ၊ အကြွေးမတင်စေရပါ။ လိုငွေမပြစေရပါ။

**ကိုယ်ပိုင်နေအိမ်**

ကျွန်တော်တို့ ဇနီးမောင်နှံသည် ညားခါစ ပထမတွင် ပုဂ္ဂလိကနေအိမ်တစ်လုံးတွင် အိမ်ငှားပြီး နေထိုင်ရသည်။ ထို့နောက် စုပေါင်းဝန်ထမ်းအိမ်ရာစခန်းတွင် အခန်းတစ်ခန်းရသည်။ ဝန်ထမ်းအိမ်ရာသည် ကိုယ်ပိုင်အိမ်ရာမဟုတ်ပါ။ ဝန်ထမ်းတာဝန်ထမ်းဆောင်နေဆဲကာလ ခေတ္တခဏကွန်းခိုတစ်ထောက်နားရာတစ်ခုသာ ဖြစ်သည်။ ပင်စင်ယူလျှင် ပြန်အပ်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ဇနီးမောင်နှံနှစ်ယောက် ပင်စင်ယူချိန်တွင် ကိုယ်ပိုင်နေအိမ်တစ်လုံးပိုင်ဆိုင်ရန် လိုအပ်သည်။ အိမ်ငှားနှင့် နေထိုင်ရလျှင် အဆင်မပြေ။ အဆွေအမျိုးတွေအိမ်မှာ ကပ်နေရလျှင်လည်း မသင့်လျော်။

**ခြိုးခြံချွေတာ**

ကျွန်တော်တို့သည် ကိုယ်ပိုင်နေအိမ်တစ်လုံး ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ခြိုးခြံချွေတာကာ ငွေကိုပိုမိုစုဆောင်းခဲ့ကြသည်။ ယခုအခါ ကျွန်တော်၏ နိုင်ငံ့ဝန်ထမ်းဘဝ လုပ်သက်သည် အနှစ် ၃၀ပြည့်တော့မည်ဖြစ်သည်။

ယခုအခါ ကျွန်တော်တို့ ဇနီးမောင်နှံသည် ခြိုးခြံချွေတာ စုဆောင်းထားသောငွေဖြင့် အိမ်ဆောက်နိုင်ပါသည်။ တစ်ထပ်တိုက် အိမ်ကလေးဖြစ်သည်။ ကျွန်တော်တို့အိမ်ကလေးသည် ကြီးကျယ်ခမ်းနားမှုတော့ မရှိပါ။ သို့သော် နေချင်စဖွယ် သပ်သပ်ရပ်ရပ် လှလှပပ အိမ်ကလေးဖြစ်ပါသည်။ မကြာမီ အိမ်သစ်တက်ပွဲ ပြုလုပ်ရပါဦးမည်။ ထိုအခါ ဘဝတူလုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကိုလည်း ဖိတ်ကြားရပါဦးမည်။ သူတို့ ဘယ်လောက် ဂုဏ်ယူဝမ်းမြောက်လိုက်ကြလေမလဲ။ ဘဝတူဝန်ထမ်းများကို အကြံပေးလိုပါသည်။ ရှိတာလေးနှင့် လှအောင်ဝတ်ပါ၊ ရတာလေးနှင့် ဝအောင်စားပါ။ ငွေကို စုဆောင်းကြပါ။ တတ်အားသမျှလှူဒါန်းပါ။ ဘဝတွင် ပစ္စည်းဥစ္စာ မကြွယ်ဝလျှင်နေပါစေ၊ စိတ်ငြိမ်းချမ်းဖို့ လိုပါသည်။ ခြိုးခြံချွေတာခြင်းသည် မင်္ဂလာတစ်ပါးပါဟူ၍ ။

**"ကျွန်တော်တို့ ဇနီးမောင်နှံသည် ညားခါစ ပထမတွင် ပုဂ္ဂလိကနေအိမ်တစ်လုံးတွင် အိမ်ငှားပြီး နေထိုင်ရသည်။ ထို့နောက် စုပေါင်းဝန်ထမ်းအိမ်ရာစခန်းတွင် အခန်းတစ်ခန်းရသည်။ ဝန်ထမ်းအိမ်ရာသည် ကိုယ်ပိုင်အိမ်ရာမဟုတ်ပါ၊ ဝန်ထမ်း တာဝန်ထမ်းဆောင်နေဆဲကာလ ခေတ္တခဏကွန်းခို တစ်ထောက်နားရာတစ်ခုသာ ဖြစ်သည်။ ပင်စင်ယူလျှင် ပြန်အပ်ရမည်ဖြစ်သည်၊ သို့ဖြစ်၍ ဇနီးမောင်နှံနှစ်ယောက် ပင်စင်ယူချိန်တွင် ကိုယ်ပိုင်နေအိမ်တစ်လုံးပိုင်ဆိုင်ရန် လိုအပ်သည်။ အိမ်ငှားနှင့် နေထိုင်ရလျှင် အဆင်မပြေ"**

## စက်မှုလယ်ယာစနစ်ကျလယ်မြေ ဧက ၁၀၀ ဖော်ထုတ်လျက်ရှိ

**ကျောက်တံခါး ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘွဲ့ချင်ကျေးရွာအုပ်စု မိုးမခရွာကွင်း အမှတ် (၂၆၂/က)တွင် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ရွှေကျွန်းကြီးကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးလင်းလင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်သိန်းနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်စိန်တို့ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရွှေကျွန်းကြီးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်သူက ကေကွက်များ ဖော်ထုတ်မှု၊ ရေသွင်း၊ ရေထုတ်မြောင်းများနှင့် ကုန်ထုတ်လမ်းများဖောက်လုပ်ထားမှု၊ စက်ယန္တရားများ၊ ထွန်စက်များဖြင့်မြေညှိမြေပြုပြင်နေမှုများကို လိုက်လံရှင်းလင်းပြသခဲ့သည်။ အဆိုပါ စက်မှုလယ်ယာ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြီးစီးရန်နှင့် စတင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။ **ဗိုလ်သိန်း(ဇဒို)**

## ဇီဝိတဒါန ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ထန်းတပင် ဇန်နဝါရီ ၃၀**

အနန္တ မြန်မာ့မေတ္တာဖောင်ဒေးရှင်း (၁၉၈၃-၉၃) ဆေးတက္ကသိုလ်(မန္တလေး)ဆရာဝန်များ ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဇန်နဝါရီ ၂၈ ရက်က လှည်းဆိပ်ကျေးရွာအုပ်စု လှည်းဆိပ်စံပြကျေးရွာ မနော်ဟရီကျောင်းစာကြည့်ပိဋကတိုက်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဇီဝိတဒါန နယ်လှည့်ဆေးကုရေးအဖွဲ့အနေဖြင့် ဒေသခံများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာတွင် ကလေးရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုး၊ အကြောရောဂါ၊ ဆီးချိုရောဂါနှင့် အထွေထွေရောဂါ ဝေဒနာရှင် စုစုပေါင်း ၃၅၀ ကျော်အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၊ ဆုချီးမြှင့်ပွဲများကို ဇန်နဝါရီ ၂၈ ရက်က ကြာအင်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က အမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားလာရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၌ ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်က စာပေဟောပြောပွဲများ၊ ဇန်နဝါရီ ၂၀ ရက်တွင် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ ဇန်နဝါရီ ၂၆ ရက်တွင် Book Review အစီ အစဉ်တို့ကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနမှူးက ပြောကြားသည်။ **မြို့နယ်(ပြန် /ဆက်)**



## နန်ကာသူဆည်ရေဖြင့် နွေစပါးများ အောင်မြင်စွာစိုက်ပျိုးလျက်ရှိ

**အင်္ဂပူ ဇန်နဝါရီ ၃၀**

အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသအတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ဒေသခံတောင်သူများအနေဖြင့် နန်ကာသူဆည်မှ ပေးသောရေဖြင့် ယခုနှစ်တွင် နွေစပါးများကို အောင်မြင်စွာစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးရွာသွန်းမှု အားကောင်းခဲ့သောကြောင့် အင်္ဂပူမြို့နယ်ရှိ နန်ကာသူဆည် ရေလှောင်တမံ၌ ကန်ရေပြည့် ရေဧကပေ ၄၀၀၀ ကို သိုလှောင်နိုင်ခဲ့ကြောင်း၊ နန်ကာသူရေလှောင်တမံမှရေများကို ဒီဇင်ဘာ ၂၅ ရက်မှ တူးမြောင်းမကြီး၊ လက်ယာမြောင်းခွဲ၊ လက်ဝဲမြောင်းခွဲနှင့် လက်တံမြောင်းများဖြင့် အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသအတွင်းရှိ ကျေးရွာအုပ်စု ၁၄ စုမှ ဒေသခံတောင်သူများထံ စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

နန်ကာသူဆည်မှ ဆည်ရေသောက်စနစ် စိစစ်ပြီး နွေစပါး ဧက ၅၂၀၀ နှင့် အခြားသီးနှံ ၈၃၉၈ ဧက စုစုပေါင်း ၁၃၅၉၈ ဧကအတွက် ရေပေးဝေနိုင်မည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီအတွက် နွေစပါး ဧက ၅၂၀၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်ထားကြောင်း၊ လျာထားချက်အပြည့် ဆည်ရေပေးဝေနိုင်ရေးအတွက် လိုအပ်သော တူးမြောင်းများပြုပြင်၊ ပြင်ဆင်မှု လုပ်ငန်းများကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လူအား၊ စက်အားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့၍ နွေစပါး ရေပေးဝေချိန်တွင် ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေကို အခက်အခဲမရှိ ရယူသုံးစွဲပြီး စိုက်ပျိုးနိုင်ကြကြောင်း အင်္ဂပူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းထံမှ သိရသည်။



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နန်ကာသူဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဌာနမှ လုပ်သားအင်အားများဖြင့် အင်တိုက်အားတိုက် နှစ်စဉ်ဆောင်ရွက်ခဲ့သောကြောင့် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ နွေစပါးစိုက်ပျိုးရာသီတွင် လျာထားဧက ၅၂၀၀ ထက် ကျော်လွန်ပြီး ဧက ၅၃၉၀ အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း လျာထားချက်ထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## လဟယ်မြို့၌ ပထမဦးဆုံးအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်

**လဟယ် ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီခွဲက လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နာဂဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးကာစီရန်း (လူမှု) က အမှာစကားပြောကြားပြီး နာဂဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးဥက္ကာက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဌေးက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် ပထမဆုကို ပညာရေးနှင့် ကျန်းမာရေး မိသားစုအသင်းက လည်းကောင်း၊ ဒုတိယဆုကို တာလံရပ်ကွက်အသင်းက လည်းကောင်း၊ တတိယဆုကို နယ်စပ်ရေးရာဝန်ကြီးဌာနမိသားစုက လည်းကောင်း ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လဟယ်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နေပြည်တော် ဝန်ထမ်းမိသားစုများနှင့် ၇ ရက်သားသမီးတို့မှ သတ္တမအကြိမ်မြောက် ဓမ္မပူဇာသဘင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ဦးဆောင်၍ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဝန်ထမ်းမိသားစုများ၊ ဈေးသူ၊ ဈေးသားများနှင့် ၇ ရက်သားသမီးများ၏ သတ္တမအကြိမ်မြောက် ဓမ္မပူဇာသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်မှ ၁၀ ရက် အထိ သဗ္ဗမင်္ဂလာသိဒ္ဓိဆုတောင်းပြည့် စေတီမျက်နှာစာရှေ့ ကိုင်းကလေးကျောင်းအနီးတွင် ကျင်းပမည် ဖြစ်သည်။

ဓမ္မပူဇာသဘင်ကို ညစဉ် ၇ နာရီမှစ၍ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၆ရက်နေ့ ညတွင် အရှင်အဘိဇာတာဘိဝံသ(စစ်ကိုင်းဆရာတော်)၊ ၇ ရက် ညတွင် အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)၊ရှေ့ရက်နေ့ညတွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ၉ ရက်နေ့ ညတွင် သီတဂူ ဒေါက်တာအရှင်ဣန္ဒာစရိယ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း)၊ ၁၀ ရက်နေ့ညတွင် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုံဆရာတော်) တို့မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုကြောင့် အကျိုးအမြတ်ခံစားခွင့်များရရှိနေ

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်သာထွန်း ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် နမ့်ခမ်းမြို့နယ်မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ ရက်က နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာ၏ မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ကော်မတီဝင်များ၊ ကျေးရွာဒေသခံများနှင့်တွေ့ဆုံကာ စီမံကိန်းလည်ပတ်မှုအခြေအနေများနှင့်ပတ်သက်ပြီး ကျေးရွာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟိုနားကျေးရွာသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် စတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုအခါအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၁၃ သိန်းကျော်ရရှိပြီး ကျေးရွာစီမံကိန်းအပေါ် ကျေးဇူးတင်အားရကျေနပ်မှုရှိကြောင်းနှင့် ကျေးရွာအတွက်များစွာ အထောက်အကူရရှိကြောင်း၊ ဒေသခံများက ပြောဆိုနေကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မွန်အမျိုးသားနေ့ အလံလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရေး ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် ရေးမြို့ မွန်ဓမ္မာရုံ၌ ရေးမြို့နယ်လုံးဆိုင်ရာ (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ အလံလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သည်။

အလံလွှဲပြောင်းပေးအပ်ရာတွင် ဒေသခံ မွန်သံဃာတော်များ၊ မွန်အမျိုးသားနေ့ ကျင်းပရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ကျင်းပရေးကော်မတီထံသို့ အလံကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ရေးမြို့နယ်၏ မွန်အမျိုးသားနေ့ အခမ်းအနားကို ဟံဂံကျေးရွာ၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် နိုင်ငံတော်အလံနှင့် မွန်အမျိုးသားနေ့အလံအား အလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း၊ မွန်ယဉ်ကျေးမှုအကပဒေသာများ၊ စာပေဟောပြောပွဲဖျော်ဖြေရေးအစီအစဉ်များ ပါရှိကြောင်း သိရသည်။ ရေးမြို့နယ်တွင် မြို့ပေါ်နှင့် ကျေးရွာများ၌ မွန်အမျိုးသားနေ့ ဗဟိုအခမ်းအနားကို အလှည့်ကျ ဦးဆောင်ကျင်းပလေ့ရှိကာ ပြည်နယ်တစ်ခုလုံး ကိုယ်စားပြု ဗဟိုအခမ်းအနားကို (၆၈)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးထွင်(ရေး)**



## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇန်နဝါရီ ၃၀**

ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၌ ဆောင်ရွက်နေသည့် လူထုဗဟိုပြု စီမံကိန်းအရ ကျေးရွာအဝင်မြေသားလမ်း အရှည်ပေ ၁၅၀၀ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများနှင့်အတူ ဇန်နဝါရီ ၂၉ ရက်တွင် သွားရောက်စစ်ဆေးကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။ ညောင်ဦးမြို့နယ် တောင်ဘကျေးရွာအဝင် မြေသားလမ်း အရှည်ပေ ၁၅၀၀ တွင် ကွန်ကရစ်ခင်းခြင်းကို လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကွန်ကရစ်လမ်း အကျယ် ၁၄ ပေခန့် ခင်းကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်**

## မော်တင်စွန်းစေတီတော်ကြီးတွင် တင်လှူမည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ ရောက်ရှိလာ



**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၃၀**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးတွင် ရင်ငွေ့လှူအပူဇော်ခံပြီးနောက် မော်တင်စွန်းစေတီတော်သို့ ပင့်ဆောင်လာသည့် ယာဉ်တန်းများသည် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ ငါးပြေမကျေးရွာသို့ ရောက်ရှိခဲ့သည်။

ထီးတော်ပင့်ဆောင်လာသော ယာဉ်တန်းကို မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြပြီး ထီးတော်ပင့်ဆောင်လာသည့်ယာဉ်များနှင့် ကြိုဆိုရေးယာဉ်များသည် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသို့ ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ မရမ်းကွင်း၊ တောင်ကလေး၊ ရေနောက်အိုင် ကျေးရွာများရှိ ဒေသခံများက ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ထီးတော်ပင့်ဆောင်လာသည့် ယာဉ်တန်းသည် မော်တင်စွန်းတောင်ပေါ်သို့ ရောက်ရှိကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မြတ်မော်တင်ဆရာတော်နှင့် ခမောက်မော်ဆရာတော်တို့က ဦးဆောင်၍ ပင့်ဆောင်ကြပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ခဲ့သည်။ ထီးတော်နှင့် စိန်ဖူးတော်များကို လူအများဖူးမြော်နိုင်စေရန် ရင်ပြင်တော်ပေါ်၌ တစ်ရက်ထားရှိပြီး ဇန်နဝါရီ ၂၉ ရက်မှ စတင်ကာ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ လှည့်လည်အပူဇော်ခံရန် စီစဉ်နေကြောင်း သိရသည်။

မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကိုလည်း ထိုနေ့တွင်ပင် စေတီတော်ကြီးထံ ကပ်လှူပူဇော်မည်ဖြစ်ကြောင်းနှင့် မူလစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ရှိ ရတနာပစ္စည်းများအားလုံးကိုလည်း ပြန်လည်၍ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ကျေးရွာပေါင်း ၃၅ ရွာသို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများ ထောက်ပံ့ပေးအပ်



**ထန်တလန် ဇန်နဝါရီ ၃၀**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း ကျေးရွာ ၃၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထောက်ပံ့ပေးအပ်ပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမှာစကားပြောကြားကာ သက်ဆိုင်ရာ ကျေးရွာများသို့ ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့က ထောက်ပံ့ငွေ ကျပ်သိန်း ၃၅၀၀ ကို ကျေးရွာများမှ စီမံကိန်းတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်များ တက်ရောက်ကြပြီး ရန်ပုံငွေရရှိသော ကျေးရွာများအနေဖြင့် အဆိုပါရန်ပုံ ငွေများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောလုပ်ငန်းများအလိုက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြန်/ဆက် ဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်များထပ်ဆင့်ရှင်းလင်း

**မြင်းခြံ ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့် တာဝန်ရှိသူများ မှာကြားသည့် အချက်များကို ပြန်/ဆက် ဝန်ထမ်းများ သိရှိစေရန် မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းရည်က ထပ်ဆင့် ရှင်းလင်းခဲ့ပြီး ရှင်းလင်းပွဲသို့လာရောက်ကြသည့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များမှ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများက သိရှိလိုသည့်အချက်များနှင့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၏ ဦးစီးဌာနအနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စုပေါင်းလုပ်ဆောင်သွားကြရန် ဆွေးနွေးခဲ့ကြပြီး အဆိုပါ လုပ်ငန်းညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲသို့ ခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ ဒုတိယ ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရုပ်သံဟောင်ကောင်မှလာရောက်ရိုက်ကူး

**ပြင်ဦးလွင် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန HKMMC (Hong Kong Myanmar Chamber of Commerce) ဟောင်ကောင်-မြန်မာ ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းစီစဉ်သော မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရုပ်သံရိုက်ကူးမှုကို ဇန်နဝါရီ ၂၈ ရက်က ပြင်ဦးလွင်မြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရိုက်ကူးမှုကို ဟောင်ကောင် HKTVB မှ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး အမျိုးသားသရုပ်ဆောင် မင်းသား၊ အမျိုးသမီးသရုပ်ဆောင်မင်းသမီးနှစ်ဦးနှင့်အတူ ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာမတို့လည်း ပါဝင်ခဲ့သည်။ ဟောင်ကောင် HKTVB ရိုက်ကူးရေးအဖွဲ့သည် ယခုနှစ်တွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ ပြင်ဦးလွင်နှင့် ကျိုက်ထီးရိုးစေတီတော်တို့ကို ရိုက်ကူးကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက်က မန္တလေးမြို့ရှိ မဟာဂန္ဓာရုံကျောင်း၊ ဦးပိန်တံတား၊ ကုသိုလ်တော်ဘုရားနှင့် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်နန်းတော်တို့ကို ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဟောင်ကောင် HKTVB ရိုက်ကူးရေးအဖွဲ့သည် ပြင်ဦးလွင်မြို့၌ ဘုရင်ခံကုန်းရှိ ဘုရင်ခံအိမ်တော် (Governor's House) နှင့် စည်သာကော်ဖီခြံတို့၌ သရုပ်ဆောင်နှစ်ဦးတို့က မြင်းရထားယာဉ်စီးသည့်ပုံစံ၊ Governor's House ရှိ အတွင်းခန်းများနှင့် ရေကူးကန်အား ရိုက်ကူးခြင်း၊ ကော်ဖီသီးခူးယူခြင်း၊ အခွံချွတ်ခြင်း၊ ဆေးကြောခြင်း၊ တောင်ကုန်းပေါ်ရှိ သစ်သားအိမ်ထဲ၌ ကော်ဖီပြုလုပ်သည့် ပုံစံများကို အသေးစိတ်ရိုက်ကူးခဲ့ကြပြီး ဇန်နဝါရီ ၂၉ ရက်တွင် တောင်ကြီးမြို့ရှိ အင်းလေးကန်ဒေသတွင် ဆက်လက်ရိုက်ကူးကြမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လဲဘူး-ထီးလှိုင် ရေနုတ်မြောင်းတူးဖော်ပြီးစီး၍ ရပ်ကွက်နှင့် လယ်မြေများ ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်

**တောင်ငူ ဇန်နဝါရီ ၃၀**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ လဲဘူး-ထီးလှိုင်ကျေးရွာကြားမှ ရေနုတ်မြောင်းကို တောင်ငူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီချိန်အမီ ပြန်လည်တူးဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသဖြင့် ရပ်ကွက်နှင့် လယ်မြေများကို ရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေနုတ်မြောင်းသည် အရှည် ပေ ၆၀၀၀ ရှိပြီး ခပေါင်းဆည်ရေသောက်ရေိယာတွင်ပါဝင်သည့် နွေစပါးစိုက်ခင်းများမှ ပိုလျှံသည့်ရေများကို ထုတ်ပေးလျက်ရှိရာ ရေနုတ်အားကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ပေးခဲ့ပြီး ရေနုတ်မြောင်းအတွင်းဝင်ရောက်လာသည့် ရေပိုရေလျှံများကို လဲဘူး-ထီးလှိုင် ချောင်းငယ်အတွင်းကို ပြန်လည်စီးဝင် စေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမြောင်းက ကျွန်တော်တို့ ရပ်ကွက်ထဲကဖြတ်သွားတာ၊ အရင်ကဆိုရင် ရေစီးရေလာမကောင်းတော့ ရေဆိုး ရေပုပ်တွေနဲ့ အနံ့အသက်ဆိုးတွေ ရပ်ကွက်တွေထဲဝင်လို့ ကျန်းမာရေးထိခိုက်ရတာတွေ ရှိပါတယ်၊ အခုကျတော့ ဆည်မြောင်းဦးစီးဌာနက စက်အား၊ လူအားတွေနဲ့ အားချင်းဆောင်ရွက်ပြီးသွားပြီ၊ နွေကာလရော မိုးရာသီကာလတွေမှာ ရေလျှံမှုတွေ မရှိတော့တဲ့အတွက် အများကြီး အဆင်ပြေသွားတာပေါ့"ဟု တောင်ငူမြို့ အမှတ်(၁၁)ရက်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ လဲဘူး-ထီးလှိုင် ရေနုတ်မြောင်းမှာ ယခင်က ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်ကာ အမှိုက်သရိုက်များလည်း ပိတ်ဆို့နေသည့်အတွက် မိုးရာသီနှင့် နွေစပါးရေပေးဝေရေးကာလရောက်တိုင်း လူနေရပ်ကွက်များအတွင်း ရေဝင်ရောက်လေ့ရှိသည့်အပြင် စိုက်ပျိုးပြီး စပါးစိုက်ခင်းများသို့ပါ ရေဝင်နစ်မြုပ်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ကျောင်းဆောင်သစ်၊ ဓမ္မာရုံနှင့် လူမှုရေးရုံးများ လွှဲပြောင်းလှူဒါန်း

**လယ်ဝေး ဇန်နဝါရီ ၃၀**
နေပြည်တော် လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ အလယ်တန်းကျောင်းသို့ စိုးလျှပ်စစ် ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့် စိုးသစ္စာနှစ်ထပ်ကျောင်းဆောင်သစ်၊ စိုးသုခဓမ္မာရုံနှင့် လူမှုရေးရုံးများ လွှဲပြောင်းလှူဒါန်းပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။



လှူဒါန်းပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ နေပြည်တော်တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းနာယက ဒေါ်ရီရီမာ၊ ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် ဇနီးနှင့် ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်သန်းနုတို့က စိုးသစ္စာနှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ထို့နောက် မင်္ဂလာမဏ္ဍပ်တွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များက အမှာစကားပြောကြားပြီး စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက လှူဒါန်းခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌက စိုးသစ္စာ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## မှုခင်းများကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရပ်မိရပ်ဖများနှင့်ဆွေးနွေး

**အောင်လံ ဇန်နဝါရီ ၃၀**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မြို့မရဲစခန်း၌ လစဉ်ဆောင်ရွက်မြဲဖြစ်သော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ရဲတပ်ဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲတွင် အောင်လံမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးညွန့်ဦးက မှုခင်းကျဆင်းရေးနှင့် ရာဇဝတ်မှုများ လျော့နည်းပပျောက်ရေးအတွက် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ တစ်လတာအတွင်း မြို့နယ်ထဲတွင် ဖြစ်ပွားခဲ့သော မှုခင်းများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ယခင်လက ဆွေးနွေးပွဲတွင် ရပ်မိရပ်ဖများ၏ အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ချပြရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက သိရှိလိုသည်များကို မေးမြန်းကာ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပြီး မြို့မိမြို့ဖများ၏ အကြံပြုဆွေးနွေးချက်များကိုလည်း မှတ်တမ်းတင်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထွန်းထွန်းလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**သိန်းလွင်(အောင်လံ)**

## စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်

**ကော့ကရိတ် ဇန်နဝါရီ ၃၀**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းမှ နှစ်ပေါင်းများစွာ သိမ်းဆည်းခံထားရသည့် မြေများကို ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီက စိစစ်၍ ဇန်နဝါရီ ၂၉ ရက်တွင် မူလပိုင်ရှင် တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေယာများလွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးနှင့် ကော့ကရိတ်မြို့နယ် မြေစာရင်းဦးစီးဌာနမှူးတို့က စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။

**စိုးထက်အောင်(ကော့ကရိတ်)**

## မြို့နယ်မီးသတ်တပ်ဖွဲ့ဝန်ထမ်းအိမ်ရာ တည်ဆောက်လျက်ရှိ

**မိုင်းဖြတ် ဇန်နဝါရီ ၃၀**
ရှမ်းပြည်နယ် မိုင်းဖြတ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝန်ထမ်းအိမ်ရာကို သိင်္ဂီတော်ဝင် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေမှုများကို ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့အား ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ဆောက်လုပ်ရေးမန်နေဂျာ ဦးအောင်အောင်က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံသည် အလျား ၁၀၀ ပေ၊ အနံ ၄၀ပေ၊ အမြင့် ၂၃ ပေရှိ လေးခန်းတွဲ နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် မိုင်းဖြတ်မြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့် နမ့်ဆန်မြို့မိမြို့ဖများ တွေ့ဆုံ

**နမ့်ဆန် ဇန်နဝါရီ ၃၀**
ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်း ဦးဆောင်သောအဖွဲ့သည် ရှမ်းပြည်နယ် နမ့်ဆန်မြို့ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်၊ နမ့်ဆန်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ မြို့မိ မြို့ဖများနှင့် ဇန်နဝါရီ ၂၈ ၇က်က တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်



စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်က နမ့်ဆန်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်နှင့် စည်ပင်သာယာရေးဆိုင်ရာ အချက်အလက်များအား အသေးစိတ်ရှင်းလင်းတင်ပြပြီး နမ္မဝေါရပ်ကွက်နေ ဦးရွှေကြိမ်းက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သယ်ကားတစ်စီး၊ ရေပုပ်စုပ်ရန် ကားတစ်စီး ထောက်ပံ့ကူညီနိုင်ရန်၊ မင်္ဂလာရပ်ကွက်နေ ဦးကျော်ဦးက မိုးဂဲလ်ရပ်ကွက် ကတ္တရာခင်းရန်ကျန်ရှိသောလမ်းကို ကတ္တရာခင်းပေးနိုင်ရန်နှင့် မြို့လယ်ရပ်ကွက်နေ ဦးကျင်စိန်က မြို့သောက်သုံးရေဖူလုံစေရန်အတွက် ဟိုချောင်းကျေးရွာရှိ ရေထွက်ဦးမှ မြို့နယ်သောက်သုံးရေလှောင်ကန်သို့ ရေသွယ်တန်းရန် လိုအပ်လျက်ရှိသော ကုန်ကျစရိတ်များ ထောက်ပံ့ပေးနိုင်ရန် တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တင်ပြချက်များနှင့်ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးပြီး တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် မြို့သောက်သုံးရေလှောင်ကန်နှင့် မိုးဂဲလ်ရပ်ကွက်မှ ကတ္တရာခင်းရန် လိုအပ်သည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရုံးလုပ်ငန်းများကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်း စတင်ခင်းကျင်းလျက်ရှိ

**ညောင်ဦး ဇန်နဝါရီ ၃၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိသော ဇီးအိုး-မြေသင်းတွင်း ကျေးရွာချင်းဆက်ကျောက်ချောလမ်း အရှည်တစ်မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၇ ဒသမ ၇၀၄ သန်းဖြင့် စတင်ခင်းကျင်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ကျေးလက်လမ်းဦးစီးဌာနနှင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီတို့ ပူးပေါင်းခင်းကျင်းလျက်ရှိပြီး လက်ရှိအချိန်တွင် လမ်းရှင်းမြေညှိခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး အကျယ် ၁၂ ပေ အဆင့်မီကျောက်ချောလမ်းအဖြစ် ခင်းကျင်းသွားမည်ဖြစ်ကြောင်း၊ လမ်းနှင့်အတူ လမ်းဘေးရေနုတ်မြောင်းများပါဝင်ပြီး လမ်းကိုရေရှည်ခိုင်ခံ့အောင် ပညာရှင်များနှင့်ညှိနှိုင်း၍ စနစ်တကျ ခင်းကျင်းသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို မတ်လအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုလမ်းအတွက် မူလအကျယ်မှာ ၁၂ ပေသာဖြစ်သော်လည်း လမ်းဘေးဝဲယာမှ နွားလှည်းများသွားလာရအောင် ပေ ၃၀ အပြည့်ခင်းရန် ဇီးအိုးကျေးရွာမှ ယာမြေပိုင်ရှင်များက မြေလှူတန်းထားရှိပြီး လမ်းပြီးမြောက်သွားပါက ဒေသနေပြည်သူများသာမက ပြည်တွင်းပြည်ပမှ လေ့လာရေးခရီးသွားများ လာရောက်ရာ မန်ကျည်းကိုးခွနှင့် ရှေးဟောင်းအင်ကြင်းတောသို့ သွားရောက်ရန်အတွက်လည်း လွယ်ကူချောမွေ့သွားစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# နိုင်ငံခြားသားခရီးသွားများ ပုဂံယဉ်ကျေးမှုဒေသထန်းလျက်ချက်လုပ်ငန်းကို စိတ်ဝင်တစားလေ့လာ

**ပုဂံ ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ပြည်တွင်းအနယ်နယ်အရပ်ရပ်မှဘုရားဖူးခရီးသွားများသာမကနိုင်ငံခြားသားခရီးသွားများပါ လာရောက်လေ့လာလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရိုးရာပန်းပုအနုပညာလက်ရာများ၊ ကြိုးဆွဲရုပ်သေးရုပ်များအပြင်မြန်မာ့ရိုးရာ ထန်းလျက်ချက်လုပ်ငန်းကိုလည်း စိတ်ဝင်စားကြကြောင်း သိရသည်။



"နိုင်ငံခြားသားတွေက မြန်မာ့ရိုးရာလုပ်ငန်းတွေကို အတော်စိတ်ဝင်စားကြပါတယ်၊ အထူးသဖြင့် ထန်းပင်က ထွက်ရှိတဲ့ ထန်းရေချို၊ထန်းရေခါးကိုသောက်ကြည့်ကြတယ်၊ ပြီးတော့ထန်းလျက်ချက်ပုံ၊ထန်းလျက်ချက်လို့ကျက်ပြီး ထန်းလျက်ခဲဖြစ်သည်အထိ လေ့လာတယ်၊ ထန်းလျက်အမျိုးမျိုး အုန်းထန်းလျက်၊နှမ်း၊ မြေပဲ၊ မန်ကျည်း၊ ဆီးထန်းလျက်တွေ စားကြည့်ကြတယ်၊ နိုင်ငံခြားသားတွေက ချင်းနဲ့ လုပ်တဲ့ထန်းလျက်ကိုပို ကြိုက်ကြတယ်"ဟု ညောင်ဦးကားလမ်းဘေးတွင် ထန်းပင်ထွက်ပစ္စည်းများဖြင့် အလှဆင်ကာ ထန်းထွက်ပစ္စည်းများရောင်းချနေသည့် ဝိုင်းထန်းလျက်ဆိုင်ပိုင်ရှင် ဦးကြည်သိန်းက ပြောသည်။

"နိုင်ငံခြားသားတွေက နွားနဲ့လှည့်ကြိတ်တဲ့ မြေပဲဆီဆုံ၊နှမ်းဆီဆုံ၊ မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းနဲ့ လေ့ကားနဲ့ (ယင်းတောင်)ဖြင့် ထန်းတက်ပုံတွေကိုလည်း စိတ်ဝင်တစားမှတ်သားလေ့လာကြတယ်"ဟု ဧည့်လမ်းညွှန်အလုပ်လုပ်နေသည့် ဦးမျိုးကျော်အောင်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန်ထရိုက်လယ်ယာစနစ်ဖြင့် သခွားသီးနှံမျိုးစေ့ထုတ်စိုက်ပျိုးမှု အောင်မြင်ရန် အလားအလာရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော် လယ်ဝေးမြို့နယ်၏ အနောက်ဘက် ၉ မိုင်ခန့်အကွာရှိ မဒွေါပင်ကျေးရွာတွင် စိုက်ပျိုးရေး ဦးစီးဌာနအောက်ရှိ စိုက်ပျိုးစီးပွား အသိပညာပေး စင်တာ (KC) နှင့် AGRO GREATSEED PRODUCTION ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

လယ်ဝေးမြို့နယ် မဒွေါပင်ကျေးရွာ တောင်သူ ၁၁ ဦး အစုအဖွဲ့က ၇ ဒသမ ၄၀ ကေပေါ်တွင် မျိုးအမည် UIC 603 သခွားသီးနှံ မျိုးစေ့ထုတ်လုပ်ရန် ၂၀၁၇ ခုနှစ်ဒီဇင်ဘာအတွင်း၌ စိုက်ပျိုးခဲ့ရာ ယခုအခါ အဆိုပါသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်။

အဆိုပါ သခွားသီးနှံမျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးရာတွင် အဖိုပင်နှင့် အမပင်တို့အား ဝတ်မှုန်ကူးသည့် နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ကေလျှင် အဖိုပင် ၂၀၀၀ နှင့် အမပင် ၁၀၀၀၀ တို့ကို စီမံစိုက်ပျိုးကာ တစ်လခွဲခန့်တွင် အပင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်ပေးရကြောင်း စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ KC မန်နေဂျာလက်ထောက် ဦးစီးမှူး ဦးညဏ်လင်းမောင်က ပြောသည်။



အဆိုပါ သခွားသီးနှံမျိုးစေ့ထုတ်စိုက်ပျိုးရာတွင် လက်ရှိအောင်မြင်ဖြစ်ထွန်းမှု အခြေအနေပေါ်မူတည်၍ ခန့်မှန်းတွက်ချက်မှုအရ တစ်ကေလျှင် ကီလို ၁၅၀ မှကီလို ၂၀၀ အထိထွက်ရှိနိုင်ကြောင်း၊ တစ်ကေအတွက် ဝင်ငွေသိန်း ၄၀ မှ ၇၀ အထိ ရရှိနိုင်ကြောင်း၊ ယင်းမျိုးစေ့ထွက်ရှိသမျှကို ကုမ္ပဏီမှ တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ပြန်လည်ဝယ်ယူမည်ဖြစ်ကာ စာချုပ်လည်း ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေ ပြီဖြစ်သောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"မတ်ပဲဈေးကွက် ပျက်သွားတဲ့အခါကျတော့ တခြားဈေးကွက်ဝင်မယ့် သီးနှံတွေ ဘယ်လိုစိုက်ရင်အဆင်ပြေမလဲဒါကိုသက်ဆိုင်ရာဌာနက မဒွေါပင်ကျေးရွာ KC မန်နေဂျာနဲ့ တောင်သူတွေ ညှိနှိုင်းပြီးတော့မှ ဒီသခွားမျိုးစေ့ထုတ် စိုက်ပျိုးရေးကို စတင်လုပ်ကိုင်ဖြစ်တာပါ" ဟု တောင်သူတစ်ဦးက ပြောသည်။

ထို့အပြင် အာလူးသီးနှံအမည်သုံးမျိုးဖြစ်သည့် CHINA၊ ATALANTIC၊ LADYROSETTA တို့မှာလည်း လက်ရှိစမ်းသပ်စိုက်ပျိုးကွက်မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် လာမည့်ရာသီတွင် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းထားပြီးစာချုပ်ချုပ်ဆို ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ဒုဋ္ဌဝတီမြစ်ဘေးညစျေးတန်းနှင့် အပန်းဖြေစခန်းဖွင့်မည်

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက် ၁၁ ခုမှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဝက်ဝံပုံ့ကျစျေးမှ ဈေးသူဈေးသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ဝက်ဝံပုံ့ကျစျေး အခြေတကျဖြစ်ရေးနှင့်အဆင့်မြင့်တည်ဆောက်ရေး၊ အမှိုက်ပုံအသစ်အတွက် မြေနေရာရှာဖွေရေး၊ ဒုဋ္ဌဝတီမြစ်ကမ်းနံဘေး မြေထိန်းနံရံတစ်လျှောက် ကမ်းနားလမ်းတည်ဆောက်ပြီး ညစျေးတန်းဖွင့်လှစ်နိုင်ရေးတို့အတွက် ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

မြို့နေလူဦးရေများပြားတိုးတက်လာသဖြင့် ဝက်ဝံပုံ့ကျစျေးအပြင် ဒုဋ္ဌဝတီမြစ်ကမ်းဘေး မြေထိန်းနံရံတစ်လျှောက် ကမ်းနားလမ်း တည်ဆောက်ပြီး ညစျေးတန်းဖွင့်လှစ်ခြင်းနှင့်အတူ အများပြည်သူဈေးဝယ်ရင်း အပန်းဖြေနိုင်ရေးအတွက် မြို့မိမြို့ဖများ၏ တင်ပြချက်အပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်

**မိုင်းယန်း ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြုလုပ်သော (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူလေးများအား လက်တွဲညီညာအောင်ကြောင်းဖြာခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို community centre ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင်အလယ်တန်းဆင့်ကျောင်းသားကျောင်းသူများက ဖြေဆိုခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုင်းမြတ် ကျော်စိုးက ပြည်ထောင်စုနေ့သမိုင်းကြောင်းကို ဟောပြောခဲ့သည်။ ဆက်လက်၍ ဆုရကျောင်းသားကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် အထကကျောင်းအုပ်ကြီးတို့က ဆုများကိုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တောင်ညိုချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်

**နတ်တလင်း ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စုစက်ခုံကျေးရွာ၌ တောင်ညိုချောင်းကူးတံတားတည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်က တံတားတည်ဆောက်မှုဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်တွေ့ဆုံခဲ့သည်။ မြို့နယ်အင်ဂျင်နီယာ၏ တွက်ချက်မှုအရငွေကျပ် ၂၇၅ သိန်းကျော်ကုန်ကျမည်ဖြစ်ကြောင်း တံတားတည်ဆောက်မှု ကုန်ကျငွေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ နှင့် လှူတော်ကငွေကျပ် ၂၅ သိန်းဖြင့်ဒေသနေပြည်သူများ၏ စုပေါင်းထည့်ဝင်မှုဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားအမျိုးအစားမှာ သံကူကွန်ကရစ် တံတားဖြစ်ပြီး အရှည်ပေ ၁၅၀၊ အကျယ် ၁၀ ပေအမြင့် ၁၃ ပေရှိပြီး တံတား၏ခံနိုင်ဝန်မှာခြောက်တန်ရှိကြောင်း သိရသည်။ တံတားပြီးစီးပါက သယ်ယူပို့ဆောင်ရေးအဆင်ပြေမည်ဖြစ်သည့်အတွက် မိုးဦးမကျမီတည်ဆောက်ပြီးစီးနိုင်ရေး ပြည်သူများ၏ ငွေနှင့်လုပ်အားဒါနစုပေါင်းကာ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်-နတ်တလင်း**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

**ယမန်နေ့မှအဆက်**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၁ | စင်ကြယ်ခြင်းဓမ္မဆီသို့ အခြေခံဝိပဿနာ | အရှင်ပညာသီရိ(ရမ္မာကျွန်း) | ၂၀၀၀ | ဓမ္မခေါင်းလောင်း |
| ၃၂ | မှတ်စုမရေးသောဆရာ၏ မှတ်စုများ | ပဲခွပ်မှူး (အောင်လံ) | ၂၀၀၀ | ရွှေနှစ်ကူးစာပေ |
| ၃၃ | ဟေမန္တကမ်းပါး | ကလောင်စုံ | ၃၀၀၀ | ရွှေနှစ်ကူးစာပေ |
| ၃၄ | ညောင်ညိုရိပ်နှင့်အခြားဝတ္ထုတိုများ | ပဲခွပ်မှူး(အောင်လံ) | ၂၀၀၀ | ရွှေနှစ်ကူးစာပေ |
| ၃၅ | ဗုဒ္ဓဟူးနေ့မှ မိုင်ငါးရာ ဝတ္ထုတိုပေါင်းချုပ်-၁ | ပိုင်စိုးဝေ | ၅၀၀၀ | နှစ်ကာလများ |
| ၃၆ | အဖိုးတန်ကျန်းမာရေးဗဟုသုတများ | ဒေါက်တာတင်လတ် | ၂၅၀၀ | တူဒေးစာပေ |
| ၃၇ | Burma's Fate | Dr. Khin Let Ya | ၁၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၃၈ | The Big The Bad And The Beautiful အင်္ဂလိပ်စကား အသုံးအနှုန်းများ | စိုင်းအောင်ဝင်း | ၄၅၀၀ | လောကသစ်စာပေ |
| ၃၉ | ရိုးရာကွမ်းယာကောင်းဆိုးဆင်ခြင်သိပွဲအမြင် | ဒေါက်တာသန်းထိုက် | ၂၅၀၀ | ပါရမီစာပေ |
| ၄၀ | ချစ်တုံ့မပြန်နှင့် အခြားဘာသာပြန်ဝတ္ထုတိုများ | တက်တိုး | ၁၅၀၀ | the key colection |
| ၄၁ | ဖာဒီနန် မက်ဂဲလန်-စာစဉ် (၁၀၈) | the key colection | ၁၅၀၀ | the key colection |
| ၄၂ | သီအိုဒိုရုစဖဲ့ - စာစဉ် (၁၀၉) | the key colection | ၁၅၀၀ | the key colection |
| ၄၃ | ချစ်သောဂျွန် | တင်မောင်မြင့် | ၄၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၄ | ကော်ရလိုင်းဆိုတဲ့ ကောင်မလေး | မောင်ဒေး | ၂၆၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၅ | ရေဖြင့် ကျန်းမာခြင်း | ဆရာနောင် | ၂၀၀၀ | ဝီရစာပေ |
| ၄၆ | ပုံပြင်ကဗျာ ဥယျာဉ်သာ | ဇော်နောင် | ၁၆၀၀ | ဆုစာပေ |
| ၄၇ | အင်္ဂလိပ် သဒ္ဒါတတ်စရာ | လှသမိန် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄၈ | ကြုံရဆုံရ ဆေးလောက | အေးကမ္ဘာဒေါက်တာချစ် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄၉ | ကျွန်တော် အိုင်စီအက်စ် | ဦးချမ်းသာ | ၅၅၀၀ | စိတ်ကူးချိုချို |
| ၅၀ | မြန်မာပြည်တွင် ဖက်ဒရယ်မူထူထောင်စို့ | ဒေါက်တာတိုးမြင့် | ၂၅၀၀ | ရှင်မတောင်စာပေ |
| ၅၁ | မစဉ်းစားမိတဲ့ကိစ္စ အက်ဆေးစုစည်းမှု | ဒီနိုဗို | ၂၂၀၀ | စာနဒီစာပေ |
| ၅၂ | မြစ်ဝကျွန်းပေါ်တိုင်း | အေးစန် (သာယာဝတီ-သုံးဆယ်) | ၅၀၀၀ | ပန်းမျိုးတစ်ရာ |
| ၅၃ | မာလိုင်းယင်းန်အိပ်မက် | နေသစ်နီ | ၂၅၀၀ | ကျားချောင်းစာအုပ်တိုက် |
| ၅၄ | နတ်သဘင်အစည်းအဝေးမှဗုဒ္ဓဓမ္မ ခြောက်စောင်တွဲ | ဦးသော်ဇင် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၅၅ | မြန်မာ့ဟင်းစားကြက် | အောင်စိုး | ၂၂၀၀ | စိတ်ကူးချိုချို |
| ၅၆ | စစ်သူကြီးကိုသတ်ပစ်ခြင်း | ရဲမြလွင် | ၇၅၀၀ | ကွမ်းခြံလမ်းစာပေ |
| ၅၇ | အခြေခံဆောက်လုပ်မှုဆိုင်ရာလေ့ကျင့်ရေး လက်စွဲ | ကျော်ဇင်ဟိန်း (TU) | ၃၅၀၀ | ခုနစ်စင်ကြယ်စာပေ |
| ၅၈ | ရွှေကြက်ဖ ကလေးကဗျာများ | မင်းယုဝေ | ၂၀၀၀ | ပင်ဝါးရုံစာပေ |
| ၅၉ | မေတ္တာကို သစ္စာပြုပါသည် | နန်းကေရီရှင် | ၂၅၀၀ | ၇၇၇၇ စာပေ |
| ၆၀ | အောင်မြင်မှု ဥပဒေသ ၄ | ကြည်ရွှန်း | ၂၅၀၀ | Wisdom House |
| ၆၁ | English Grammar for self study | Pyinnya Aung | ၂၅၀၀ | ရန်အောင်စာပေ |
| ၆၂ | ပဉ္စမမြန်မာနိုင်ငံတော်နိဒါန်း | ထင်လင်းဦး | ၃၅၀၀ | အမှတ်တရစာပေ |
| ၆၃ | ကြယ်စင်အထွေထွေဗဟုသုတ (၂၀၁၈-၂၀၁၉) | မောင်ကျော်ဇော(သံတမန်) | ၄၀၀၀ | ကြယ်စင်စာပေ |

# ပြည်သူလူထုအတွက် အရည်အသွေးကောင်းမွန်သည့် ဓာတ်အားစနစ် ဖော်ဆောင်ရန်ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၂၉

**လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



**မီတာအမျိုးအစားများ ခွဲခြားအသုံးပြုရန်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၏ တင်ပြချက်များအား သုံးသပ်အဖြေရှာရန် လိုကြောင်း၊ ယနေ့အထိ မီတာသုံးစွဲမှုများအတွက် ကဏ္ဍအလိုက် ခေတ်မီသော မီတာအမျိုးအစားများ ခွဲခြားအသုံးပြုရန် မကြာမီစတင် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မီတာများမှာ ယခင် မီတာဈေးနှုန်းထက် သုံးပုံနှစ်ပုံ ပိုမိုသက်သာလာမည်ဖြစ်ကြောင်း၊ Stated Own Enterprise မှ စီးပွားရေးစီမံဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်ရန်အတွက် သုံးစွဲသူဈေးကွက်အား စိစစ်သိရှိရန် ကြိုတင် Demand Forecast လုပ်ရန် လိုကြောင်း၊ သက်ဆိုင်ရာဒေသ၊ နေရာအလိုက် စိစစ်သုံးသပ်ရန်၊ ဝန်ဆောင်မှု ပေးသောအဖွဲ့အစည်းတစ်ခုအနေဖြင့် ခံယူဆောင်ရွက်ရန်အတွက် Mind Set များ ပြောင်းလဲရန်ဖြစ်ကြောင်း။

**နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်**

ဝန်ကြီးဌာနမှ ဝယ်ယူသည့် လျှပ်စစ်ဓာတ်အားကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရန်ဖြစ်ကြောင်း၊ Independent Power Procedure (IPP) နှင့် Power Purchase Agreement (PPA) များဖြင့် ဆောင်ရွက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှုဖြစ်ရန် လိုအပ်ကြောင်း၊ ဦးစားပေးအဆင့်များအား ကာလအပိုင်းအခြားဖြင့် သတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာငွေများဖြင့်လည်းကောင်း ဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်း စီမံကိန်းများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

**မဟာဓာတ်အားလိုင်းများ**

တိုင်းဒေသကြီး ပြည်နယ်များတွင် ဆောင်ရွက်လိုသည့် IPP ကုမ္ပဏီများအနေဖြင့် မကြာမီတိုးချဲ့တည်ဆောက်မည့် နိုင်ငံတော် မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမည့်အနေအထားနှင့် အချိန်အတိုင်းအတာများကို သိရှိသုံးသပ်ရန်လိုပြီး နှစ်ရှည်ဓာတ်အားဖြန့်ဖြူးရေး၊ ထုတ်လုပ်ရောင်းချမည့် IPP စီမံကိန်းများ ဖြစ်နိုင်ခြေသုံးသပ်ရန်ဖြစ်ကြောင်း၊ တည်ဆောက်လျက်ရှိသော စီမံကိန်းများနှင့် တိုးချဲ့တည်ဆောက်မည့် စီမံကိန်းများအရ လျှပ်စစ်ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးမည့်ကာလအား သုံးသပ်ဖော်ပြနိုင်ကြောင်း။

**ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်**

ပြည်သူလူထုအတွက် အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အား စနစ်အား ဖော်ဆောင်ရန် ဆောင်ရွက်နေ ကြောင်း၊ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများမှ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့မြောက်တံခါး၏ အချက်အချာ အများပိုင်သီးနှံကုန်သွယ်ရေးကုမ္ပဏီ ဖွင့်လှစ်

**မူဆယ် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ် ၁၀၅ မိုင် မူဆယ်မြို့ရှိ အရှေ့မြောက်တံခါးအများ ပိုင်သီးနှံကုန်သွယ်ရေးကုမ္ပဏီ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါ ကုမ္ပဏီခန်းမ အပေါ်ထပ်တွင် ကျင်းပခဲ့သည်။

မြန်မာပြည်၏ ဒေသအသီးသီးမှ ထွက်ရှိသော ဖရဲသီး၊ သခွားမွှေးနှင့် သီးနှံများဝင်ရောက်ရာ အဆိုပါ ၁၀၅ မိုင် ကုန်သွယ်ဇုန်တွင် တရုတ်နိုင်ငံသို့ ဖရဲသီးများ တစ်နေ့လျှင် ၁၂ ဘီးယာဉ် အစီးရေ ၄၀၀ ကျော် အဆိုပါသီးနှံကုန်သွယ်ဇုန်မှ ကုန်စည်စီးဆင်းလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ တောင်သူများ၏ ပို့ကုန်များကို အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီ (NEGP) ဈေးကွက်အတွင်း အသင့်ရောင်းချပို့ဆောင်ပေးသော ဝန်ဆောင်မှုကို ဆောင်ရွက်နေသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သော ဦးစိုင်းထွန်းဝင်းက အမှာစကားပြောကြားပြီး CEO ဖြစ်သူ ဦးအောင်ကျော်မိုးက ယခုလိုအောင်မြင်လာခြင်းသည် ဒေသခံအစိုးရအဖွဲ့၏ ဝိုင်းဝန်းကူညီဆောင်ရွက်မှုကြောင့်ဖြစ်ပြီး တရုတ်ပြည်၏ ဝယ်လိုအားကောင်းသောဖရဲသီးမှာ မြန်မာပြည်ရှိတောင်သူများ အထူးအလေးထား စိုက်ပျိုးသော သီးနှံလည်းဖြစ်ကြောင်း၊ လေလံဈေးကွက်တွင် ဖရဲသီး၏ အရည်အသွေးကို ကြည့်၍ ဈေးဖြတ်သောကြောင့် စိုက်ပျိုးတောင်သူများ အရေးအတွက်ထက် အရည်အသွေးပိုင်းကို ဦးစားပေးစိုက်ပျိုးတင်ပို့နိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မူဆယ် ၁၀၅ မိုင် အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီတာဝန်ခံများက နေ့စဉ်တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ဖရဲသီး၊ သခွားမွှေးတစ်စီးလျှင် ၁၅ တန်၊ ၁၆ တန်ဖြင့် တစ်နေ့လျှင် တန်ချိန် ငါးထောင်ခန့် တင်ပို့လျက်ရှိရာ ဒီဇင်ဘာနှင့် ဇန်နဝါရီလသည် ဖရဲသီးလှိုင်လှိုင်ပေါ်ချိန်ဖြစ်ပြီး ကျန်သောအချိန်တွင် တင်ပို့မှုကျဆင်းလေ့ရှိကြောင်း၊ မြန်မာပြည်၏ ဖရဲသီးထွက်နှုန်းကောင်းချိန်မှာ အောက်တိုဘာလမှ ဧပြီလထိဖြစ်ပြီး ယခုနှစ် တရုတ်ပြည်သို့ မြန်မာပြည်မှ ဖရဲသီးတန်ချိန် ခြောက်သိန်းတင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်းနှင့် တရုတ်ပြည်ရှိ ရာသီဥတုဖောက်ပြန်မှုကြောင့် ခန့်မှန်းထားသော တန်ချိန်ထက် ကျဆင်းနိုင်ကြောင်း အသီးသီးရှင်းလင်းပြောကြားသည်။

မြေကွက် ၃၇ ဧကအကျယ်တွင် တစ်ရက်လျှင် ယာဉ်အစီးရေ တစ်ထောင်ထိဝင်ရောက်နိုင်ကာ တစ်ပြိုင်တည်း ၁၃ စီးကို စစ်ဆေးလေလံတင်လုပ်ဆောင်နိုင်ကာ ဖရဲသီးတစ်ကီလိုလျှင် ၂ ယွမ် ၈ ဂျော့၊ သခွားမွှေးတစ်ကီလိုလျှင် ၅ ယွမ်အထက်ထိ ဈေးရလျက်ရှိကာ ဖရဲသီးဈေးအမြင့်ဆုံးရရှိချိန်မှာ တရုတ်နှစ်သစ်ကူးနှင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့ဖြစ်ကြောင်း သိရသည်။

အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီမှ ပွဲရုံ ၁၆ ခုဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ထံ နှစ်စဉ်အခွန်ဆောင်၍ ကုန်စည်ပို့ဆောင်လည်ပတ်လျက်ရှိရာ တစ်နိုင်ငံလုံးရှိ သီးနှံပွဲရုံနှင့် တောင်သူများ အကျိုးစီးပွားရရှိပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်၍ အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း CEO ဦးအောင်ကျော်မိုးက ပြောသည်။

အဆိုပါ အခမ်းအနားသို့ မူဆယ်မြို့ရှိ ဌာနဆိုင်ရာနှင့် နယ်စပ်ကုန်သွယ်ရေးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သတင်းမီဒီယာများတက်ရောက်ကြကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



**မူဆယ် ၁၀၅ မိုင်ရှိအရှေ့မြောက်တံခါး အများပိုင်သီးနှံကုန်သွယ်ရေးကုမ္ပဏီမှတစ်ဆင့် တရုတ်ပြည်သို့ ပို့ဆောင်မည့် ဖရဲသီးတင်မော်တော်ယာဉ်များ တွေ့ရစဉ်။** ဓာတ်ပုံ- သန်းစိုး

## နိုင်ငံတော်သြဝါဒါစရိယ၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ဟဲယားရွာမ၊ ရွှေဘုံသာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

**နေပြည်တော် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ဟဲယားရွာမ၊ အင်းလေးရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် ၂၈-၁-၂၀၁၈ (တနင်္ဂနွေနေ့)၊ ညနေ ၄ နာရီ ၁၆ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ဟဲယားရွာမ ရွှေဘုံသာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေး တုံးလည်ရွာ၌ ၁၂၉၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်တွင် ညောင်ရွှေမြို့နယ် အင်းလေး တုံးလည်ရွာ၌ ဆရာတော် ဘဒ္ဒန္တဝါယာမကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့နယ် ဟဲယားရွာမ ပထမကျောင်း ရေသိမ်၌ ဘဒ္ဒန္တနေမိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့ ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် အင်းလေး တုံးလည်ကျောင်း ဆရာတော်ဘဒ္ဒန္တဝါယာမ၊ အင်းလေးအင်းခြံကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ ဘဒ္ဒန္တအာစရ၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တစန္ဒောဘာသ ဘိဝံသ၊ မန္တလေးမြို့ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ မန္တလေးမြို့မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသတို့ထံ၌ ပရိယတ္တိစာပေများကို ဆည်းပူးခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင် မူလပဏ္ဏာသဘာဏက ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲ၏ ပုစ္ဆာဝိသောဓကနှင့် ဒု-ဥက္ကဋ္ဌ အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနပါလကအသင်း၏ ဥက္ကဋ္ဌ မော်ဘီဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၌ အင်းလေးဒေသကိုယ်စားလှယ်၊ ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့၏ သြဝါဒါစရိယ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်ကြီး၏ သြဝါဒါစရိယ၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် နိုင်ငံတော် သံဃမဟာနာယက တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ နိုင်ငံတော်သြဝါဒါစရိယ စသော တာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးနှင့်ပြည့်စုံခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသအား ၁၃၅၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၆၃ ခုနှစ်တွင် အ ဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း အလှူခံရရှိတော်မူပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၇)နှစ် သိက္ခာတော်(၆၇)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် ၂၈-၁-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီ ၁၆ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**




## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်းစာရင်းပေးသွင်းပါက (၁)ဦးအခမဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ

ဂယာ သီးသန့် ၂ ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ဂယာသီးသန့် ခရီးစဉ်များလည်းပို့ဆောင်ပေးပါသည်။

ဗုဒ္ဓဂယာတွင်မဟာဗောဓိစေတီနှင့်အနီးဆုံးနေရာ၊ဈေးဝယ်ရလွယ်ကူပြီး(၂)မိနစ်ခန့်လမ်းလျှောက်ရုံဖြင့်ဘုရားကြီးကို ဖူးမြော်နိုင်ရန် 2 (Star) Hotel တွင်တည်းခိုရပါမည်။ အာဂရာနှင့်နယူးဒေလီတွင် 3 (Star) Hotel ၌ တည်းခိုရပါမည်။ နယ်မှဘုရားဖူးခရီးသည်များအားရန်ကုန်မြို့တွင် ကြိုပို့တည်းခိုရန် အခမဲ့စီစဉ်ထားရှိပါသည်။

**ဗုဒ္ဓဂယာ(၈)ရက်ခရီး(လေးဌာန+နီပေါ)- 3 (Star) ဟိုတယ် (၇)ည ဒေါ်လာ -၁၁၀၀**

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ်-၀၁-၃၇၆၆၁၀၊ ၈၃၇၂၁၃၅၊ ၈၃၈၄၃၆၆၊ ၈၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၇၉၆၂၁၊ ၀၉-၅၁၂၀၅၂၉
မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆လမ်း၊ ၃၃×၃၄ကြား၊ ချမ်းအေးသာဇံမြို့နယ်။ဖုန်း - ၀၉-၇၇၅၅၅၅၃၄၀၊ ၀၉-၇၇၅၅၅၅၃၄၁

## ကိုကျော်နိုင် CAR RENTAL

စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

## ရွှေလမ်းခရီး

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## ( ဒဂုံမြို့သစ် )

ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များဝယ်လိုသည်
Ph:09 43083879

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

## မာ SEVEN စုံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

## ရောင်းရန်/ငှားရန်ရှိသည်

09 5011884, 09 5418864

ကမ္ဘာအေးဘုရားလမ်းမတန်းကွန်ဒို(၁၇၀၀)စ/ပ ရောင်း
တက္ကသိုလ်ရိပ်သာလမ်းသစ်ကွန်ဒို(၂၂၀၀)စ/ပ ပြင်ဆင်ပြီးငှား
တက္ကသိုလ်ရိပ်သာလမ်းသစ်တိုက်ခန်း(၁၂၅၀)စ/ပ ပြင်ဆင်ပြီး ငှား
ပါရမီအရှေ့လှည်း(၇၀×၆၀) ရေ၊မီး၊ဂရန်ပိုင်မြေ ရောင်း
ယုဇနပလာဇာအနီး ကွန်ဒို(၁၅၅၀)စ/ပ ပြင်ဆင်ပြီး ငှား
ရန်ကင်းလမ်းမတန်းကွန်ဒို(၂၀၀၀)စ/ပ ပြင်ဆင်ပြီး ရောင်း

## လူပျောက်ကြော်ငြာ

ဦးစိုးမြင့်-ဒေါ်ခင်နှင်းနွယ်တို့၏သား မောင်ထွန်းလင်းအောင် ၉/ပဥလ(နိုင်)၀၃၆၁၄၃ အသက် (၂၁)နှစ်သည် ၁၇-၁-၂၀၁၈ ရက် နံနက် ၄ နာရီမှ ၆ နာရီခန့်တွင် မ/၅၂၁၊ သုနန္ဒာလမ်းမ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ကူညီတွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်** - ၀၉-၇၈၇၀၆၃၈၅၂ (ထွန်းသူ)
- ၀၉-၈၇၃၅၂၅၇၅၅ (ဒေါ်ခင်နှင်းနွယ်)
- ၀၉-၄၅၄၆၀၅၀၉၆ (ဦးစိုးမြင့်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/5227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး

## မိုးသောက်ပန်းအခင့်မြင့်မှုကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်နေရာတိုင်းမှာ
သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

* ဝနေ၊ တနင်္ဂနွေ သီးသန့် တန်းခွဲအသစ်များလည်း စုံစမ်းနိုင်ပါသည်။
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဇေနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-09-32326966, 09-421008133



## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ကြည်ကြည်

### အသက်(၈၄)နှစ်

ဒေါက်တာတင့်တင့်(ပါမောက္ခချုပ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)၏မိခင် ဒေါ်ကြည်ကြည်သည် ၂၈-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်များ**
**ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ကြည်ကြည်

### အသက်(၈၄)နှစ်

ပါမောက္ခချုပ် ဒေါက်တာဒေါ်တင့်တင့်(နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြည်ကြည်သည် ၂၈-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)ကျောင်းဆင်းအရာရှိ တပည့်များ**

# ဦးတင်မောင်သန်း(ခ)မယ်လာဘင် (ဒုရဲမှူး၊ ငြိမ်း)

### တမိုင်ဝန်ထမ်းကွက်သစ်အသင်းဝင်

### အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြမြို့၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၈၆နေ (ဦးဘသန်း-ဒေါ်သိန်းသိန်း)တို့၏သား၊ ကရင်ပြည်နယ်၊ ကော့ကျိုက်ကျေးရွာနေ (ဦးဖိုးမော်-ဒေါ်အေးမြိုင်)တို့၏သားသမက်၊ မြောက်ဥက္ကလာပနေ ဒေါက်တာအောင်နိုင်(ခ)အာသာ-ဒေါ်ခင်မေကြည်၊ မိတ္ထီလာမြို့နေ ဒုအရာခံဗိုလ်တင်ဝင်း(ငြိမ်း)-ဒေါ်လီသန်း(ခ)တွတ်တွတ်၊ မြောင်းမြမြို့နေ ကက်နက်သန်း(ခ)ကျောက်နီ-ဒေါ်မော်လီသန်း(ခ)မော်မော်တို့၏အစ်ကို၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ မောင်စိုးမိုးကျော်(ခ)ကျော်ကျော်-မမြမြခိုင်(ခ)လေးလေး၊ လှည်းကူးမြို့နေ ကိုသန့်ဇင်(ခ)တီတီ-မဇင်မေဦး(ခ)မီးမီးတို့၏ဖခင်၊ တိုက်ကြီးမြို့နေ ကိုအောင်တင်ဝင်း-ဒေါ်သူဇာတို့၏ဦးလေး၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ တိုက်ကြီးမြို့၊ ဇောဓိကုန်းရပ်ကွက်၊ အာဂမ(၁)လမ်းနေ ဒေါ်လှကြည်၏ခင်ပွန်းသည် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇောဓိကုန်းရပ်ကွက်၊ အာဂမ(၁)လမ်း နေအိမ်မှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်တင်တင်သိန်း အသက်(၇၄)နှစ်

### (နေလမုန့်ဟင်းခါး)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၄၃၅နေ (ဦးရွှေ-ဒေါ်ညွန့်ရင်)တို့၏သမီး၊ (ဦးပု-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးစိုးဝင်း(နေလမုန့်ဟင်းခါး)၏ချစ်လှစွာသောဇနီး၊ (ဦးကျော်စိုး)-ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်း-ဒေါ်စိုးစိုးအောင်၊ ဦးနေလ-ဒေါ်သီသီဝင်းထွန်း၊ ဦးဇော်မင်း-ဒေါ်ခင်နှင်းယုတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်သိန်းမြင့်(ခ)သိန်းသိန်း

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သရဖီလမ်း၊အမှတ် ၈နေ(ဦးချစ်ဆွေ-ဒေါ်ယဉ်မေ)တို့၏သမီး၊ ဦးချစ်သက်ဦး-ဒေါ်လှဲ့လှဲ့ဝင်း၊ဦးထွန်း-ဒေါ်ချစ်သက်ဖြူဝင်း၊ ဦးမြတ်သက်နိုင်ဦး(ခ)သဲပို-ဒေါ်နိုင်နိုင်ဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ဦးမြတ်စိုး၏ချစ်လှစွာသောဇနီးသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ကြံခင်းစုရပ်ကွက်၊သရဖီလမ်း၊အမှတ်(၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ယုခင်

### အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ(ဦးကြူး-ဒေါ်ခင်ရွှေ)၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ အမှတ် ၄၊ ရေတွင်းကုန်း ၁လမ်းနေ (ဦးပါလေး)၏ဇနီး၊ ဦးထွန်းအေး-ဒေါ်မြင့်မြင့်စိုး၊ ဦးအောင်ကျော်မိုးတို့၏မိခင်၊ ဦးမောင်မောင်ကိုကိုကြီး-ဒေါ်ဖြူဖြူခိုင်၊မခိုင်မေသူ၊ မဟေဇင်သက်တို့၏အဘွား၊ မောင်ခေတ်ဆန်းကိုကို၏ ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးဝင်းကျော်

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၁၆နေ (ဦးတင်ရီ-ဒေါ်မြမြ)တို့၏သား၊ ပဲခူးမြို့နေ (ဦးသိန်းမောင် - ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ခင်ငွေးရီ၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်သောင်းသောင်းစုတို့၏ အစ်ကို၊ ဒေါက်တာနန္ဒကျော်-မကျော့ကျော့ခိုင်၊ ဒေါက်တာနိုင်လင်းအောင်၊ ကိုအောင်ဇေယျ-မခင်သူဇာတို့၏ဖခင်၊ မောင်အောင်ဘုန်းသူ၊ မသွန်းမြတ်နန္ဒတို့၏ အဘိုးသည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးသန်းနိုင်

**B.E (E.P) 1976/77**
**(Ex:E/O C.D.C-14130)**
**KYC SHIPPING LINE, SINGAPORE**

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဌာနရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် ၃၅နေ (ဦးခင်ညို-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်ခင်မျိုးမြင့်(လက်ထောက်သုတေသနမှူး၊ငြိမ်း)၏မောင်၊ ဒေါ်ငွေးငွေးကြူ(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ခင်ပွန်းသည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၁-၂၀၁၈ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

# ဦးသန်းဆွေ (တိုက်ကြီး)

### အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ် (၁၁/ဃ)၊ ၇မိုင်နေ ဒေါက်တာသန့်ဇင်လင်း(မျက်စိအထူးကုဆရာဝန်ကြီး)၊ ဦးသန့်ဇော်(ဒု-ညွှန်ချုပ်၊စစ်ဆေးရေး၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး)-ဒေါက်တာဆွေဆွေရည်(မျက်စိအထူးကုဆရာဝန်ကြီး)တို့၏မွေးသဖခင်သည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးတင်လေး

### အသက်(၉၀)

ဖျာပုံပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ချိုမာ၏ဖခင် ဦးတင်လေးသည် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

# ဒေါ်ရီ

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက် B-1၊ အခန်း 001နေ (ဦးထွန်းမောင်-ဒေါ်သိန်းတင်)တို့၏သမီး၊ (အရာခံဗိုလ်မောင်စိန်၊ တပ်မတော်တပ်ထိန်း၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ကြူ၊ ဦးသက်ဦး-ဒေါ်ခင်ဖြူဖြူစိန်၊ ဒေါ်မိမိခိုင်၊ ဒေါ်သက်သက်ခိုင်တို့၏မိခင်၊ ဒေါက်တာနေဝင်းကို၊ ကိုနေလင်းညီ-မဖြိုးသူသူနိုင်၊ မောင်ဟိန်းထက်ဉာဏ်တို့၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးဇော်မင်းအောင်

### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိမ်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၇၂နေ (ဦးတင်မောင်-ဒေါ်မြသောင်း)တို့၏သား၊ (မောင်ချစ်ကိုကို)၊ ဦးခင်မောင်ထွေး-ဒေါ်ကြည်ကြည်ခိုင်(မြန်မာ့အလင်းသတင်းစာ)၊ ဦးမင်းမင်းဦး-ဒေါ်ကေသီခိုင်တို့၏မောင်သည် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

### မြစ်ခြေနယ်အသင်း
### မြစ်ခြေနယ်အသင်း(ရန်ကုန်)

# ဦးသိန်းရှောင်

### အသင်းဝင်(၁၆၃)
### (ပန်းချိစု/မြစ်ခြေ)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၈)ရပ်ကွက်၊ ပြင်ဦးလွင်လမ်း၊ အမှတ် ၅၇၉နေ (ဒေါ်အုန်းလှိုင်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ရီ - ဦးမျိုးနိုင်၊ ဦးသိန်းလှိုင် - ဒေါ်ကြည်ကြည်စန်း၊ ဦးထွန်းထွန်း-(ဒေါ်တင်တင်ထွေး)၊ဒေါ်သန်းသန်းမြင့် -ဦးသော်တာမင်းတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည်၃၀-၁-၂၀၁၈ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

### နာရေးကူညီမှုအသင်း(စစ်တွေ)

# ဦးသာဇံ

### သင်္ဘောကျင်း(ရ·ပ·ရ)ဆီလောင်း
### ရွှေပြားရပ်ကွက်၊ စစ်တွေမြို့
### အသက်(၅၃)နှစ်

စစ်တွေမြို့၊ ရွှေပြားရပ်ကွက်နေ ရေကြောင်းပို့ဆောင်ရေးသင်္ဘောကျင်းမှ ဆီလောင်း ဦးသာဇံသည်၂၉-၁-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် စစ်တွေ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

# ဒေါ်ဆွေဆွေသိန်း(ခ)
# ဒေါ်ခင်စန်းအေး

### (ပန်းတောင်းမြို့)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ၉၄လမ်း၊ အမှတ် ၉၆ (သုံးလွှာ)နေ(ဦးကျော်သိန်း-ဒေါ်ကြည်)တို့၏သမီး၊ ဦးတင်ရီ-(ဒေါ်ခင်ခင်)၊ ဦးမောင်မောင်ခင်(ဒု-ညွှန်/ချုပ်-ငြိမ်း) FERD, YCDC (အကြံပေး)-ဒေါ်ခင်စန်းလင်း၊ (ဦးမောင်မောင်အေး)တို့၏ညီမသည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးခင်စိုး

**CDC-2575, (Bosun)**
**RAFELES SHIPPING Co., Ltd.**

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ် ၈၆၅/ခနေ (ဦးညွန့်-ဒေါ်လှကျင်)၊(ဦးသန်းမောင်-ဒေါ်တင်ရီ)(ဒေါ်ဥတ္တရစာရီ)တို့၏သားသမက်၊ ဒေါ်ခင်ခင်သိန်း(ခ)ဖြူဖြူ၏ခင်ပွန်း၊မအင်ကြင်းခင်ခင် (ZTE-Telecom Myanmar)၊ မောင်ကောင်းပြည့်သာ (ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တဝရ (မကျားဆည်သာသနာပြုဆရာတော်)

### သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မကျားဆည်ကျေးရွာ၊ မကျားဆည်သာသနာပြုဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဘဒ္ဒန္တဝရ (မကျားဆည်သာသနာပြုဆရာတော်)သည် ၂၃-၁၀-၂၀၁၇ရက်မှစ၍ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှတစ်ဆင့် ၂၀-၁၂-၂၀၁၇ရက်တွင်(ခုတင်-၅၀၀)ဆုံ အထူးကုဆေးရုံကြီး (ဆီးနှင့်ကျောက်ကပ်ဌာန)၌ ဆေးဝါးကုသမှုခံယူနေစဉ် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဉတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ပညာမဋ္ဌူတပ်ဦးကျောင်းတိုက်မှ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန အခမ်းအနားကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ
ပညာမဋ္ဌူတပ်ဦးကျောင်းတိုက်၊ ရန်ကင်း

# ဦးမြလွင်

### (မြန်မာ့လေကြောင်း၊ ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ပန်းခြံ ၈၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၄၃၄နေ(ဦးဖိုးဖြေ-ဒေါ်အုံး)တို့၏သား၊ (ဒေါ်စိန်စိန်)၏ခင်ပွန်း၊ ဦးအောင်သူ-ဒေါ်ချိုမာ(USA)တို့၏ဖခင်၊ မမြယမုံဆွေ(ခ)ဖူးဖူး(USA)၊ မအာရော့ဂျုံ(ခ)ဂျုံဂျုံ(USA)တို့၏ဘိုးဘိုးကြီးသည် ၂၉-၁-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးအေးသိန်း

### (မန်နေဂျာ၊ ငြိမ်း)
### မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၄၀၉နေ(ဦးလှကျော်-ဒေါ်ယု)တို့၏သား၊ (ဦးဘိုးဆိတ်-ဒေါ်ရွှေခ)တို့၏သားသမက်၊ ဒေါ်မြညီမ်း(မြန်မာ့အာမခံ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်နီနီအေး(ရွှေသဇင်ကုမ္ပဏီ)၊(ဦးကိုကိုငွေး)-ဒေါ်မာမာဦး၊ဒေါ်ခိုင်ခိုင်အေး၊ ဦးညီညီအေး-ဒေါ်ထွေးလှတို့၏ဖခင်၊ ကိုအောင်မျိုးဟိန်း၊ ကိုကျော်သူနောင်-မကြူကြူနှင်း၊ မဝေနှင်းကျော်၊ မသဲနဒီစိုးတို့၏အဘိုး၊ မဆုထက်သဒ္ဒါ၏ ဘိုးဘိုးကြီးသည် ၂၉-၁-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင် O.S.C ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးကျော်အေး အသက်(၈၂)နှစ်

### ခွဲ/တကက(ငြိမ်း)၊ တိုင်းလုံခြုံရေးအရာရှိ (မွေး/စား/နို့-ငြိမ်း)
### (မွေး/ရေဝန်ကြီးဌာန)

မွန်ပြည်နယ်၊ သထုံမြို့နယ်နေ (ဦးမောင်တင်-ဒေါ်မငယ်)တို့၏သား၊ (ဒေါ်မကြိုင်)၏မောင်၊ ဦးစိန်မောင်-ဒေါ်မေသန်း(နောင်ပိန်/ရှမ်းမြောက်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေပုပ္ပါး ၂လမ်း၊ ပန်းခြံ ၅၊ အမှတ် (၂၄၆/က)နေ (ဒေါ်ခင်စီ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဦးအေးဝင်း၊ ဦးထွန်းထွန်းဦး(မွေး/ကု)-ဒေါ်အေးအေးကျော်၊ ဗိုလ်ကြီးနိုင်ဝင်း(ငြိမ်း)(U.M.G)-ဒေါ်ဖြူဖြူသန့်၊ ဦးဖုန်းကျော်-ဒေါ်စန္ဒာစိုးတို့၏ချစ်လှစွာသောဖခင်၊ မတင်အေး(သထုံ)၊ မအိသဉ္ဇာ(ထ/၃၊ ရွှေပြည်သာ)၊ မောင်သီဟမျိုးထက်နိုင်(ထ/၃၊ ရွှေပြည်သာ)၊ မချိုသာနိုင်ဝင်း(လ/၄-အင်းစိန်)၊ မောင်ချစ်မင်းသန့်(လ/၄-အင်းစိန်)၊ မောင်ဖုန်းသော်ခ(မ/၁၈၊ ရွှေပြည်သာ)တို့၏ အဘိုးသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျူချောင်အအေးတိုက်မှ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ပန်းခြံ ၅၊ ရွှေပုပ္ပါး ၂လမ်း၊ အမှတ် ၂၄၆/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

# ဦးတင်ရှိန် (သန်လျင်)

### ဖွဲ့စည်းပုံအရာရှိ၊ အမှတ်(၁)ရေနံချက်စက်ရုံ(ငြိမ်း)
### ဒုဥက္ကဋ္ဌ (ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၊ ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြန်မာ့ရေနံရပ်ကွက်၊ လိုင်းအမှတ် (၀၀/၂)နေ (ဦးကျော်သန်း-ဒေါ်တင်ရွှေ)တို့၏သား၊ (ဒေါ်တင်တင်မြင့်)၏ခင်ပွန်း၊ ဦးသူရရှိန်-ဒေါ်တင်တိုးမော်၊ ဦးစည်သူရှိန်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်စွာရှိန်၊ ဒေါ်ဇာခြည်ရှိန်(ခ)ဒေါ်စန္ဒာ(ရေနံ)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ကထိန် ဒါယကာကြီး

# ဦးတင်မြင့်

### အသက်(၇၃)နှစ်

အမရပူရမြို့၊ ရွှေဂူမ်းထုပ်ရပ်ကွက်၊တရုတ်တန်းကြီးရပ်နေ ကိုသန်းတင့်-မအေးအေးခိုင်၊ ကိုအေးသိန်း-မဝင်းဝင်းမော်(ကောင်းသန့် ဆေးဆိုင်)၊ ကိုအောင်ကျော်တိုး-မယဉ်ယဉ်စန်း(ရွှေရာစုဆေးဆိုင်)၊ ကိုသိန်းစိုး-မဆုမွန်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ထူး၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တရုတ်တန်းကြီးရပ် နေအိမ်မှ တောင်အင်း မြောက်အင်း သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ငွေရီ (ပေါင်မြို့)

## အသက်(၈၂)နှစ်

အသင့်ဖျော်ကွန်ကရစ်အသင်း(ရန်ကုန်)မှအတွင်းရေးမှူး ဦးဆန်းဦး၏မိခင် ဒေါ်ငွေရီ အသက်(၈၂)နှစ်သည် ၂၇-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသင့်ဖျော်ကွန်ကရစ်အသင်း(ရန်ကုန်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ "တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) မိတ်ဆက်ရှင်းလင်းခြင်း" အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတစ်ခုလုံးအတွက် ဒုတိယမြောက် မဟာဗျူဟာစီမံကိန်းကို "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" (Towards Improving Justice For All) ဆိုသော ဆောင်ပုဒ်ဖြင့် အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခင် သုံးနှစ်တာစီမံကိန်းတွင် "တရားမျှတရေး အတူတကွမြှင့်တင်ပေး" (Advancing Justice Together) ဆောင်ပုဒ်နှင့်အညီ အကျိုးသက်ဆိုင်သူများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ပေးခဲ့ကြကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ယခုစီမံကိန်းတွင် အားလုံးအတွက် တရားမျှတမှုကို ရှေးရှုဆောင်ရွက်လိုကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❈

## တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ပန်းမန် အဆင့်မြင့်လက်ကား ဈေးသစ်ကြီးဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာအက်ဂရိုအိတ်ချိန်း ပတ်ဘလစ်လီမိတက် (MAEX)တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ပန်းမန် အဆင့်မြင့်လက်ကားဈေးသစ်ကြီးကို

*စာမျက်နှာ ၄ ကော်လံ ၁* ❈

### ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာများကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြမည့်အချိန်ဇယား

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁။ | မြန်မာစာ | ၁-၂-၂၀၁၈ |
| ၂။ | စိတ်ကြိုက်မြန်မာစာ | ၂-၂-၂၀၁၈ |
| ၃။ | အင်္ဂလိပ်စာ | ၃-၂-၂၀၁၈ |
| ၄။ | သင်္ချာ | ၄-၂-၂၀၁၈ |
| ၅။ | ဓာတုဗေဒ | ၅-၂-၂၀၁၈ |

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၆။ | ရူပဗေဒ | ၆-၂-၂၀၁၈ |
| ၇။ | ဇီဝဗေဒ | ၇-၂-၂၀၁၈ |
| ၈။ | ပထဝီဝင် | ၈-၂-၂၀၁၈ |
| ၉။ | သမိုင်း | ၉-၂-၂၀၁၈ |
| ၁၀။ | ဘောဂဗေဒ | ၁၀-၂-၂၀၁၈ |





23/B(2) Thu Kha Waddy Street, Yankin Township, Yangon, Myanmar. Ph : 095175867 Email : theinhtoon369@gmail.com



# သစ်ရိပ်မိုးသော မြို့တော်ရန်ကုန်သို့

— ထင်ပေါ်ဝင်း(ကမာရွတ်) —

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြို့တော် ရန်ကုန်ရှိ အချို့သောလမ်းမကြီးများတွင် ကံကောင်း အကြောင်းလှစွာဖြင့် စိမ်းစိုသော အရိပ်ရအပင်ကြီးများက လမ်းများကို ထီးမိုးသလို အုပ်မိုးပေးထားသည်။ တိုက်တာ အဆောက်အအုံအတွင်းမှ မွန်းကျပ်လှသော ရန်ကုန်လူထု အတွက် တစ်ပင်စနှစ်ပင်စသာရှိသော အပင်ကြီးများက အပူရှိန်ကိုသာမက စိတ်အေးချမ်းမှုကိုပါ ပေးစွမ်းနိုင်သည်။ အပူနှင့်အလင်းဒဏ်ပြင်းပြင်းကို ခံစားရသူတို့အတွက် စိမ်းစို သော မြက်ခင်းများ၊ ကြည်လင်သောရေကန်ကြီးများ၊ အပူရှိန် ကို စုပ်ယူပေးထားသော အပင်ကြီးများမှာ မရှိမဖြစ်လိုအပ် လှသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်း ရန်အတွက်လည်း အပင်ကြီးများသည် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြေဆီမြေသြဇာကို ထိန်းသိမ်း ရန်အတွက်လည်းကောင်း၊ ကျေးငှက်ကလေးများ အစာ ရှာဖွေရန်နှင့် အိပ်တန်းတက်ရန်အတွက်လည်း သစ်ပင်အုပ် ကောင်းကောင်းက လိုအပ်လှသည်။ လူတစ်ယောက်တစ်နေ့တာ အသက်ရှူရန်အတွက် အပင်များစွာထံမှ အောက်ဆီဂျင် ဓာတ်ငွေ့ကို ရယူရသည်။ ထို့သို့ လူသားတို့ အသက်ရှင်ရပ်တည် ရန် ထောက်ပံ့ပေးနေရရှာသော သစ်ပင်ကြီးငယ်တို့မှာ နေ့စဉ် လိုပင် လူသားတို့၏ ဖျက်ဆီးမှုကို ခံနေရရှာသည်။

ထို့ကြောင့်ပင် မြို့တော်ရန်ကုန်၏ စိမ်းလန်းစိုပြည်ရေး ကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစား ကွင်းများဌာနမှ ဌာနစုမှူး ဦးတင်မိုးအား မြို့တော်ရန်ကုန် အတွင်းရှိ သစ်ပင်ကြီးများအကြောင်းကို သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

"ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ရန်ကုန် မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ် တည်ဆောက်ဖို့ အတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရပါတယ်၊ နှစ်စဉ်အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အရိပ်ရပင်တွေ၊ ပန်း အလှပင်တွေ၊ ရာသီပန်းတွေ၊ အရွက်လှပင်တွေကို အသုံးပြုပြီး စိုက်ရတယ်"ဟု စကားအစချီ ပြောပြသည်။

## သန့်ရှင်းစိမ်းလန်းကြည်လင်မှုနှင့် မြို့တော်ရန်ကုန်

"ရည်ရွယ်ချက်အနေနဲ့ကလည်း သန့်ရှင်းစိမ်းလန်းကြည်လင် မှုနှင့် မြို့တော်ရန်ကုန်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီလုပ်တဲ့အခါမှာ ဘာတွေရှိလဲဆိုတော့ ပန်းခြံတွေရှိတယ်၊ လမ်းကြောင်းတွေ ရှိတယ်၊ အဝိုင်းတွေရှိတယ်၊ တြိဂံတွေရှိတယ်၊ လမ်းလယ်ကျွန်း တွေရှိတယ်၊ လမ်းဘေးဝဲယာမှာ စိုက်တာတွေရှိတယ်၊ နောက် တောအုပ်တွေရှိတယ်၊ တောအုပ်အနေနဲ့က ငမိုးရိပ်ကျွန်းတော၊ ဂျိတီအိုင်ကျွန်းတော၊ ဘုရင့်နောင်ကျွန်းတော၊ လှော်ကား ရေဝေရေလဲတောတွေမှာ ကျွန်တော်တို့အနေနဲ့က စနစ်တကျ စိုက်ပျိုးပါတယ်၊ အဲဒီစနစ်တကျစိုက်ပျိုးပြီးတော့ မြို့တော်ရဲ့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို အထောက်အကူပြုတာပေ့ါ။

## ပျိုးခြံများ

"အရိပ်ရပင်တွေကိုတော့ ဟံသာဝတီပျိုးခြံမှာပျိုးတာပေ့ါ၊ အဲဒီမှာ မဟော်ဂနီ၊ ငုရွှေဝါ၊ ခရေ၊ ပျဉ်းမ၊ ရေတမာ၊ စိန်ပန်း ကြီး၊ ငါးဆူ၊ ပိတောက်၊ ကျူးဘား၊ အမြောက်ဆန်၊ ယင်းမာ၊ အသောက၊ မန်ကျည်း၊ အညာတမာ၊ ကုက္ကို၊ ကဗ္ဗီး၊ ဥနဲ၊ မယ်ဇယ်၊ တည်ကြီး၊ ကံ့ကော်၊ ပန်းမဲဇလီစတဲ့ အရိပ်ရ ပင်တွေကိုပျိုးတာပေ့ါ၊ ဟံသာဝတီမှာရှိတဲ့ အပင်တွေက ပျိုးအိတ် ကြီးနဲ့ပျိုးတာဆိုတော့ အပင်ကြီးအဆင့်ပေ့ါ၊ နောက်တစ်ခုက မြကန်သာပျိုးခြံ(ခြောက်မိုင်ခွဲ) ပျိုးခြံမှာလည်း အရိပ်ရ ပင်တွေပျိုးပါတယ်၊ လှော်ကားရေဝေရေလဲဒေသမှာ ဆိုရင် တော့ လှော်ကားကျွန်းဆိုတာ မင်္ဂလာဒုံမြို့နယ်ထဲမှာ နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွေလုပ်တယ်ပေ့ါ၊ အဲဒီမှာတော့ အရိပ်ရပင်ရယ်၊ ကျွန်းပင်ရယ် စိုက်ပျိုးတယ်ပေ့ါနော်။

## နှစ်ရှည်ပင်

"နှစ်ရှည်ပင်အနေနဲ့က လက်ရှိကတော့ ကန်တော်ကြီး အတွင်းမှာရှိတယ်၊ ပြည်သူ့ရင်ပြင်ထဲမှာရှိတယ်၊ အဲမှာဆိုရင် Century Tree တွေတောင်ရှိတယ်၊ ပြည်သူ့ရင်ပြင်ထဲက ကုက္ကိုပင်ကြီးတွေဆိုရင် သူတို့ရဲ့သက်တမ်းက နှစ်ပေါင်း

**အချပ်ပို (ခ) သို့**

**လူတွေ၊ ကားတွေ၊ အဆောက်အအုံတွေနဲ့ ပြည့်ကျပ်နေတဲ့ ရန်ကုန်မြို့ကတော့ အဆောက်အအုံအသစ်တွေ တည်ဆောက်နေဆဲ၊ လာရောက်နေထိုင် အခြေချသူတွေ တိုးပွားနေဆဲ၊ လမ်းတွေပေါ်မှာ မောင်းနှင်သွားလာနေတဲ့ မော်တော်ယာဉ်တွေကလည်း ဖွေးဖွေးလှုပ်နေအောင် များပြားနေဆဲပါပဲ။ ဒါကြောင့်မို့လို့ ရန်ကုန်မြို့ အပြင်ပတ်လမ်းနဲ့ဆက်စပ်ပြီး မြို့သစ်တွေဖော်ဆောင် တည်ဆောက်ဖို့ နေရာခုနစ်နေရာ သတ်မှတ်ထားတဲ့အနက် လှည်းကူးမှာ Eco Green City စီမံကိန်း စတင်အကောင်အထည်ဖော် တာစူနေပြီ ဖြစ်ပါတယ်။**



# ရန်ကုန်မြို့ရဲ့ အသစ်မွေးဖွားတော့မယ့် Eco Green City

**သတင်း - ဝေယံဦး၊ ဓာတ်ပုံ - ကေဇင်**

ဒီနေရာကတော့ လှည်းကူးအမြန်လမ်းနံဘေးမှာရှိတဲ့ မိုင်တိုင်အမှတ် သုံးမိုင်၊ ငါးဖာလုံ ဝန်းကျင်မှာရှိပြီး မြေလွတ်မြေရိုင်းဧက ၁၆၂၀ ခန့်ပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီမြေအကျယ်အဝန်းမှာ ရေနုတ်မြောင်းနဲ့ ရေသွင်းမြောင်းဧရိယာတွေ ဖယ်ထုတ်လိုက်ရင်တော့ စီမံကိန်းဧရိယာအကျယ်အဝန်းက ဧက ၁၄၂၀ ခန့် ကျန်ရှိမယ်လို့ ဆိုပါတယ်။

တကယ်တော့ ရန်ကုန်မြို့အပြင်ပတ်လမ်းနဲ့ ဆက်စပ်ပြီး အကောင်အထည်ဖော်မယ့် ဖွံ့ဖြိုးရေးစင်တာတွေဖြစ်တဲ့ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကော့မှူး၊ သန်လျင် စတဲ့နေရာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ လှည်းကူးမှာတော့ Eco Green City စီမံကိန်း အကောင်အထည် ဖော်ဖို့ ပန္နက်တင်ခြင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ တကယ်ဆိုရင် အခုစီမံကိန်းဟာ ရန်ကုန်မြို့ အပြင်ပတ်လမ်း ဖွံ့ဖြိုးရေးဇုန် ခုနစ်ခုအနက်မှာ ရန်ကုန် အနောက်မြောက်ပိုင်း ဖွံ့ဖြိုးရေးဇုန်ထဲမှာ ပါဝင်နေတာ ဖြစ်ပါတယ်။

အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ရန်ကုန်မြို့ဟာ မဖြစ်မနေ တိုးချဲ့ဖို့၊ ဒဂုံမြို့သစ်တွေ ဖော်ထုတ်ဖို့၊ မိုးပျံလမ်းတွေ တည်ဆောက်ဖို့၊ အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်ဖို့ အားထုတ်နေရပြီဖြစ်တာမို့ အခု မြို့သစ်စီမံကိန်းဟာလည်း မကြာမီကာလအတွင်းမှာ ရုပ်လုံးပေါ်လာတော့မှာ ဖြစ်ပါတယ်။ လှည်းကူးအမြန်လမ်းနံဘေးမှာ တည်ဆောက်မယ့် Eco Green City စီမံကိန်းကို သုံးနှစ်တာကာလအတွင်းမှာ အကောင်အထည်ပေါ်လာအောင် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့အဝင် ပါးစပ်ပေါက်နေရာမှာ တည်ရှိနေတဲ့ မြို့သစ်ဖြစ်တာနဲ့အညီ တည်ဆောက်ရေးလုပ်ငန်းတွေဟာ နိုင်ငံတကာ စံချိန်စံညွှန်းမီအောင် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ရန်ကုန်မြို့နဲ့ သုံးမိုင်ခန့်သာဝေးပြီး ပဲခူး-ဟံသာဝတီလေဆိပ်နဲ့လည်း အဖြောင့်တိုင်းရင် ၁၀ မိုင်ခန့်သာ ကွာဝေးတာမို့ ရန်ကုန်မြို့နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ မြို့သစ်စီမံကိန်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမယ့် မြို့သစ် ဖြစ်လာပါလိမ့်မယ်။

**အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ရန်ကုန်မြို့ဟာ မဖြစ်မနေတိုးချဲ့ဖို့၊ ဒဂုံမြို့သစ်တွေ ဖော်ထုတ်ဖို့၊ မိုးပျံလမ်းတွေ တည်ဆောက်ဖို့၊ အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်ဖို့ အားထုတ်နေရပြီဖြစ်တာမို့ အခု မြို့သစ် စီမံကိန်းဟာလည်း မကြာမီကာလအတွင်းမှာ ရုပ်လုံး ပေါ်လာတော့မှာဖြစ်**



လှည်းကူး၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Eco Green City

Eco Green City စီမံကိန်း အကောင်အထည်ဖော်မယ့် အခြေအနေကိုကြည့်ရင် လှည်းကူးအမြန်လမ်းရဲ့ အနောက်ဘက်ခြမ်း စီမံကိန်းဧရိယာပေါ်မှာ တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးမျှတအိမ်ရာနဲ့ အိုးအိမ်စီမံကိန်းတွေ ပါဝင်တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စာသင်ကျောင်းတွေ၊ အထွေထွေရောဂါကုဆေးရုံနဲ့ ရုံးအဆောက်အအုံတွေ၊ အပန်းဖြေနေရာနဲ့ သုတေသနစင်တာတွေလည်းပါဝင်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။

**အချပ်ပို (ဃ) သို့**

**သစ်ရိပ်မိုးသော မြို့တော်ရန်ကုန်သို့မှ**

ရာကျော်နေပါပြီ၊ YCDC ပြင်ပမှာဆိုရင်လည်း တက္ကသိုလ်ဝင်းတွေမှာ ရှိတာပေါ့၊ အများပိုင်အဆောက်အအုံနဲ့သက်ဆိုင်တဲ့ နေရာတွေမှာပဲ အပင်ကြီးတွေက ရှိတော့တာပေါ့၊ ကန်တော်ကြီးထဲမှာလည်း တော်တော်ရှိတယ်၊ အများဆုံးကတော့ ကုက္ကိုပင်ကြီးတွေရှိမယ်၊ ပြည်သူ့ရင်ပြင်မှာဆိုရင် မဟော်ဂနီပင်တွေရှိမယ်၊ ကညင်လိုဟာမျိုး၊ အင်ကညင်လိုမျိုး၊ ကျွန်းလိုမျိုးကတော့ ကန်တော်ကြီးမှာ ရှိမယ်ပေါ့နော်၊ ကန်တော်ကြီးဆိုရင် သစ်တောဇုန်ပေါ့၊ အဲဒီမှာ အမျိုးအစားတော်တော် များများရှိပါတယ်၊ မပျောက်မပျက်ရှိပါတယ်၊ အရေအတွက်အားဖြင့်တော့ ခန့်မှန်းရခက်ပါမယ်။

**ပုံပန်းသဏ္ဌာန်တွေ လှပအောင်**

“ထိန်းသိမ်းတာကျတော့ ပျိုးပင်အဆင့်က စပြောမှရမယ်၊ အပင်တွေ စိုက်ပြီဆိုရင် ပထမဦးဆုံးတော့ ကျင်းပြင်တယ်၊ မြေဆွေးတွေ ဘာတွေထည့်တာပေါ့၊ ကျင်းပြင်ပြီးရင် စိုက်တာပေါ့၊ အများအားဖြင့် ငါးပေအရွယ်လောက်က စိုက်တာပေါ့၊ ပထမအဆင့်အနေနဲ့ ထိန်းတိုင်ထည့်တယ်၊ ပြီးရင် နွေပေါင်း၊ မိုးပေါင်ဆိုတာဖော်ရတယ်၊ ရေများလို့ ရေဝပ်ရင် သော်လည်းကောင်း၊ ရေနည်းလို့ ရေမရမှာသော်လည်းကောင်း အဲဒါမျိုးတွေအတွက် ဖော်ရတာပေါ့၊ အပင်တွေ ထိန်းသိမ်းတဲ့အခါမှာ နှစ်စဉ်မဟုတ်ဘဲ နေ့စဉ် အမြဲတမ်းလုပ်နေရတာ၊ ဦးဝိစာရလမ်းတစ်လျှောက်ဆိုရင် အပင်တွေ ပြုပြင်မွမ်းမံရေးလုပ်တယ်၊ ပုံတွေပျက်သွားပြီဆိုရင် ဖြတ်ပြီးညှိတယ်၊ နောက်တစ်ခုက ကျွန်တော်တို့ အဓိကလိုချင်တာက အရိပ်ရဖို့ကို၊ ခရေတို့၊ ရေတမာတို့ဆိုရင် အရိပ်ရတဲ့အပင်တွေပေါ့၊ နောက် တယ်ကြီးတို့ အဲဒါမျိုးအပင်တွေက အရိပ်ကောင်းကောင်းရတာတယ်၊ အဲဒါတွေကို နိုက်ထရိုဂျင်ဓာတ်ပါတဲ့ ယူရီးယားမြေသြဇာကိုကျွေးပြီး သူတို့ကို ထိန်းသိမ်းရတယ်၊ အပင်စိုက်တဲ့ အချိန်ကနေ အပင်မပွင့်မသီးခင် အချိန်အထိပေါ့။ နွားချေးတို့၊ မြေဆွေးတို့ ဒါတွေလည်းပါတာပေါ့၊ အဲဒါတွေ ထည့်သလို ယူရီးယားမြေသြဇာကလည်း အပင်ဖွံ့ဖြိုးမှုအတွက် အရေးပါတယ်၊ နောက် အပင်အခြေအနေကြည့်ပြီးတော့လည်း ပုံပန်းသဏ္ဌာန်တွေလှပအောင် ဖြတ်ညှိပေးရတယ်၊ အဲဒီပုံပန်းသဏ္ဌာန်မညီဘဲ အပင်တစ်ပင်က ယိုင်လဲမယ်ဆိုရင်၊ တစ်ဖက်စောင်းမယ်ဆိုရင် ယိုင်လဲမှုဖြစ်စဉ်တွေ သူက ဖြစ်နိုင်တယ်၊ အဲဒါကြောင့်မို့လို့ သူတို့ကို ဖြတ်ညှိခြင်းလုပ်ငန်းတွေ ကျွန်တော်တို့က လုပ်ရတယ်၊ နောက်တစ်ခုက အပင်တစ်ပင်မှာရှိတဲ့ ကိုင်းခြောက်တွေ၊ ကိုင်းညပ်တွေ၊ ကိုင်းဆွေးတွေနဲ့ အဲဒီကြားထဲမှာ ရှုပ်ထွေးနေတဲ့ဟာတွေရှိတယ်၊ ရှုပ်ထွေးနေတဲ့ဟာတွေက ဖြတ်မပစ်ဘူးဆိုရင် အခြားကိုင်းခက်တွေ သန်မာဖို့အတွက် အနှောင့်အယှက်ဖြစ်တယ်၊ အဲဒီကိုင်းတွေကိုလည်းကြည့်ပြီးတော့ ဖြတ်ပစ်ရတာပေါ့၊ သူ့ကို ဖြတ်လိုက်ခြင်းအားဖြင့် ကျန်တာတွေ ပိုကောင်းတာပေါ့၊ အဲဒါမျိုးတွေကို ကျွန်တော်တို့ ဆောင်ရွက်တယ်။

**အချပ်ပို(ဂ)သို့**



ရန်ကုန်မြို့ကန်တော်ကြီးရှိ သက်တမ်းရင့် ကညင်ပင်ကြီးတစ်ပင်ကို တွေ့ရစဉ်

# အပြန်အလှန် ယုံကြည်မှုဖြင့် ခရီးသွားလာကြမည်ဆိုလျှင်

မောင်သင်းပျံ့

**နေ့စဉ်** ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့နေရသော ရန်ကုန်မြို့နေပြည်သူတို့မှာ မိမိသွားလိုသောခရီးစဉ် မြန်ဆန်စွာရောက်ရှိစေရန် လိုင်းကားများထက် တက္ကစီယာဉ်များကို အားကိုးအားထားပြုနေရလျက်ရှိသည်။ လိုင်းကားယာဉ်ကြီးများထက် ယာဉ်ငယ်ဖြစ်သော တက္ကစီယာဉ်များဖြင့် သွားလာရေးက ပို၍အဆင်ပြေသောကြောင့် အရေးပေါ်ခရီးစဉ်တို့တွင် တက္ကစီယာဉ်များကို ရန်ကုန်မြို့နေပြည်သူတို့ အားထားနေရခြင်းဖြစ်ရာ ရန်ကုန်မြို့တွင် ယာဉ်လိုင်းများမည်မျှရှိစေကာမူ တက္ကစီယာဉ်များကို ထဲထဲဝင်ဝင် အသုံးပြုနေရဆဲဖြစ်သည်။

**ရန်ကုန်မြို့ပြတွင် တက္ကစီဖြင့် ခရီးသွားလာမှုသည် ထိရောက်သော ဝန်ဆောင်မှုလည်းဖြစ်၍ ခရီးသွားနှင့် ယာဉ်မောင်းများ သွားလာရေး အဆင်ပြေ ချောမွေ့စေရန် အဘက်ဘက်မှ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေလျက်ရှိ**



ခရီးသည်စောင့်မျှော်နေသည့် အငှားယာဉ်မောင်းတချို့

ဓာတ်ပုံ - ငြိမ်းချမ်း

ယခုရက်ပိုင်းအတွင်း တက္ကစီယာဉ်များဖြင့် ခရီးသွားလာမှု ယခင်ကထက် နည်းလာသောကြောင့် မိသားစုဝမ်းရေးကို သမ္မာအာဇီဝဖြင့် အသက်အန္တရာယ်ကြားမှ ရှာဖွေနေကြသော တက္ကစီယာဉ်မောင်းတို့မှာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သည်ဟူသော စကားနှင့်အညီ စီးနင်းသောခရီးသည်တို့က တက္ကစီယာဉ်မောင်းတို့ကို အထူးသတိပြု သွားလာနေကြသည့်နည်းတူ တက္ကစီယာဉ်မောင်းတို့ကလည်း ဘယ်ခရီးသည်က ဘယ်လိုများ ရန်ရှာမလဲဟူသော အတွေးများဖြင့် တစ်ဦးနှင့်တစ်ဦး စိတ်ပင်ပန်းကြီးစွာ ရန်ကုန်မြို့နေပြည်သူတို့ ခရီးသွားလာနေရလျက်ရှိသည်။ မကြာသေးမီရက်ပိုင်းက ခရီးသည်အမျိုးသမီးတစ်ဦး သေဆုံးဖြစ်စဉ်ရှိခဲ့ သည့်နည်းတူ တက္ကစီယာဉ်မောင်းအား ခရီးသည်က အန္တရာယ်ပြုခဲ့သော ဖြစ်စဉ်များကလည်း ယာဉ်မောင်းနှင့် ခရီးသွားတို့ကြား ယခုတလော တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို အားနည်းလာစေလျက်ရှိသည်။

### ယုံကြည်မှုကို တည်ဆောက်ရန်

ယခုလအတွင်း ခရီးသွားလုပ်ငန်းထိခိုက်မှုကို ရန်ကုန်မြို့ပြရှိ တက္ကစီယာဉ်မောင်းများ ကြုံတွေ့နေရလျက်ရှိသည်။ ဝမ်းစာကို နေ့စဉ်ယာဉ်ကြောရှုပ်ထွေးလျက်ရှိသော လမ်းပေါ်၌ ရှာဖွေရာတွင် ခရီးသည်တို့၏ ယုံကြည်မှုကို တည်ဆောက်ရန် ယခင်ကထက်များစွာ အချိန်ပေးနေရလျက်ရှိသည်။ မိမိလုပ်ငန်း၏ ဒဏ်၊ မိသားစုဝမ်းရေးကို တဖြည်းဖြည်းတက်လာသော ကုန်ဈေးနှုန်းနှင့်အညီ ဖြေရှင်း ဆောင်ရွက်ရသောကြောင့် ရုပ်ပိုင်းဆိုင်ရာကျဆင်းမှု ကြုံလာရသောအခါ ခရီးသည်တို့၏ ယုံကြည်မှုကို မရ၍ လုပ်ငန်းအဆင်မပြေမှုများ ယခုရက်ပိုင်းတွင် တက္ကစီယာဉ်မောင်းများ ကြုံတွေ့နေရလျက်ရှိသည်။

ခရီးသည်ကလည်း စိုးရိမ်စိတ်တို့ဖြင့် ခရီးသွားလာနေရသည့်နည်းတူ တက္ကစီယာဉ်မောင်းကလည်း နောက်ကျောမလုံစွာဖြင့် ပို့ဆောင်နေရလျက်ရှိသည်။ အမှန်တွင်တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုထားရှိရန်လိုအပ်လာသည့်အပြင် တရားဥပဒေစိုးမိုးမှုပို၍လိုအပ်လာဟန်ရှိသည်။ အချို့သော တက္ကစီများသည် သားကောင်ရှာသော ဝန်ဆောင်မှုကို လုပ်ဆောင်နိုင်သကဲ့သို့ အချို့သော ခရီးသည်ဟန်ဆောင်သူတို့ကလည်း သားကောင်ရှာသော မုဆိုးများဖြစ်နေတတ်သောကြောင့် ဖြစ်သည်။ နှစ်ဦးနှစ်ဖက်ဖြစ်စဉ်များက ရန်ကုန်မြို့ပြတွင် ရှိနေ၍ဖြစ်သည်။

### စေတနာထားပြီး ပြောဆိုဆက်ဆံ

ရန်ကုန်မြို့တွင် ၁၀နှစ်ကြာ တက္ကစီပြေးဆွဲ၍ မိသားစုဝမ်းရေးကို ဖြည့်ဆည်းဆောင်ရွက်နေသော ယာဉ်မောင်းတစ်ဦးကလည်း "အခုတလော တက္ကစီဆွဲလို့ မကောင်းကြတာအမှန်ပဲ၊ လကုန်ပိုင်းဖြစ်လို့ ခရီးသည်နည်းတာပါသလို မျက်နှာသိ တက္ကစီယာဉ်မောင်းကိုပဲ စီးကြတာများလာတယ်၊ လမ်းက ဖြတ်ပြီး စီးရင်လည်း သေချာမေးမြန်း၊ တစ်ဦးနဲ့တစ်ဦး အကဲခတ်ပြီးမှ စီးနင်းလာသလို ဖြစ်နေတယ်၊ ဘယ်သူ့ဘက်မှ လိုက်ပါပြီး မပြောပါဘူး၊ ကျွန်တော်တို့ တက္ကစီဆွဲတာ ၁၀ နှစ်ရှိပြီ၊ ရိုးရိုးသားသားလုပ်ကိုင်တယ်၊ ခရီးသည်ပေါင်းစုံ တွေ့ကြုံရပေမယ့် စေတနာထားပြီး ပြောဆိုဆက်ဆံတယ်၊ ခရီးသည်အဆင်ပြေအောင် အနစ်နာခံသင့်ရင်ခံပြီး ပို့ဆောင်ပေးတယ်၊ အကျိုးရလဒ်က အဲ့ဒီခရီးသည်တွေက ဘယ်သွားသွား ကျွန်တော့်ကားကိုပဲ စီးကြတယ်၊ ဒါဟာ တစ်ဦးက မေတ္တာထားလို့ တစ်ဦးက စေတနာရောင်ပြန်ဟပ်တဲ့ သဘောပါပဲ။

"ပြီးတော့ ရန်ကုန်မြို့ပြမှာ ယာဉ်မောင်းနဲ့ ခရီးသည်တွေ နေ့စဉ်ကြုံနေရတဲ့ အခက်အခဲက ယာဉ်ကြောပိတ်လို့ နှစ်ဦးနှစ်ဖက်စိတ်ဖိစီးမှု ဒဏ်ရယ်၊ ဒီလထဲမှာ ဆီဈေးနှုန်းမြင့်တက်လို့ တောင်းတဲ့ဈေး မပေးလို့၊ အချို့ခရီးသည်က ပေးရတာမတန်ဘူးထင်လို့ အဲ့ဒီ ပြဿနာတွေရှိနေကြတယ်၊ ဆီဈေးနဲ့ လမ်းပေါ်မှာ ကြုံတွေ့နေရတဲ့ အကျိုးဆက်တွေကို ယာဉ်မောင်းနဲ့ ခရီးသွားပြည်သူတွေခံစားရပြီး ပြဿနာဖြစ်ပွားမှုကို ဦးတည်သွားတယ်လို့လည်း ဆိုနိုင်ပါတယ်။

"တက္ကစီယာဉ်အားလုံးကို CNG ကုမ္ပဏီပုံစံ ဆီဈေးကို ထိန်းချုပ်ပြီး ပြေးဆွဲနေတဲ့ တက္ကစီယာဉ်တွေကိုလည်း ကုမ္ပဏီတစ်ခုတည်းက ဖြစ်စေ၊ အစိုးရက ဖြစ်စေ ဝန်ဆောင်မှုကို ထိန်းချုပ်ကိုင်တွယ်မယ်ဆိုရင် ခရီးသည် ဘယ်သူ၊ ဘယ်ဖုန်းနံပါတ်နဲ့ တက္ကစီခေါ်တာကအစ သိရပြီးတော့ တက္ကစီယာဉ်မောင်းကို ခရီးသည်လည်း သိသလို ကုမ္ပဏီကလည်း သိနေမယ်၊ အဲ့ဒီတက္ကစီဘယ်နေရာရောက်နေပြီး ဘယ်နေရာမှာ ပြဿနာဖြစ်နေတယ်ဆိုတာကအစ အချိန်နဲ့တစ်ပြေးညီ အားလုံး သိနေတယ်၊ ခရီးသည်ကလည်း တိုင်ကြားလို့ရတယ်၊ အခု YGN တက္ကစီလိုပေါ့။ YGN တက္ကစီ မဟုတ်တဲ့ တက္ကစီတွေပြဿနာဖြစ်ရင် ဘယ်လိုက်ရမှန်း မသိကြဘူး၊ တိုးဂိတ်တွေက CCTV ဆိုတာကလည်း ဖြတ်သန်းခမပေးတဲ့ယာဉ်ကိုပဲ ယာဉ်နံပါတ်ကို မှတ်မိအောင်ချိန်ပြီး အသေရိုက်ထားတာများတယ်၊ ညပိုင်းဆိုရင် ရန်ကုန် မြို့ထဲကနေ မြို့နယ်အချို့ကို ငှားရင် မလိုက်ကြတော့ဘူး၊ ဘယ်လိုပဲဖြစ်စေ နေ့စဉ် ယာဉ်ကြောပိတ်မှုများလာတဲ့ ရန်ကုန်မြို့ပြမှာ ခရီးသွားနဲ့ တက္ကစီယာဉ်မောင်းတွေ တစ်ဦးကစေတနာထားပြီး တစ်ဦးကမေတ္တာတရားတုံ့ပြန်မယ်ဆိုရင် အေးချမ်းတဲ့ခရီးစဉ်တစ်ခုကို နှစ်ဦးနှစ်ဖက်ရရှိကြမှာပါ"ဟု မိသားစုငါးဦး၏ ဝမ်းရေးကို ဖြည့်ဆည်းပေးနေသော အသက် (၄၇ နှစ်)ရှိ ဦးအောင်မိုးက ပြောပြသည်။

### တရားဥပဒေစိုးမိုးရေးအတွက်

ရန်ကုန်မြို့ပြတွင် တက္ကစီဖြင့် ခရီးသွားလာမှုသည် ထိရောက်သောဝန်ဆောင်မှုလည်းဖြစ်၍ ခရီးသွားနှင့် ယာဉ်မောင်းများ သွားလာရေးအဆင်ပြေ ချောမွေ့စေရန် အဘက်ဘက်မှ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေလျက်ရှိသည်။ ယာဉ်အန္တရာယ်၊ ယာဉ်ကြောကျပ်တည်းလာမှု၊ ယာဉ်ဖြင့်ခရီးသွားပို့ဆောင်ရေးတွင် မှုခင်းဖြစ်ပွားလာမှု၊ မိမိ၏ စီးပွားရေးကြောင့် ခရီးသွားလာစရိတ်ကို တတ်နိုင်သမျှ ချွေတာသူနှင့် ဈေးနှုန်းမြင့်တက်လာသော ဓာတ်ဆီဈေးနှင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် လမ်းပေါ်တွင် အချိန်ကုန်သမျှကို ကာမိစေရန် ဈေးတိုးတောင်းသော တက္ကစီသမားတို့ တွေ့ဆုံသောအခါ လူမှုပြဿနာအဖြစ် ဦးတည်တတ်၍ ထိုသို့ဖြစ်စဉ်များ လျော့ကျစေရန် မြို့ပြအင်္ဂါနှင့်အညီ လိုက်ဖက်ညီစေသော မြို့ပြစည်းကမ်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊ တက္ကစီပြေးဆွဲမှုကို ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ပြရှိ တက္ကစီစီးနင်းသောပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်မည့် နည်းတူ ယာဉ်မောင်းများမှာလည်း စိတ်သောက ကင်းဝေးစွာဖြင့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

အထူးသဖြင့် နေ့စဉ် ခရီးသွားလာကြသော ရန်ကုန်မြို့ပြနေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် တက္ကစီယာဉ်မောင်းများအိမ်တွင် စောင့်ကြိုနေ သော မိသားစုထံ နွေးထွေးလုံခြုံစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်စေရန် တစ်ဦးနှင့်တစ်ဦး စာနာနားလည်မှုများ လိုအပ်လာလျက်ရှိသည်။

သို့ဖြစ်၍ တစ်ဦးကစေတနာ၊ တစ်ဦးက မေတ္တာအရင်းခံဖြင့် အပြန်အလှန်ယုံကြည်မှုထားကာ ရန်ကုန်မြို့ပြနေပြည်သူများ တက္ကစီဖြင့် ခရီးသွားလာရာတွင် လိုရာခရီးသို့ အေးချမ်းပျော်ရွှင်စွာဖြင့် သွားလာနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

---


အချပ်ပို(ခ)မှ

### ပြုစုကုသတဲ့အပိုင်း

"ကိုင်းတွေ ဘာတွေဖြတ်ပြီးရင် မှိုသတ်ဆေးတို့၊ ပိုးသတ်ဆေးတို့ ဖျန်းရတယ်၊ သူ့ကို ပြုစုကုသတဲ့ အပိုင်းလေးလည်း ကျွန်တော်တို့က လုပ်ပေးရတာပေါ့၊ နောက်တစ်ခုက အပင်ကြီးတွေအတော်များများ ကျွန်တော်တို့က အောက်ခြေကို ရှင်းလိုက်တယ်၊ ဘာလို့ဆိုတော့ လေဝင်လေထွက် ကောင်းဖို့ပေါ့။ ဒါမှ အောက်ဆီဂျင်တို့ ဘာတို့ ရမှာကို၊ လေဝင်လေထွက်ကောင်းပြီဆိုရင် ပိုးမွှားရောဂါပါ ကင်းစင်သွားတာပေါ့၊ သစ်ပင်တစ်ပင်မှာ ကိုင်းဖြာမှုဆိုတာရှိတယ်၊ အစာကျွေးတဲ့အခါကျတော့ ကွင်းဖောက်စနစ်နဲ့ ကျွေးရတာပေါ့၊ ဒါကတော့ ပြုစုထိန်းသိမ်းခြင်း အပိုင်းတွေပဲဖြစ်ပါတယ်"ဟု ရှင်းပြသည်။

အချုပ်အားဖြင့် တင်ပြရသော် ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းသော လူငယ်တစ်ယောက်ရရှိရန်အချိန် ၁၈ နှစ်ခန့် စောင့်ဆိုင်းရသကဲ့သို့ အကိုင်းအခက်၊ အရွက်အလက်တို့နှင့် ပြည့်စုံသော သစ်တစ်ပင်ကောင်းရရှိရန်အတွက်လည်း နှစ်ပေါင်းများစွာ စောင့်ဆိုင်းရသည်။ ထိုမျှ နှစ်ကာလကြာရှည်စွာ ရှင်သန်ကြီးထွားခဲ့ရသောအပင်ကြီးများသည် ယနေ့ခေတ်တွင် ခေတ်မီစက်ကိရိယာများ၏ စွမ်းအားဖြင့် နာရီပိုင်းအတွင်းမြေပေါ်သို့ ဗုန်းဗုန်းလဲကြရရှာသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ရန်ကုန်မြို့တော်ရှိ စိမ်းစိုသောခြံဝင်းများသည် အထပ်မြင့်ကန်ထရိုက်တိုက်များအဖြစ်လည်းကောင်း၊ ဈေးဝယ်စင်တာများ၊ အဆောက်အအုံကြီးများအဖြစ် လည်းကောင်း တစ်မုဟုတ်ခြင်း ပြောင်းလဲသွားကြသည်။ ထိုသို့ပြောင်းလဲသွားသည့်အတွက် ရာသီဥတုကြောင့်ဖြစ်သော နေပူမိုးရွာဒဏ်များကို အတားအဆီးမရှိ အလူးအလဲခံကြရသည်။ ထို့ကြောင့်ပင် မြို့တော်ရန်ကုန်ရှိ စိမ်းစိုသောသစ်ပင်ကြီးများ ထပ်မံမပြိုလဲစေရေးအတွက် မြို့တော်နေ ပြည်သူအပေါင်းတို့က ဝိုင်းဝန်းထိန်းသိမ်းနိုင်ပါစေကြောင်း . . .။ ။

ကန်ပတ်လည်၌ သစ်တောအုပ်များဖြင့် ဝန်းရံနေသော ရန်ကုန်မြို့ အင်းလျားကန်ကို တွေ့ရစဉ်





တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်



# အင်ဂျင်ပါဝါနိမ့် မော်တော်ကားများ အရောင်းဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

**မင်းသော်**

၂၀၁၈ခုနှစ် နှစ်သစ်ကူးဇန်နဝါရီ တစ်လလုံးနီးပါး အရောင်းအဝယ်အေးစက်နေခဲ့သည့် ရန်ကုန်ကားဈေးကွက်သည် တင်းမာမနေနိုင်တော့ဘဲ ယခုလကုန်ပိုင်းကာလများအတွင်း အရောင်းအဝယ်ပိုမိုများပြားလာခဲ့ကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။

အရောင်းအဝယ်မှာ ဈေးမာဖြင့်တန့်နေခဲ့ပြီး မေးသူဝယ်သူများမှာမဖြစ်မနေ လိုအပ်လာသည့်အခြေအနေများကြောင့် အင်ဂျင်ပါဝါနိမ့်မော်တော်ကားများ အရောင်းအဝယ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ “ဆက်ပြီးတင်းမခံနိုင်တဲ့ကားတွေက မဖြစ်မနေရောင်းချင်လာတော့ ဈေးလျှော့ရတော့တာပေါ့၊ ဝယ်လက်ကတော့ အမြဲစောင့်ကြည့်နေတာ၊ ပုံမှန်ထက် ဈေးနည်းနည်းလျှော့တယ်ဆိုရင်တော့ အရောင်းအဝယ်က ဖြစ်သွားတယ်” ဟု မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

ထို့ပြင် လက်ရှိတွင် မူဝါဒအသစ်ဖြင့် မော်တော်ယာဉ်တင်သွင်းရန်အတွက်လည်း အခက်အခဲများရှိနေကြောင်းသိရသည်။ဘယ်မောင်းကားများ တင်သွင်းပါက အသစ်များဖြစ်နေပြီး ကုန်ကျစရိတ်မှာလည်း များစွာမြင့်မားနေကြောင်း၊ အများအားဖြင့် ဥရောပနိုင်ငံများမှ မော်တော်ကားများကို မှာယူတင်သွင်းရမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင်းမှ ညာမောင်း ကားများထက်များစွာ မြင့်တက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိဈေးကွက်အတွင်းတွင် အင်ဂျင်ပါဝါနိမ့် ၆၆၀စီစီ ၊ ၁၃၀၀ စီစီကားများ အရောင်းသွက်နေပြီး ၁၈၀၀ စီစီနှင့် ၂၅၀၀ စီစီအောက် မော်တော်ကားများလည်း အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

စလစ်ဈေးကွက်မှာမူ ဈေးငြိမ်နေပြီး သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ်၏ ဈေးနှုန်းမှာ ငွေကျပ်သိန်း ၁၂၀ ဝန်းကျင်ရှိပြီး တက္ကစီစလစ်မှာ ငွေကျပ် သိန်း ၁၀၀၊ တိုက်ကြေ စလစ်မှာ ငွေကျပ် သိန်း ၁၁၀ ဝန်းကျင်ပေါက်ဈေးရှိသော်လည်း အရောင်းအဝယ်ဖြစ်သလောက် နည်းပါကြောင်း သိရသည်။ ယခုဇန်နဝါရီလအတွင်း ယာဉ်ဟောင်းများအား ပြန်လည်အပ်နှံပြီး စလစ်ကပ်ကာ ရန်ကုန်လိုင်စင်လျှောက်ထားသည့် ကားသစ် ၂၇ စီးသာရှိသေးသည်ကို ရန်ကုန်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။ ။

**စလစ်ဈေးကွက်မှာမူ ဈေးငြိမ်နေပြီး သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ်၏ ဈေးနှုန်းမှာ ငွေကျပ် သိန်း ၁၂၀ ဝန်းကျင်ရှိပြီး တက္ကစီစလစ်မှာ ငွေကျပ် သိန်း ၁၀၀၊ တိုက်ကြေ စလစ်မှာ ငွေကျပ် သိန်း ၁၁၀ ဝန်းကျင် ပေါက်ဈေးရှိ**

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CRV | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၅ |
| Belta | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၇ |
| Succeed | 2009 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၈၈ |
| Fit GP 1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၁၀ |
| Lexus L 3600 hl | 2007 | ရန်ကုန် | 5500cc | အပြင်ဈေး | ၈၅၀ |
| Cima | 2001 | ရန်ကုန် | 4500cc | အပြင်ဈေး | ၂၀၀ |
| Hilux | 2013 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၃၀ |
| BMW 318i | 2003 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၂၀ |
| Vanguard | 2012 | ရန်ကုန် | 2400cc | အပြင်ဈေး | ၅၉၅ |
| Grand Starex | 2009 | နယ် | 2500cc | အပြင်ဈေး | ၂၀၅ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။



**အချပ်ပို (ခ) မှ**

လှည်းကူးအမြန်လမ်း အရှေ့ဘက်ခြမ်းရဲ့စီမံကိန်းဧရိယာပေါ်မှာတော့ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ကွန်ဒိုအထပ်မြင့်တိုက်ခန်းတွေ၊ ဂေါက်ကွင်း၊ အပန်းဖြေနေရာ၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အရောင်းစင်တာကြီးတွေနဲ့ ရုပ်ရှင်ရုံစတာတွေပါဝင်မှာဖြစ်ပါတယ်။ အမြန်လမ်းဘေးဝဲယာ နီးကပ်တဲ့နေရာတွေမှာ ကားမောင်းသံတွေရဲ့ဆူညံမှုက ကင်းဝေးအောင် လူနေအိမ်တွေကို ကားလမ်းနဲ့ အနည်းဆုံး ပေ ၁၀၀၀ ခန့်ခြားထားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါမှသာ နေ့စဉ်နဲ့အမျှ နေ့ရောညပါ အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်သွားလာနေကြတဲ့ ကားမောင်းသံတွေနဲ့ ကင်းဝေးသက်သာစေမှာ ဖြစ်ပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနိုင်**

အခုတည်ဆောက်မယ့် Eco Green City စီမံကိန်းကြီးပြီးစီးသွားမယ်ဆိုရင် လူဦးရေငါးသောင်းခန့်အထိ နေထိုင်နိုင်မှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒီမြို့သစ်စီမံကိန်း အကောင်အထည်ဖော်နေစဉ်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနိုင်မှာ ဖြစ်သလို ပြီးစီးသွားရင်လည်း ဈေးကွက်သစ်တစ်ခုအဖြစ်လည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ လူနေထိုင်မှုတွေဟာ ရန်ကုန်မြို့နဲ့ဆက်စပ်ပြီး တည်ရှိနေတာမို့ အချိန်တိုအတွင်းမှာ လူနေစည်ကားလာမယ့် မြို့သစ်တစ်မြို့ ထွက်ပေါ်လာမှာဖြစ်သလို ရန်ကုန်မြို့ပြရဲ့ မွန်းကျပ်မှုကို အထိုက်အလျောက်ဖြေလျော့ပေးနိုင်မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ လာမယ့် ၂၀၃၀ ပြည့်နှစ်လောက်မှာ လူဦးရေ ၁၀ သန်းခန့်အထိ ရှိလာနိုင်မှာဖြစ်တယ်လို့ ခန့်မှန်းထားတာမို့ အခုလို မြို့သစ်စီမံကိန်းတွေဖော်ဆောင်နိုင်ရေး ကြိုးစားခြင်းလည်း ဖြစ်ပါတယ်။ ခေတ်စနစ်နဲ့အညီ တည်ဆောက်မယ့် ဒီမြို့သစ်စီမံကိန်းဟာ ဘက်ပေါင်းစုံက လေ့လာသုံးသပ်ပြီး ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင်နဲ့ သဘာဝဘေးအန္တရာယ်တွေရဲ့ဒဏ်က ထိခိုက်ကြုံတွေ့ရမှုနည်းပါးအောင် စနစ်တကျလေ့လာအကောင်အထည်ဖော်မှာဖြစ်တဲ့အတွက် စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်**

ဒါကြောင့် ဒီမြို့သစ်စီမံကိန်းဟာ ပြည်ထောင်စုအဆင့်စီမံကိန်းလည်းဖြစ်တာမို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်တာကြောင့် လက်ရှိစီးပွားရေးမြို့တော် ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးမှုအလှကို ပိုမိုတင့်တယ်တောက်ပစေမယ့် မြို့သစ်ဖြစ်လာပါလိမ့်မယ်။ ။